ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**အနည်းငယ်မျှသာ နိဗ္ဗာန်ရောက်နိုင်**

ဤလူအပေါင်းတို့သည် (ပညာမျက်စိမရှိသဖြင့်) အကန်း အတိသာဖြစ်၏။ ဤလောက၌ အနည်းငယ်မျှသော သူသည်သာ (အနိစ္စ စသည့်သဘောအားဖြင့်) ရှုမြင်နိုင်၏။ ပိုက်ကွန်မှ လွတ်သောငှက်သည် နည်းပါးသကဲ့သို့ လူအနည်းငယ်မျှသာ နတ်ရွာနိဗ္ဗာန်သို့ ရောက်နိုင်၏။

လောကဝဂ်(ဓမ္မပဒ-၁၇၄)

၁၃၇၈ ခုနှစ် သီတင်းကျွတ်လဆန်း ၂ရက်၊ တနင်္လာနေ့။ Monday , 3 October 2016 (၈၇၀၃)

# (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံ အောင်မြင်စွာကျင်းပပြီးစီး

# အာဆီယံအသိုက်အဝန်းအတွက် အထူးအရေးပါသောကိစ္စရပ်များနှင့် ဆုံးဖြတ်ချက် ၃၀ ခန့် ချမှတ်နိုင်ခဲ့




(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံပိတ်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂**

(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံ၏ ပိတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်အေစီအီး၌ကျင်းပရာ (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အာဆီယံပါလီမန်များအထွေထွေညီလာခံဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အာဆီယံအသိုက်အဝန်းအတွက် အထူးအရေးပါသောကိစ္စရပ်များနှင့် မိမိတို့၏ အကျိုးစီးပွားများနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်(၃၀)ခန့် ချမှတ်နိုင်ခဲ့ပါကြောင်း၊ အာဆီယံဒေသတွင် ဆိုက်ဘာလုံခြုံရေး၊ ဇီကာဗိုင်းရပ်စ်ရောဂါပိုးအန္တရာယ်ကြိုတင်ကာကွယ်ကုသရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ကောင်းမွန်သည့် လုပ်ငန်းခွင်အခြေအနေများဖန်တီးပေးခြင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ခိုင်မာလာစေရေးနှင့် လူမှုရေးကာကွယ်စောင့်ရှောက်မှုမြင့်မားလာစေရေးအတွက် အာဆီယံလူမှုကာကွယ်ရေးကြေညာစာတမ်းပါ လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းစသည့် အကြောင်းအရာများကိုလည်း ဆွေးနွေးခဲ့ပါကြောင်း။

အမျိုးသမီးပါလီမန်အမတ်များအဖွဲ့၏ လုပ်ထုံးလုပ်နည်းစည်းမျဉ်းများ ပြင်ဆင်ချက်အပေါ် ဆုံးဖြတ်ချက်မူကြမ်းကို စဉ်းစားဆွေးနွေးပြီး တညီတညွတ်တည်း ချမှတ်နိုင်ခဲ့ပါကြောင်း၊ ထိုလုပ်ထုံးလုပ်နည်းများစည်းမျဉ်းများသည် လွန်ခဲ့သည့် ၁၈ နှစ်က ချမှတ်ခဲ့ခြင်းဖြစ်ပြီး အမျိုးသမီးကိုယ်စားလှယ်များ၊ ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို စွမ်းရည်မြင့်ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ရေးဆွဲရန်လည်း လိုအပ်လျက်ရှိပါကြောင်း။

ညီလာခံတွင် ပူးတွဲကြေညာချက်ကော်မတီ၊ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များကော်မတီ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကော်မတီတို့၏ ဥက္ကဋ္ဌများအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများကိုလည်း မှတ်တမ်းတင်ပါကြောင်း၊ လာအိုနိုင်ငံ လွမ်ပရာဘွမ်ပြည်နယ်တွင် ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံ အဖွဲ့အစည်းအဝေးအစီရင်ခံစာကို ဤအထွေထွေညီလာခံက မှတ်တမ်းတင်ပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် (၉)ကြိမ်မြောက် အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံလွှတ်တော်က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ကို ကြိုဆိုပါကြောင်း။

တိုးတက်သော အာဆီယံအသိုက်အဝန်းဖြစ်ရန် အာဆီယံပါလီမန်များအထွေထွေညီလာခံ၏ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှုကို ပိုမိုအလေးထားဆောင်ရွက်သင့်ပါကြောင်း၊ အာဆီယံမျှော်မှန်းချက် ၂၀၂၅ သို့ ဦးတည်ချီတက်ရာတွင် ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုအသစ်များကို ကျော်လွှားနိုင်ရန်အတွက် အာဆီယံပါလီမန်များအထွေထွေညီလာခံအနေဖြင့် အာဆီယံအဖွဲ့ကြီးနှင့် နီးကပ်စွာ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**



တစ်ရက်လျှင် ဘိလပ်မြေ တန်ချိန် (၇ သိန်း) ထုတ်လုပ်သော ကမ္ဘာ့ထုတ်လုပ်မှု ပထမ ဖြစ်သည့် CONCH ကုမ္ပဏီ မှ မြန်မာပြည် တွင်ဂုဏ်ယူစွာထုတ်လုပ်ပါသည်။

ကြေးမုံ

# စစ်ပွဲပဋိပက္ခများနှင့် လူမှုရေးတရားမျှတမှု

ညောင်ဦးမှ ကမ်းပါးပြို စမွာနဂိုရ်က နွားမပေါင်ကျိုးဟူသော မြန်မာစကားပုံရှိပါသည်။ အဆက်အစပ်မရှိနိုင်သော ကိစ္စရပ်တို့ကို ဆက်စပ်တင်ပြသည်၊ အကြောင်းယုတ္တိကင်းမဲ့သည်ဟူသော အဓိပ္ပာယ်ကို ညွှန်းဆိုသော စကားပုံဖြစ်ပါသည်။ ဂလိုဘယ်လိုက်ဇေးရှင်း(Globalization)နှင့်အတူ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုတို့ကြောင့် ပုံမှန်အားဖြင့် ဆက်စပ်မှုရှိသည်ဟု မယူဆနိုင်သော ကိစ္စရပ်တို့ဆက်စပ်နေသည်ဟု ယူဆတင်ပြလာမှုများကို တွေ့လာရပါသည်။

ထူးဆန်းသည်ဟု ယူဆရသော ဤသို့သော အယူအဆကို ၂၀၁၂ ခုနှစ်မှ စ၍တွေ့ရသော်လည်း ယခုနှစ်မတ်လ၌ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ စာတမ်းတင်သွင်းသည့်အချိန်မှစ၍ ပိုမိုကျယ်ကျယ်ပြန့်ပြန့် သိရှိဆွေးနွေးလာကြပါသည်။ စာတမ်း၏ သဘောမှာ ဆီးရီးယားနိုင်ငံ လက်ရှိပြည်တွင်းစစ်၌ လူသားတို့ကြောင့် ဖြစ်ပေါ်လာသော ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုသည် အကြောင်းအရင်းတစ်ရပ်အနေဖြင့် ဆက်စပ်ပတ်သက်နေသည်ဟူသော သဘောထားအမြင်ကို တင်ပြထားခြင်းဖြစ်ပါသည်။ ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ဆီးရီးယားနိုင်ငံ၏ စပါးကျီဟုပြောရမည်ဖြစ်သော ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ ဒေသတွင်းအဆိုးရွားဆုံး မိုးခေါင်မှုဖြစ်ပွားခဲ့ပါသည်။ ဤမိုးခေါင်မှုကြောင့် များစွာသော လယ်သမားများနှင့် မိသားစုများသည် ပြည်တွင်းစစ်မဖြစ်မီကာလက ဆီးရီးယားသမ္မတအာဆတ်အား လက်ရှိပုန်ကန်လျက်ရှိသော ဒေသများသို့ ရွှေ့ပြောင်းခဲ့ကြသည်ဟု ဆိုပါသည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ လေ့လာသုတေသနပြုလုပ်ချက်အရ လက်ရှိဆီးရီးယားပြည်တွင်းစစ်၏ ဗဟိုစစ်မြေပြင်တစ်ရပ်ဖြစ်သော အလက်ပို(Aleppo)သို့ အဆိုပါမိုးခေါင်မှုကာလအတွင်း ဆီးရီးယားလယ်သမား ၃၀၀၀၀၀ ခန့်ရွှေ့ပြောင်းနေထိုင်ခဲ့သည်ဟု ဆိုပါသည်။ သို့သော် မြို့ရွာများသို့ ရွှေ့ပြောင်းလာကြသော အဆိုပါလယ်သမားတို့နှင့် လက်ရှိပြည်တွင်းစစ် မည်သို့ဆက်စပ်နေသည်ကို အထက်ပါစာတမ်း၌ ခိုင်ခိုင်မာမာတင်ပြနိုင်ခဲ့ခြင်းမရှိသည်ကို တွေ့ရပါသည်။

သို့သော် ဤကဲ့သို့သော အယူအဆကို ၂၀၀၇ ခုနှစ် ဆူဒန်ပဋိပက္ခ၌လည်း တွေ့ရှိရပါသည်။ ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် (UN Environment Programme)က ထိုစဉ်က ကျယ်ကျယ်ပြန့်ပြန့် လက်ခံနေသော အယူအဆကို အတည်ပြုထောက်ခံခဲ့ပါသည်။ အဆိုပါ အယူအဆမှာ ဆူဒန်ပဋိပက္ခ၏ အခြေခံအကြောင်းရင်းသည် မိုးခေါင်မှုနှင့် သဲကန္တာရကျယ်ပြန့်လာသောကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်ဟူသော အယူအဆဖြစ်ပါသည်။ တင်ပြလိုသည်မှာ နိုင်ငံတို့၏ ပြည်တွင်းစစ်နှင့် ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုတို့ ဆက်စပ်နေသည်ဟုတစ်ထစ်ချ သတ်မှတ်နိုင်သောအကြောင်းပြချက်တို့ကို မတွေ့ရှိရသော်လည်း ဤအယူအဆ၏ နောက်ကွယ်၌ မငြင်းပယ်နိုင်သော အကြောင်းတရားတို့ ရှိနေသည်ကို တွေ့ရှိရပါသည်။ ရေနှင့်မြေ အပါအဝင် သဘာဝသယံဇာတများကို မျှမျှတတ ခွဲဝေသုံးစွဲနိုင်ခြင်း မရှိပါက လူမှုရေးတင်းမာမှုတို့ကို ဖြစ်ပေါ်စေ၍ ပဋိပက္ခအဆင့်သို့ ရောက်ရှိ ပွင့်အန်ပေါက်ကွဲနိုင်သော အခြေအနေဆီသို့ဦးတည်စေသည်ကို ကမ္ဘာတစ်လွှား၌ တွေ့ရှိနေရပါသည်။ သို့ဖြစ်ပါ၍ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်နိုင်ရန် ကြိုးပမ်းနေသော ပစ္စုပ္ပန်ကာလ၌ သဘာဝသယံဇာတ မျှမျှတတခွဲဝေမှုကို ထိခိုက်စေမည့် အကြောင်းတရားအားလုံးအပေါ် အာရုံစိုက်လေ့လာသုံးသပ်ရန် လေးစားစွာ အကြံပြုတင်ပြအပ်ပါသည်။ ။

## ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးလုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၂**

အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ ရာသီဥတုပြောင်းလဲ မှုလျှော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေး လုပ်ငန်းကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲက နေပြည်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီ တက်ရောက် အမှာစကားပြောကြားသည်။



ယင်းနောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး မြန်မာရာသီဥတုပြောင်းလဲမှု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်မှ အကြံပေးအရာရှိချုပ် Mr. Pasquale Capizzi က အမျိုးသားရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ် ရေးဆွဲဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဟာရင်နိုင်တီယမ်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များက ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြပြီး လုပ်ငန်းကော်မတီမှ ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်(၂၂)ရပ်ကို ချမှတ်ကာ လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မိတ္ထီလာ နန်းတော်ကုန်းရပ်ကွက် အိမ်ခြေ ၃၀၀ ခန့် မိုးရေဝင်ရောက်

**မိတ္ထီလာ အောက်တိုဘာ ၂**

မိတ္ထီလာတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အိမ်ခြေ ၃၀၀ ခန့် မိုးရေလျှံတက်ဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိပြီး ယင်းရေလျှံတက်ဝင်ရောက်သည့် အိမ်ခြေ ၃၀၀ ခန့်အနက် အိမ်ခြေ ၁၄ အိမ်ခန့်သာ လုံးဝနေထိုင်၍ မရသည့်အနေအထားတွင်သာရှိပြီး ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားခြင်းမျိုး မရှိကြောင်း နန်းတော်ကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

“မိုးအဆက်မပြတ်ရွာသွန်းတော့ မိုးရေလျှံတက်ပြီးဝင်ရောက်တာ နန်းတော်ကုန်းရပ်ကွက်ထဲမှာ အိမ်ခြေ ၃၀၀ ခန့်ရှိပါတယ်။ မိုးရေလျှံတက်ဝင်ရောက်တာမျိုးပဲဖြစ်တာပါ။ လုံးဝနေထိုင်လို့မရတော့တာမျိုးတော့ မဟုတ်ပါဘူး။ မိုးရေလျှံတက်ဝင်ရောက်တဲ့ အိမ်ခြေ ၃၀၀ အနက်က လုံးဝနေထိုင်လို့ မရတဲ့အိမ်ခြေ ၁၄ အိမ်ခန့်ပဲရှိတာပါ။ ဒါကြောင့် ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားခြင်းမျိုးတော့မရှိပါဘူး”ဟု နန်းတော်ကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းက ပြောသည်။

နန်းတော်ကုန်းရပ်ကွက်အတွင်း မိုးရေလျှံတက်ဝင်ရောက်သည့် လူနေအိမ်များအတွင်း မိုးရေများ လျော့နည်းသွားစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေစုပ်စက်ကြီး သုံးလုံးဖြင့် ရေဆိုးကန်အတွင်းသို့ စုပ်ထုတ်နေပြီး ခန့်မှန်းခုနစ်ရက်ခန့် ကြာမြင့်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

“နန်းတော်ကုန်းရပ်ကွက် ချမ်းအေးသာယာနယ်မြေဘက်က နယ်မြေ(၃)ဘက်ကို စီးဆင်းလာတဲ့ မိုးရေတွေကိုနယ်မြေ(၇)အနီးအနားမှ စက်နဲ့ မြေဖို့ပြီး ပိတ်ထားပါတယ်။ ပြီးတော့ လက်ရှိလူနေအိမ်ခြေတွေ ဝင်ရောက်နေတဲ့မိုးရေတွေ လျော့နည်းသွားစေဖို့ ရေစုပ်စက်ကြီးသုံးလုံးနဲ့ ရေဆိုးကန်အတွင်းကို စုပ်ထုတ်နေပါတယ်”ဟု ၎င်းက ပြောသည်။

နန်းတော်ကုန်းရပ်ကွက်အတွင်းရှိ အိမ်ခြေ ၃၀၀ ခန့်အပြင် ပေါက်ချောင်းရပ်ကွက်အတွင်း အိမ်ခြေ ၁၄ အိမ်ခန့်လည်း မိုးရေများဝင်ရောက်နေပြီး ပေါက်ချောင်းဈေးနှင့် မူလတန်းကြိုကျောင်းကြား လမ်းမပေါ်တွင်လည်း မိုးရေများလျှံတက်နေသည်မှာ သုံးရက်ခန့်ကြာမြင့်နေပြီဖြစ်သည်။ မိတ္ထီလာကန်တွင်လည်း ကန်ရေပြည့်သည့်အနေအထားတွင်ရှိကာ ကန်လယ်မိုးကောင်းအန္တကူရေလယ်ဘုရားသို့ သွားရောက်ရာ တံတားကိုလည်း ယာယီပိတ်ထားသည်။ မိတ္ထီလာကန် ရေကျော် ၇ ပေါက်ရေတံခါးမှလည်း ကန်ရေကို အနည်းငယ်စီ လျှော့ချလွှတ်ပေးထားပြီး မိတ္ထီလာကန်အောက်ရှိ ကျေးရွာများတွင် ချောင်းရေမြောင်းရေ လျှံတက်ခြင်း၊ သီးနှံစိုက်ခင်းများအတွင်း ရေများဝင်ရောက်ခြင်းမရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**




## ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်ဆင့်ပွားသင်တန်းဆင်း

**ကျောက်တန်း အောက်တိုဘာ ၂**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့မရဲစခန်းတွင် စက်တင်ဘာ ၁၉ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ခဲ့သည့် ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်ဆင့်ပွားသင်တန်းအမှတ်စဉ် (၂၃/၂၀၁၆) ကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်လွင်က အမှာစကားပြောကြားခဲ့သည်။ သင်တန်းဆင်းပွဲသို့ ကျောက်တန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းစိုး၊ သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဦး၊ သုံးခွမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သင်းဦး၊ ခရမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး (ယာယီ) ရဲမှူးစိုးအောင်၊ ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး၊ တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးလွင်၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်သက်မူ၊ ကျောက်တန်းမြို့ အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်ဆွေ (ရွှေတံတား)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ

**✻ (၃၇)ကြိမ်မြောက်မှ**

လုပ်ကိုင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာ ပါလီမန်များသမဂ္ဂနှင့် အခြားသောဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့ အစည်းများ၏ နီးကပ်စွာပူးပေါင်းဆောင်ရွက်ခြင်းသည် အာဆီယံပါလီမန်များအထွေထွေညီလာခံ၏ ရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေးအတွက် များစွာအရေးကြီးပါကြောင်း။

မိမိအနေဖြင့် အာဆီယံနိုင်ငံများထဲတွင် ဒီမိုကရေစီ သက်တမ်းအရှည်ကြာဆုံးဖြစ်သည့် ဖိလစ်ပိုင်လွှတ်တော်သို့ အာဆီယံပါလီမန်များဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်ခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အာဆီယံပါလီမန်များဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ဖိလစ်ပိုင်အောက်လွှတ်တော်ဥက္ကဋ္ဌ၏ ဦးဆောင်မှုအောက်၌ အာဆီယံပါလီမန်များအထွေထွေညီလာခံသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မြှင့်တင်နိုင်ပြီး အောင်မြင်မှုများ ဆက်လက်ရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံပါလီမန်များအထွေထွေညီလာခံဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက (၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ဖိလစ်ပိုင်နိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာအဲရစ်ဆင်းဆန်းထံ အာဆီယံပါလီမန်များအထွေထွေညီလာခံဥက္ကဋ္ဌရာထူး၊ အဆောင်အယောင်ဖြစ်သည့်တူနှင့် AIPA အလံတို့ကို လွှဲပြောင်းပေးအပ်သည်။(**ယာပုံ**)

ယင်းနောက် ဖိလစ်ပိုင်နိုင်ငံအောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာအဲရစ်ဆင်းဆန်းက အမှာစကား ပြောကြားသည်။

(၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံကို ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါအစည်းအဝေးတွင် ဂျော်ဂျီယာနှင့် ယူကရိန်းနိုင်ငံ လွှတ်တော်များ၏ လေ့လာသူအနေဖြင့် တက်ရောက်ရန် အဆိုပြုချက်ကို ဆွေးနွေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ၏ ဒုတိယအကြိမ်မြောက် မျက်နှာစုံညီ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပရာ နိုင်ငံရေးရာကော်မတီ၊ စီးပွားရေးရာကော်မတီ၊ လူမှုရေးရာကော်မတီ၊ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေး (WAIPA)၊ အာဆီယံပါလီမန်များ အထွေထွေညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီနှင့် ဆက်စပ်အစည်းအဝေးများ၏ ဆုံးဖြတ်ချက်များကို ကော်မတီအဖွဲ့ခေါင်းဆောင်များက ဖတ်ကြားအတည်ပြုဆောင်ရွက်ကြသည်။ **(သတင်းစဉ်)**




## (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံဆိုင်ရာ သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်အေစီအီး အင်းဝဆောင်၌ ကျင်းပရာ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း ဦးဆောင်သည့် ကော်မတီအဖွဲ့ခေါင်းဆောင်များ၊ AIPA အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ အီဆာရာ ဆွန်သွန်ဗက်တို့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

**တောင်တရုတ် ပင်လယ်အရေးနှင့် စပ်လျဉ်း၍** မေးခွန်းကိုဖြေကြားရာတွင် တောင်တရုတ်ပင်လယ်ကိစ္စရပ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ခြင်းမရှိပါကြောင်း၊ မြန်မာနိုင်ငံမှ တင်သွင်းသည့်အဆိုတွင် ပြည်တွင်းပြည်ပ စိန်ခေါ်မှုများ၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့ကို ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ညီညွတ်စွာဖြေရှင်းမည်ဟု ဆွေးနွေးခဲ့ပါကြောင်း၊ ဆွေးနွေးမှုတွင် အာဆီယံ၏ ပင်လယ်ရေကြောင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုကို နမူနာအနေဖြင့် ထည့်သွင်းဆွေးနွေးခဲ့သော်လည်း ထည့်သွင်းဆုံးဖြတ်ရန် မလိုအပ်ဟု တက်ရောက်လာကြသူများက ယူဆသည့်အတွက် ဆုံးဖြတ်ချက်တွင် ပါဝင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။



**ပြည်ပရောက် ရွှေ့ပြောင်းအလုပ်သမားများအရေး မေးမြန်းမှုနှင့် စပ်လျဉ်း၍** မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှရှိ ရွှေ့ပြောင်းအလုပ်သမားများ၏အရေးကို ဆွေးနွေးခဲ့ပြီး သဘောတူညီမှုများလည်းရရှိခဲ့ပါကြောင်း၊ အဆိုပါ သဘောတူညီမှုတွင် ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ အရေးကို အားလုံးကကာကွယ်ပေးရန် တာဝန်ရှိပါကြောင်း၊ ထို့ပြင် လက်ခံထားသည့်နိုင်ငံ၊ ပို့ဆောင်ပေးသည့် မူရင်းနိုင်ငံများအနေဖြင့် ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးများအတွက် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လုပ်ခလစာနှင့် ပတ်သက်၍ တူညီသောအလုပ်အကိုင်များအတွက် မည်သူမဆို တူညီသော လုပ်ခလစာရရှိရေးကို ရှေးရှုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် ပြဋ္ဌာန်းထားသည့် သဘောတူညီချက်များကိုလည်း အဖွဲ့ဝင်နိုင်ငံများတွင် ဥပဒေပြဋ္ဌာန်းသွားရန် သဘောတူညီမှုရရှိခဲ့ပါကြောင်းဖြေကြားသည်။

**လွှတ်တော်၏ ဥပဒေပြုလုပ်ငန်းများနှင့်စပ်လျဉ်း၍** မေးခွန်းကို ညီလာခံ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာ အီဆာရာဆွန်သွန်ဗက်က ဖြေကြားရာတွင် မြန်မာလွှတ်တော်၏ ဥပဒေပြုလုပ်ငန်းစဉ်များအပေါ်တွင် ယုံကြည်မှုအပြည့်အဝရှိပါကြောင်း၊ မူဝါဒများ ချမှတ်ဆောင်ရွက်နေမှုနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကြိုးပမ်းအားထုတ်မှုများကို အားရကျေနပ်မိပါကြောင်း ဖြေကြားသည်။ **(အောင်ရဲသွင်)**



## (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံ တက်ရောက်လာသည့် ပါလီမန်ခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များ နေပြည်တော်တစ်ဝိုက် ဆက်လက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၂**

(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံတက်ရောက်လာသည့် IPU အထွေထွေအတွင်းရေးမှူးချုပ် အပါအဝင် အာဆီယံပါလီမန်များမှ ဒုတိယဥက္ကဋ္ဌ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် အမျိုးသားပြတိုက်ရှိ သမိုင်းမတင်မီခေတ်မှစ၍ပျူခေတ်၊ ပုဂံခေတ်၊ ကျောက်ခေတ်၊ သံခေတ်၊ ကြေးခေတ်ပြခန်းများကို ကြည့်ရှုကြပြီး ဥပ္ပါတသန္တိစေတီတော်ကို ဖူးမြော်ကြသည်။

ထို့နောက် ပါလီမန်လေ့လာရေးအဖွဲ့သည် နေပြည်တော် ဖိုးစောင်းတောင်ပေါ်ရှိ Mount Pleasant တောင်ထိပ်မှ နေပြည်တော်ရှုခင်းများကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

**❖ ကျောဖုံးမှ**

ဘောလုံးအကယ်ဒမီများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် လိုအပ်သလို လူငယ်ကစားသမားများအကျိုးရှိအောင်သင်ကြားပေးနိုင်ရန် အရေးပါနေသည်။ ဘောလုံးအခြေခံနည်းစနစ်ပိုင်း ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပေးနိုင်မည့် နည်းပြဆရာများ ခန့်အပ်နိုင်ရန် အရေးကြီးသလို အာဟာရဖြစ်စေမည့် အစားအသောက်များ ကျွေးမွေးနိုင်ရန်လည်း အရေးပါလှသည်။ လက်ရှိတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်နေသော်လည်း ထင်သလောက်ထိရောက်မှုမရှိသေးဘဲ လူငယ်ကစားသမားကောင်းများ ထွက်ပေါ်နိုင်မှုနည်းပါးလျက်ရှိသည်။

ကလပ်အသင်းများအနေဖြင့်လည်း ဘောလုံးအကယ်ဒမီများတည်ထောင်ရန် ကြိုးပမ်းလျက်ရှိပြီး ဧရာဝတီအသင်းမှာမူ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ပုသိမ်မြို့တွင် ဖွင့်လှစ်ထားသည့် ဘောလုံးအကယ်ဒမီကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ MNL ထိပ်သီးကလပ် ရန်ကုန်အသင်းသည် လူငယ်ဘောလုံးသင်တန်းများ ဖွင့်လှစ်လျက်ရှိပြီး လူငယ်ရွက်ပုန်းသီး ကစားသမားများ ထွက်ပေါ်လာရန် ဆောင်ရွက်လျက်ရှိသည်။မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ လူငယ်ပြိုင်ပွဲများ တိုးမြှင့်ကျင်းပမည့်အပေါ် ကြိုဆိုရမည်ဖြစ်သော်လည်း ပြိုင်ပွဲကို စနစ်တကျကျင်းပနိုင်ရေး အသက်မှန်ကန်ရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်ရန် လိုအပ်နေသည်။

၂၀၁၇ ရာသီ MNL လူငယ်ပြိုင်ပွဲများ၊ MNL-2 လူငယ်ပြိုင်ပွဲများကို ဇန်နဝါရီလနောက်ဆုံးပတ်သို့မဟုတ် ဖေဖော်ဝါရီလတွင် စတင်ကျင်းပမည်ဖြစ်သည်။ MNL လူငယ်ပြိုင်ပွဲတွင် ရန်ကုန်နှင့် ရတနာပုံအသင်းတို့သာ ကြီးစိုးခဲ့သော်လည်း ၂၀၁၆ ရာသီတွင် ရှမ်းယူနိုက်တက်အသင်းက ပထမဆုံးအကြိမ် ဗိုလ်စွဲခဲ့သည်။ **(ရှိုင်းထက်ဇော်)**

■

**۞ အာရှဘိလိယက်မှ**

ထို့နောက် ပြိုင်ပွဲတွင် အာရှတိုက်နိုင်ငံပေါင်းစုံမှ ဘိလိယက်အားကစားသမား ၂၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံမှ အောင်ဌေးသည် အာရှအဆင့်တွင် ဒုတိယရရှိခဲ့သည်။

ဆက်လက်၍ အောင်ဌေးသည် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘိလိယက်အားကစားပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်၌ နှစ်ရှည်စခန်းသွင်းလေ့ကျင့်လျက်ရှိပြီး ရွှေတံဆိပ်ရရှိရန် မျှော်မှန်းထားသူဖြစ်သည်။ (၂၇)ကြိမ်မြောက်နှင့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်လည်း ဘိလိယက်အားကစားနည်းနှင့် နိုင်ငံတော်အတွက် ရွှေတံဆိပ်ရယူပေးထားသူဖြစ်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

**❒ မြန်မာမြားပစ်မှ**

အဆိုပါပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဆော်ဒီအာရေးဗီးယားနှင့် မလေးရှားနိုင်ငံတို့မှ မြားပစ်ကလပ်အသင်းပေါင်း ၅၂ သင်းတို့မှ Compound အမျိုးသမီး ၄၅ ဦး၊ အမျိုးသား ၉၁ ဦး၊ Recurve အမျိုးသမီး ၇၀၊ အမျိုးသား ၁၀၂ ဦး စုစုပေါင်း မြားပစ်ကစားသမား ၃၀၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သောကြောင့် အရှေ့တောင်အာရှအတွင်း ပြိုင်ပွဲဝင်ဦးရေ အများဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သောပြိုင်ပွဲဖြစ်ကာ ပြိုင်ပွဲများ အပြီးတွင် မြန်မာအသင်းမှ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ဆုဖလားနှင့် (RM 500)ရရှိခဲ့ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

# ဂျပန်-ရုရှားထိပ်သီးအစည်းအဝေးတွင် ကျွန်းများပိုင်ဆိုင်မှုအရေး ရလဒ်ကောင်းများထွက်ပေါ်စေရန် ဝန်ကြီးချုပ်အာဘေး မျှော်မှန်း

**ကျိုတို အောက်တိုဘာ ၂**
ဂျပန်-ရုရှားနှစ်နိုင်ငံထိပ်သီးအစည်းအဝေးတွင် ရုရှားသိမ်းပိုက်ထားသော ကျွန်းများနှင့်ပတ်သက်ပြီး အပြုသဘောဆောင်သည့်ရလဒ်များ ထွက်ပေါ်လာနိုင်ရန် မျှော်လင့်ပါကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ၎င်း၏ဆန္ဒကို ထုတ်ဖော်ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အောက်တိုဘာ ၂ ရက်တွင် ကျိုတိုမြို့၌ကျင်းပသည့် သိပ္ပံနှင့်နည်းပညာနိုင်ငံတကာအစည်းအဝေးကို တက်ရောက်ပြီးနောက် ရုရှားဒုတိယဝန်ကြီးချုပ် အာကာဒီ ဒီဗိုကိုဗစ်ရှ်နှင့် တွေ့ဆုံခဲ့စဉ် အထက်ပါကိစ္စကို ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံအနေဖြင့် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတင်သွင်းခဲ့သည့် အချက်ရှစ်ချက်ပါသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို လက်ရှိကျင့်သုံးလျက်ရှိကြောင်းနှင့် ယင်းအစီအစဉ်တွင် ရုရှားနိုင်ငံ၏ အရှေ့ဖျားပိုင်း၌ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုဆိုင်ရာထောက်ပံ့မှုများ ပါဝင်ပါကြောင်း ဝန်ကြီးချုပ်အာဘေးက ရုရှားဒုတိယဝန်ကြီးချုပ်ကို ပြောကြားခဲ့သည်။

အဆိုပါကဏ္ဍများဖွံ့ဖြိုးရေးအတွက် နှစ်နိုင်ငံ အပြန်အလှန် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီး ရလဒ်ကောင်းများထွက်ပေါ်လာစေရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ရန် ဆန္ဒရှိပါကြောင်း ဝန်ကြီးချုပ်အာဘေးက ဆက်လက်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် ဒီဇင်ဘာလတွင်ကျင်းပမည့်




နှစ်နိုင်ငံထိပ်သီးအစည်းအဝေး ကျင်းပရေးအတွက် အားတက်သရောကြိုတင်ပြင်ဆင်လျက်ရှိပါကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုကောင်းမွန်ရန် ဆန္ဒရှိပါကြောင်း ရုရှားဒုတိယဝန်ကြီးချုပ်က ပြန်လည်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ဂျပန်နိုင်ငံက ပိုင်ဆိုင်သည်ဟု အခိုင်အမာဆိုထားသော ကျွန်းလေးကျွန်းကို လတ်တလော အချိန်တွင် ထိန်းချုပ်ထားသည်။ အဆိုပါကျွန်းများသည် ဂျပန်နိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်ဖြစ်သည်ဟု ဂျပန်အစိုးရကဆိုသည်။ ထို့ပြင် ယင်းကျွန်းများကို ရုရှားနိုင်ငံက ဒုတိယကမ္ဘာစစ်ပြီးနောက် အဓမ္မသိမ်းပိုက်ခဲ့ကြောင်း ဂျပန်အစိုးရက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

■

## အိန္ဒိယနိုင်ငံသို့ ငါးရက်ကြာခရီးစဉ် စင်ကာပူဝန်ကြီးချုပ် သွားရောက်မည်

**နယူးဒေလီ အောက်တိုဘာ ၂**
ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် နယ်ပယ်ပေါင်းစုံ၌ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် ရည်ရွယ်၍ စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်းသည် အောက်တိုဘာ ၃ ရက်တွင် အိန္ဒိယနိုင်ငံသို့ ငါးရက်ကြာခရီး သွားရောက်မည်ဟု သတင်းရပ်ကွက်များက ပြောကြားသည်။

ခရီးစဉ်အတွင်း ဝန်ကြီးများပါဝင်သော ကိုယ်စားလှယ်အဖွဲ့ကိုဦးဆောင်မည့်စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်းက အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီနှင့် ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါသတင်းရပ်ကွက်ကဆိုသည်။ စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်းသည် နယူးဒေလီမြို့တော်သို့သွားရောက်စဉ် အိန္ဒိယသမ္မတ ပရာနတ်ဘ်မူခါဂျီ၊ ပြည်ပရေးရာဝန်ကြီး ဆူရှမာဆွာရတ်ဂျ်တို့နှင့် တွေ့ဆုံမည်ဖြစ်ပြီး ခရီးစဉ်မပြီးဆုံးမီ အောက်တိုဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် အိန္ဒိယနိုင်ငံမြောက်ပိုင်း ရာဂျာဆသန်ပြည်နယ်ရှိ အူဒိုင်ပူမြို့သို့လည်း သွားရောက်လည်ပတ်မည်ဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ်မှာ ပြီးခဲ့သောနှစ်က စင်ကာပူနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ပြီး အဆိုပါခရီးစဉ်အတွင်း သဘောတူစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို မဟာဗျူဟာမြောက် မိတ်ဖက်အဆင့်သို့ တိုးမြှင့်ခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ်၏ ယင်းခရီးစဉ်မှာ နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေး တည်ထောင်မှုနှစ် (၅၀)မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပရန် သွားရောက်ခြင်းဖြစ်ပြီး နှစ်နိုင်ငံကြား အချိန်ကြာမြင့်စွာရှိခဲ့ပြီဖြစ်သည့် ကောင်းမွန်သောဆက်ဆံရေးကို မီးမောင်းထိုးပြခြင်းဖြစ်သည်။

**ဆင်ဟွာ။**

## ဂျပန်မီးရထားများနှင့် ရထားလမ်းများတွင် အလိုအလျောက် အရှိန်ထိန်းကိရိယာများတပ်ဆင်

**ကျိုတို အောက်တိုဘာ ၂**
ဂျပန်မီးရထားအင်ဂျင်နီယာများက နိုင်ငံအတွင်း ပြေးဆွဲလျက်ရှိသည့် မီးရထားများနှင့် မီးရထားလမ်းပိုင်းများတွင် အလိုအလျောက်အရှိန်ထိန်းစနစ်တစ်ခု တပ်ဆင်ထားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရထားအရှိန်ကို အလိုအလျောက်ထိန်းချုပ်သည့်စနစ်သည် မီးရထားသံလမ်းများမှတစ်ဆင့် ခုတ်မောင်းပြေးဆွဲလျက်ရှိသည့် ရထား၏အရှိန်ကို တိုင်းတာနိုင်ပြီး အရှိန်လျော့သွားစေရန် အားပျော့သော လျှပ်စစ်စွမ်းအားကို ပေးပို့နိုင်သည်။ မီးရထား၏အရှိန်သည် ကန့်သတ်ချက်ကို ကျော်လွန်မောင်းနှင်ပါက အရှိန်ကို အလိုအလျောက် လျော့ကျသွားစေမည်ဖြစ်သည်။

၂၀၀၅ ခုနှစ်တွင် ဂျပန်နိုင်ငံအနောက်ပိုင်းဒေသ၌ မီးရထားတစ်စင်းအရှိန်လွန်ကာ လမ်းချော်ခဲ့ခြင်းကြောင့် လူပေါင်း ၁၀၇ ဦးသေဆုံးခဲ့သည့် ဖြစ်ရပ်ဆိုးဖြစ်ပွားခဲ့ပြီးနောက် ဂျပန်အစိုးရက ယင်းစနစ်ကို စတင်တီထွင်ရန် မီးရထားအင်ဂျင်နီယာများအား တိုက်တွန်းခဲ့ကြောင်း သိရသည်။

အဆိုပါစနစ်ကို ယခုနှစ်မတ်လမတိုင်မီ လိုအပ်သော ရထားလမ်းပိုင်းများတွင် တပ်ဆင်ထားခဲ့သည်။

မီးရထားကုမ္ပဏီများအား မီးရထားများတည်ဆောက်ရာတွင် အရေးပေါ် အရှိန်ထိန်းစနစ်များ တပ်ဆင်ထားရန် တိုက်တွန်းပြောကြားခဲ့သည်။ အလိုအလျောက် အရှိန်ထိန်းစနစ်ပါရှိသည့် မီးရထားသည် အကြောင်းတစ်ခုခုကြောင့် မီးရထားမောင်းသူက စက်ခေါင်းကို တစ်မိနစ်ကြာမောင်းနှင်မှုမရှိခဲ့လျှင် အလိုအလျောက် ရပ်တန့်သွားမည်ဖြစ်သည်။

မီးရထားများတွင် အလိုအလျောက်အရှိန်ထိန်းစနစ်များတပ်ဆင်မှုကို ဇွန်လက တပ်ဆင်ပြီးကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

■






အမေရိကန်နိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး ကီနီချိယို ဆာဆေး

## အမေရိကန်သမ္မတလောင်းနှစ်ဦးသည် ကုန်သွယ်မှုဆိုင်ရာ ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူကို လက်ကိုင်ထားသူများဖြစ်သည်ဟု ဂျပန်သံအမတ်ကြီးဆို

**ကျိုတို အောက်တိုဘာ ၂**
အမေရိကန်နိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးက ပစိဖိတ်တစ်လွှား လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်တစ်ရပ်နှင့်ပတ်သက်ပြီး အမေရိကန်သမ္မတလောင်းနှစ်ဦးဖြစ်သည့် ဒေါ်နယ်ထရန့်နှင့် ဟီလာရီကလင်တန်တို့၏ ခံယူချက်သဘောထားကို စိုးရိမ်ပူပန်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဒီမိုကရက်တစ်ပါတီသမ္မတလောင်း ဟီလာရီကလင်တန်နှင့် ရီပတ်ဘလီကန် ပါတီသမ္မတလောင်း ဒေါ်နယ်ထရန့်တို့သည် ပစိဖိတ်တစ်လွှား လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်သည် အလုပ်အကိုင်ရရှိမည့် အခွင့်အရေးကို ဖန်တီးပေးနိုင်စွမ်းမရှိဟု ထင်မြင်ယူဆကြောင်း ပြောကြားခဲ့သည်။

စက်တင်ဘာ ၃၀ ရက်က ဝါရှင်တန်မြို့တွင် အမေရိကန်နိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး ကီနီချိယို ဆာဆေးက အမေရိကန်သမ္မတလောင်းနှစ်ဦးအနေဖြင့် ကုန်သွယ်မှုနှင့်ပတ်သက်ပြီး ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒကို လက်ကိုင်ထားသူများဖြစ်သည်ဟု စွပ်စွဲပြောကြားခဲ့သည်။ အဆိုပါကုန်သွယ်ရေးသဘောတူညီချက်၏ မဟာဗျူဟာကျ အရေးပါမှုကို အမေရိကန်နိုင်ငံသားများနှင့် ဥပဒေပြုအမတ်များ သိမြင်နားလည်သဘောပေါက်စေရန် ကြိုးစားအားထုတ်သွားမည်ဟု သံအမတ်ကြီးက သတင်းထောက်များအား ပြောကြားခဲ့သည်။

သမ္မတအိုဘားမားက ၎င်းသမ္မတရာထူးသက်တမ်း မကုန်လွန်မီ အဆိုပါကုန်သွယ်မှု သဘောတူညီချက်ကို အပြီးသတ်စေရန် အထက်လွှတ်တော်တွင် တောင်းဆိုထားသည်။ သို့သော် ဥပဒေပြုလွှတ်တော်အမတ်များအကြား ယင်းတောင်းဆိုမှုသည် သတိထားလုပ်ဆောင်ရမည့်အချက်ဖြစ်သည့်အတွက် အထက်လွှတ်တော်က အဆိုပါကုန်သွယ်မှုသဘောတူညီချက်နှင့်ပတ်သက်ပြီး သမ္မတအိုဘားမား၏ တောင်းဆိုမှုကို လက်ခံအတည်ပြုမည်လားဆိုသည်မှာ မသေချာမှုများရှိနေသည်။

**အင်န်အိတ်ချ်ကေ။**

■

# ကလေးစာပေပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂**

ကလေးစာပေပွဲတော်ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များ၊ စာပေပညာရှင်များနှင့် ကလေးစာပေပွဲတော်ကို စိတ်ဝင်စားသူများအားလုံး ပူးပေါင်းပါဝင် ဆွေးနွေးကြစေလိုကြောင်း၊ နေပြည်တော်၌ ကလေးစာပေပွဲတော်တစ်ခုကို ခမ်းခမ်းနားနား စတင်ကျင်းပရန် စီစဉ်ထားကြောင်း၊ ကလေးစာပေပွဲတော်တွင် ထပ်မံဆောင်ရွက်လိုသည့် အစီအစဉ်များ၊ စိတ်ကူးစိတ်သန်းများကို ယခုအစည်းအဝေးတွင် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလိုကြောင်းဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။

ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပသည့် ကလေးစာပေပွဲတော် ကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေနှင့် ညွှန်ကြားရေးမှူး(စီမံ)ဦးအေးကြွယ်တို့က ကလေးစာပေပွဲတော် ကျင်းပမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသော သက်ဆိုင်ရာ အဖွဲ့အစည်းများက ကလေးစာပေပွဲတော်ကျင်းပမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာ တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက် ဆွေးနွေးသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက ကလေးများ စာပေဗဟုသုတ ရရှိရေး၊ ကလေးများ ဉာဏ်ရည်ထက်မြက်စေရေးနှင့် ကလေးများ စွမ်းဆောင်ရည်မြှင့်တင်ရေးတို့အတွက် ကလေးစာပေပွဲတော်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-2)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကလေးစာပေပွဲတော်တွင် ကလေးများ ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ကလေးစာအုပ်ပြပွဲ၊ ကလေးကာတွန်းပြပွဲ၊ အမှတ်တရ ပုံတူရေးဆွဲခြင်း၊ မျက်လှည့်ပြပွဲ၊ ရော်ဘာရုပ်ပြုလုပ်ခြင်း၊ ကာတွန်းအရုပ်များဖြင့် ဓာတ်ပုံရိုက်ခြင်း၊ ဂျိုကာဝတ်စုံဖြင့် ကြိုဆိုခြင်း၊ နည်းပညာမိတ်ဆက်ခြင်း၊ ပုံပြင်ပြောခြင်း၊ မျက်နှာဆေးခြယ်ခြင်း၊ ကလေးစာဖတ်ခန်းဖွင့်လှစ်ပြသခြင်း၊ ဘောလုံးပစ်ပေါက် ကစားခြင်း၊ ကြိမ်ကွင်းစွပ် ကစားခြင်း၊ အရုပ်ဆက်ကစားခြင်းနှင့် စကားပုံဆက်စပ်ကစားခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

---

# (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား မြို့နယ်များတွင် ကျင်းပ



ရထားရဲတပ်ဖွဲ့ အမှတ်(၁၈) တပ်ခွဲ တောင်တွင်းကြီးတပ်ခွဲမှူး ရဲအုပ်စန်းထူးနိုင်ဦးစီး၍ တပ်ဖွဲ့ဝင်နှင့် မိသားစုများက အောက်တိုဘာ ၁ ရက်တွင်ကျရောက်သော (၅၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့တွင် သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

(ရထားရဲတပ်ဖွဲ့)

**မြောက်ဦး**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင်တွင် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးကျော်သူက မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းထံမှပေးပို့သော (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုသဝဏ်လွှာကို ဖတ်ကြားသည်။ ဆက်လက်၍ ရဲလုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင် ၂၀ နှင့် မိသားစုဝင် ငါးဦးတို့အား ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**ကျောက်တော်**

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကစ္ဆပနဒီခန်းမ၌ ကျင်းပရာ ရဲတပ်ဖွဲ့ဝင်အင်အား ၅၀၊ ဌာနဆိုင်ရာနှင့် ရပ်မိရပ်ဖ ၅၀ ကျော်တို့ တက်ရောက်ကြသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်က ရဲတပ်ဖွဲ့သမိုင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဖြစ်ပေါ်လာပုံတို့ကို ပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းထံမှပေးပို့သောသဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်က ဖတ်ကြားသည်။ ထို့နောက် စွမ်းဆောင်ရည်ဆုရရှိသူများအား ဂုဏ်ပြုလွှာများအသီးသီးပေးအပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သီပေါ**

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရဲတပ်ဖွဲ့စခန်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား မြို့မစခန်းမှူး ဒုတိယရဲမှူး သိန်းဇော်က ဖတ်ကြားသည်။

ဆက်လက်၍ စံပြရဲနှင့်မှုခင်းဖော်ထုတ်မှု တာဝန်ကျေပွန်မှုတို့အတွက် ဒုစရိုက်မှုများကို အပင်ပန်းခံကြိုးစားဖော်ထုတ်ပြီး နောက်ဆက်တွဲ ကွင်းဆက်သတင်းများရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည့် ရဲအုပ်ရဲမြင့်အောင်နှင့် ရဲအုပ်ငါးဦးတို့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်က လည်းကောင်း၊ မှုခင်းကျဆင်းရေးလုပ်ငန်းများတွင် ရဲတပ်ဖွဲ့ဝင်များနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့သည့် ပန်းတိမ်တောင်၊ ဇာတ်စုနှင့် မြန်မာရပ်ကွက်မှ အုပ်ချုပ်ရေးအဖွဲ့ဝင် သုံးဦးတို့အား မြို့မရဲစခန်းမှူးဒုတိယရဲမှူး သိန်းဇော်က လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆုများကိုပေးအပ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

**အင်းစိန်မြို့နယ်**

အင်းစိန်မြို့နယ် ရွာမရပ်ကွက်ရှိ ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁ ရက်က (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်ဂုဏ်ပြုဆုများ ချီးမြှင့်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းထံမှပေးပို့သည့် သဝဏ်လွှာကို မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးဝင်းက ဖတ်ကြားသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ မှုခင်းဆိုင်ရာ သတင်းမီဒီယာ သမားငါးဦးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိနှစ်ဦး၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၂၄ ဦးတို့အား လည်းကောင်း၊ တပ်ဖွဲ့ဝင်များ၏ နေအိမ်လိုင်းခန်းများ၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး ပထမ၊ ဒုတိယနှင့် တတိယဆုများကိုလည်းကောင်း၊ မှုခင်းပိုင်းဆိုင်ရာ ပံ့ပိုးကူညီပေးခဲ့ကြသည့် အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့မှ ပြည်သူငါးဦးတို့အား လည်းကောင်း၊ စုစုပေါင်း ၈၀ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ၊ အမှုထမ်းကောင်းလက်မှတ်များနှင့် အမှတ်တရ ပစ္စည်းတို့ကို ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **ဉာဏ်ဟိန်း(အင်းစိန်)**






**မော်လမြိုင်**

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့နှင့် ထူးချွန်ဆုရ တပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက်က မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးရှိ ရာမညဇာနည်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦး၊ လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ မွန်ပြည်နယ်တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦးတို့က ဆုရတပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်ခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်း၊ ဦးစီးအရာရှိ(ပထမတန်း) ဒုတိယရဲမှူးကြီး ခင်မောင်စိုး၊ ပြည်နယ်အကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်မြင့်နိုင်၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်စိုး၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နန္ဒဝင်းနှင့် တာဝန်ရှိသူများက ထူးချွန်တပ်ဖွဲ့ဝင် ၉၆ ဦး၊ မိသားစု ၁၄ ဦး၊ အရပ်သား ၁၇ ဦး၊ ထူးချွန်ကျောင်းသားခြောက်ဦး၊ အားကစားသမား ကိုးဦး စုစုပေါင်း ၁၂၈ ဦးတို့အား ဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)**

**(ပြည်နယ်ရဲတပ်ဖွဲ့)**

# တစ်ဏ အမြန် ပြန်စကြစို့

## ဆွေညီ

ပြီးခဲ့တဲ့အပတ်က ဂျပန်လူမျိုး ဧည့်သည်တစ်ဦးနဲ့ နေပြည်တော်မြို့တော်ဂေါက်ကွင်းမှာ ကျွန်တော်တို့ ဂေါက်အတူ ကစားဖြစ်ခဲ့ပါတယ်။ သူက စီးပွားရေး လုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး ဂေါက်ရိုက်တာလည်း အလွန် ကောင်းပါတယ်။

ပထမဆုံးအကြိမ် နေပြည်တော်ကွင်းမှာ ကစားဖူး တာဖြစ်ပေမယ့်၊ သူ့ကိုယ်ပိုင် ဂေါက်ရိုက်တုတ်တွေ မပါ လာလို့ ခေတ္တငှားရမ်းပေးတဲ့ ဂေါက်အိတ်နဲ့ ကစားရပေ မယ့် ပထမကော်နာမှာ Par (ပါ) ခြောက်လုံးနဲ့ ဒုတိယ ကော်နာမှာ ပါ ခုနစ်လုံး ရပါတယ်။ ကျင်းတို အပါအဝင် အားလုံးနီးပါးမှာ Regulation On ပါတယ်။ ကျင်းစိမ် (Putting) မှာ နည်းနည်းကွင်းစိမ်းတာမို့ တချို့ကျင်းမှာ သုံးခါလောက် ကျင်းစိမ်ရလို့ ဘာဒီ (Birdie) တစ်လုံးမှ မရဘဲ ပါ ခြောက်လုံး၊ ခုနစ်လုံးလောက်ပဲ ရသွားတာ ပါ။ နောက်တစ်ကြိမ်ဆိုရင် သူ ဒီထက်ကောင်းအောင် ရိုက်နိုင်မှာလို့ ပြောပါတယ်။

အသက် (၇၂) နှစ်ဆိုတဲ့အတွက် သူ့ကို ငဲ့ညှာပြီး ဘာဂီတစ်ယောက်တစ်စီး စီစဉ်ထားပေမယ့် သူကတော့ ဘာဂီစီးတာနည်းပြီး လမ်းပဲလျှောက်ပါတယ်။ ဟပ်ဝေး (Half Way) မှာ နားဖို့ပြောတာကို သိပ်မကြိုက်ချင်ဘူး။ သွေးအေးသွားမယ်ဆိုပြီး ဆက်ကစားဖို့ ဇွတ်ကို ပြောနေ လို့ ရှေ့အတွဲတွေ ပိတ်နေလို့ပါဆိုပြီး ရှင်းပြရပါတယ်။ နားတောင်မနားဘဲ ကစားနိုင်တဲ့သူပါ။ ပြောရရင် အတော်သန်မာတဲ့၊ ဂေါက်ရိုက်လည်း အတော်ဝါသနာ ကြီးလွန်းတဲ့ ဂျပန်ကြီးပါ။

ဂေါက်ပွဲပြီးလို့ နေ့လယ်စာအတူ စားကြတော့ သူက ကန်စွန်းရွက်တစ်ပွဲကို တခုတ်တရ မှာပါတယ်။ ဘာနဲ့မှ မရောဘဲ ကန်စွန်းပလိန်းတစ်ပွဲပေးပါလို့ ပြောပါတယ်။ သူတို့ဆီမှာ ကန်စွန်းရွက်စိုက်ဖို့ ခက်ခဲတယ်၊ ကန်စွန်း ရွက်ရှားတယ်၊ ဒီမှာ ပေါပေါများများရှိတာမို့ စိတ်ကြိုက် စားချင်တယ်ဆိုပြီး သူ့အတွက်မှာထားတဲ့ ကန်စွန်းရွက် တစ်ပန်းကန်လုံးကို နှစ်နှစ်ခြိုက်ခြိုက်ပဲ စားပစ်ပါတယ်။

"ရန်ကုန်ကနေ နေပြည်တော်အလာ လမ်းဘေး ဝဲ၊ ယာမှာ စပါးခင်းတွေ အားရစရာတွေ့ခဲ့တယ်။သိပ်အား ရတယ်။ မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးကို သေချာလုပ်ပြီး ဈေးကွက်ချဲ့ထွင်သင့်တယ်။ ဂျပန်က လက်ခံတဲ့ အရည် အသွေးသာ ထုတ်လုပ်နိုင်မယ်ဆိုရင် တစ်ကမ္ဘာလုံးကို ပို့နိုင်ပြီ။ ကြိုးစားသင့်တယ်။ အခုကနေ စတင်ပြီး အစိုးရ နဲ့ ပုဂ္ဂလိက အဖွဲ့အစည်းတွေ၊ တောင်သူလယ်သမားတွေ ပူးပေါင်းပြီး စိုက်ပျိုးရေးကို တကယ်ပဲဦးစားပေးမြှင့်တင် သင့်တယ်"လို့ သူက ပြောပါတယ်။

ဒီလိုနဲ့ စားရင်းသောက်ရင်း ထွေရာလေးပါး ထပ်ပြီး စကားတွေ ပြောဖြစ်တယ်။

သူ့ဇနီးနဲ့ သမီးကလည်း မြန်မာနိုင်ငံကို သိပ်ချစ်ခင် မြတ်နိုးတယ်လို့ ဆိုပါတယ်။ ရွှေတိဂုံစေတီတော်မြတ်ကြီး ကို ဖူးမြော်ရတာ အလွန်ကျေနပ်အားရတဲ့အကြောင်း၊ သိပ်သပ္ပာယ်လွန်းတဲ့အတွက် ဖူးမြော်လို့ မဝကြောင်း လည်း ပြောလာလို့ နိုင်ငံအတွက် ဂုဏ်ယူမိတယ်။ သူကိုးကွယ်တာလည်း ဗုဒ္ဓဘာသာပဲဖြစ်ပေမယ့် မြန်မာ တွေနဲ့ နည်းနည်းကွာတယ်။ မြန်မာတွေကိုးကွယ်တဲ့ ဗုဒ္ဓ ဘာသာကို သူက ပိုနှစ်သက်တယ်လို့လည်း လေးလေး နက်နက်ပြောပါတယ်။

အင်းလေးကို ရောက်ခဲ့တယ်၊ အလွန်သာယာလှပတယ် ပြောလို့ လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်ကသာ ရောက်ရင် ဒီထက်သာယာလှပတဲ့အကြောင်း၊ အခုက ရေခန်းခြောက် နေပြီဖြစ်လို့ အရင်လို မဟုတ်တော့ကြောင်း ပြောပြပေမယ့် အခုကို သာယာလှပလွန်းနေသေးတယ်လို့ ဆိုပါတယ်။

သူက မြန်မာအမျိုးသမီးဝတ်စုံက အလွန်လှပတဲ့ အကြောင်းပြောတော့ ဒီဘက်ကလည်း ပဋိသန္ထာရ စကား အရ ဂျပန်ကီမိုနိုဝတ်စုံကလည်း လှပါကြောင်း ပြန်ပြော ပေမယ့် သူက မဟုတ်ဘူး။ ကီမိုနိုက လှပေမယ့် ကိုယ်ခန္ဓာ အလှကို ပေါ်လွင်အောင် လုပ်ပေးနိုင်စွမ်းမရှိဘူး။ မြန်မာ အမျိုးသမီးဝတ်စုံကမှ ခန္ဓာကိုယ်အချိုးအစားလည်း ပေါ်လွင်ပြီး လှပတယ်။ မြန်မာနိုင်ငံမှာ လူဖြစ်တဲ့ မင်းတို့ သိပ်ကံထူးတယ်လို့ မထင်မှတ်တဲ့စကားကို ပြောပါတယ်။

သူက ကျွန်တော်တို့နဲ့ တစ်ကြိမ်လုပ်ငန်းအတူ လုပ်ခဲ့ ဖူးပြီး ခင်မင်တဲ့ ဂျပန်လူမျိုးတစ်ယောက်သာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကို အကြိုက်ဆောင်၊ မြှောက်ပင့် ပေါင်းသင်း နေသူ မဟုတ်ပါဘူး။ နောက်ထပ်လည်း လုပ်ငန်းတွေ လုပ်စရာ မရှိပါဘူး။ သူ့မှာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ကြီးလည်း ရှိတဲ့သူပါ။ နိုင်ငံတကာကိုလည်း သွားလာပြီး စီးပွားရေးလုပ်ငန်းတွေ လုပ်နေတာပါ။ အသက်အရွယ် အရရော ဂုဏ်သိက္ခာအရပါ တည်ကြည်လေးစားဖွယ် ရင့်ကျက်သူပါ။

အဲဒီနေ့က စားသောက်ရင်း ညနေ လေယာဉ်နဲ့ ရန်ကုန်ပြန်ပြီး နောက်နေ့ ဂျပန်ကို ပြန်မှာမို့ နှုတ်ဆက် ကြောင်း၊ နောက်ထပ် ဆုံတွေ့ချင်သေးတဲ့အကြောင်း၊ သူ့မိသားစုနဲ့ မြန်မာပြည်အနှံ့ လာရောက်လည်ပတ်ဦးမယ့် အကြောင်း ပြောခဲ့ပါတယ်။

အခုဆို ဂျပန်ဧည့်သည်ကြီးနဲ့ တွေ့ဆုံခဲ့တာ တစ်ပတ် ကျော် ကြာမြင့်သွားပါပြီ။ ဂျပန်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှုတွေ၊ တည်ငြိမ် အေးချမ်းမှုတွေ တွေ့ရမြင်ရ ဖတ်ရတာကြောင့် ဂျပန်ကို အားကျနေတဲ့ ကျွန်တော်တို့ရဲ့ စိတ်တွေ ဒွိဟဖြစ်သွားစေတဲ့ စကားတွေကို အနှိုပ္ပဂ္ဂိုလ်ကြီး အများကြီးပြောပြသွားပါတယ်။

သူက ကျွန်တော်တို့မြန်မာတွေ ကိုးကွယ်ကြတဲ့ ထေရ ဝါဒ ဗုဒ္ဓဘာသာကို နှစ်သက်ကြောင်း၊ မြန်မာနိုင်ငံမှာ အေးအေးဆေးဆေး တရားလာထိုင်ချင်သေးကြောင်း၊ မြန်မာနိုင်ငံဟာ သဘာဝသယံဇာတတွေ ပေါများကြွယ်ဝလှ ကြောင်း၊ မြန်မာလူမျိုးတွေရဲ့ ပျူငှာဖော်ရွေတဲ့ ဆက်ဆံရေး ကို သဘောကျတဲ့အကြောင်း ပြောပါတယ်။ သူက မြန်မာ ဝတ်စုံလေးတွေနဲ့ မြန်မာမိန်းကလေးတွေ သိမ်မွေ့လှပ ယဉ်ကျေးတဲ့အကြောင်းကို နှစ်ကြိမ်လောက် ထည့်ပြောပါ တယ်။

သူ့အသက်အရွယ်အရ နောက်ထပ် ဘယ်နှနှစ်နေရ တော့မလဲမသိပေမယ့် သူသာသေဆုံးပြီး လူပြန်ဖြစ်မယ် ဆိုရင် ဒီလိုလှပသာယာတဲ့၊ ဗုဒ္ဓဘာသာ ထွန်းကားတဲ့ မြန်မာပြည်မှာ လူပြန်ဖြစ်ချင်တယ်လို့ အဆုံးသတ် ပြောကြားခဲ့တဲ့အပေါ် ကျွန်တော် နေ့စဉ် စဉ်းစားနေမိပါ တယ်။

၄၊ ၅ ရက်လောက်ပဲ နေထိုင်ခဲ့တဲ့ ဧည့်သည်မို့ မြန်မာနိုင်ငံရဲ့ ချို့ယွင်းအားနည်းမှုတွေ အလုံးစုံမသိလို့ လား။ မြန်မာနိုင်ငံကို သုံးလေးကြိမ် ရောက်ဖူးတာမို့ မြန်မာ မိတ်ဆွေတွေ အများကြီးရှိပေမယ့်၊ မြန်မာနိုင်ငံမှာ စီးပွား ရေးလုပ်မှာမို့ လေ့လာခဲ့တဲ့ အချက်အလက်တွေ အများအပြား ရှိပေမယ့် မြန်မာတွေအကြောင်း နှံ့နှံ့စပ်စပ်မသိလို့ဘဲပြော သလား။ ဒီလိုပဲ နိုင်ငံရပ်ခြားကလာတဲ့ အခြားမိတ်ဆွေ တွေ အလားတူပြောခဲ့တာ ခဏခဏကြားဖူးပါတယ်။ တကယ်ပဲ မွေ့ပျော်ဖွယ်ကောင်းတဲ့ နိုင်ငံဟုတ်ပါ သလား။

ကျွန်တော်တို့ပတ်ဝန်းကျင်မှာတော့ မြန်မာနိုင်ငံ ဖွံ့ဖြိုး တိုးတက်ဖို့၊ ပြုပြင်ပြောင်းလဲဖို့ဆိုရင် အသက်လေးနှစ်နဲ့ အထက်လူတွေအကုန်ကိစ္စတုံးပစ်မှပဲရမယ်။ ဒါမှ မကောင်း တဲ့အကျင့်တွေ ပါသွားမယ်၊ ပျောက်သွားမယ်လို့ ဆိုကြပါ တယ်။ ပြုပြင်ပြောင်းလဲရမှာကလည်း ဘယ်ကစလို့ စရမှန်း မသိ။ နှစ်ပေါင်းများစွာ အနည်ထိုင်နေတဲ့ အဆိုးတွေစုပုံ နေတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံမှာ မွေးဖွားတာ လူဖြစ်ရ ကျိုး မနပ်ဘူးလို့ ထင်မြင်မိတာ။ မြန်မာနိုင်ငံသားဖြစ်ရတာ ကို မကျေမနပ်ဖြစ်နေမိတာ။

ကြည့်လေ-လူကြီး၊ လူငယ်အများစုက ဘာသာရေးမှာ အားနည်းလွန်းနေတယ်။ မိရိုးဖလာအဆင့်ထက် မပိုတာ များတယ်။ ကုသိုလ်ရေးဆိုပြီး လုပ်နေပေမယ့်၊ လျှုဒါန်းမှု တွေပြုနေပေမယ့် နှစ်နှစ်ကာကာ မသိတာ၊ ထင်ပေါ်ချင် တာ၊ ပကာသနတွေ များနေတယ်။ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ ဒေါသတွေ၊ သတ်ဖြတ်မှုတွေ ရိုင်းစိုင်းရမ်းကားစွာ ကျူးလွန်နေကြတယ်။ မိဘနဲ့ သားသမီး၊ ဆွေမျိုးမောင်နှမ ချင်း၊ ဇနီးခင်ပွန်းချင်း၊ သူငယ်ချင်းအချင်းချင်းပါ စကား လေးတစ်ခွန်းနဲ့ သတ်ဖြတ်တဲ့အထိ ဖြစ်လာကြတယ်။ လူကြီး လူကြီးမှန်းမသိ၊ ဆရာ ဆရာမှန်းမသိ အဂါရဝတွေ လုပ်ကြတယ်။ ဒါကြောင့် ကျောင်းမှာ၊ ငယ်ရွယ်တုန်းမှာ ပြည်သူ့နီတိတွေသင်ကြားပေးဖို့လိုမယ်လို့ဆိုတယ်။ မူးယစ် ဆေးဝါးနဲ့ အရက်သေစာတွေကြောင့်ဆိုရင်လည်း ဘယ်လို နည်းနဲ့ နှိမ်နင်းကြမလဲ။

ဆရာ ဆရာမတွေရဲ့ အရည်အသွေးတွေ၊ ပညာရပ် ပိုင်းဆိုင်ရာတွေ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာတွေ တိုးတက် အောင် မြှင့်တင်ရမယ်လို့ ဆိုတယ်။ အရည်အချင်းမပြည့်မီ သူတွေ လွယ်လွယ်နဲ့ခန့်တော့ တဖြည်းဖြည်း တပည့်တွေရဲ့ အရည်အချင်းက ကျဆင်းလာတယ်တဲ့။ ဆရာတွေကလည်း ပညာသင်ကြားရေး၊ ဘာသာရပ်ဆိုင်ရာ ဆည်းပူးရေး သာမက အခြားသောဝန်ထုပ်ဝန်ပိုးတွေ သူတို့မှာ ပိနေ တယ်တဲ့။ ပညာရေး အဆင့်အတန်းသာ ရှေ့တန်းမရောက် ပေမယ့် အဲဒီကနေတစ်ဆင့် တိုက်ရိုက်အချိုးကျတဲ့ ဆိုးကျိုး တွေဖြစ်တဲ့ စိတ်ဓာတ်ညံ့ဖျင်းမှုတွေ၊ လာဘ်ပေးလာဘ်ယူမှု တွေ၊ အဂတိလိုက်စားမှုတွေ၊ လူ့အခွင့်အရေး ချိုးဖောက်မှု တွေ၊ မှုခင်းဖြစ်ပွားမှုတွေ၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ ဖမ်းဆီးရမိမှုတွေမှာတော့ ကိန်းဂဏန်းတွေအရ ရှေ့ပိုင်း ဇယားမှာ တန်းစီရှိနေတာက ရင်လေးစရာပါ။

တစ်နေ့တစ်နေ့ ကုန်လွန်သွားတဲ့ ရန်ကုန်မြို့ရဲ့ ယာဉ် ကြောပိတ်ဆို့မှုတွေကြောင့် လူသန်းပေါင်းများစွာရဲ့ အချိန် တွေ၊ စိတ်ကူးစိတ်သန်းတွေ၊ ငယ်ရွယ်နုပျိုမှုတွေ၊ ငွေတွေ ဆုံးရှုံးရတယ်။ ယာဉ်မောင်းတွေ၊ ယာဉ်နောက်လိုက်တွေရဲ့ စိတ်ဓာတ်ကလည်း အညံ့ဆုံးနဲ့ အဆိုးရွားဆုံး ဝန်ဆောင် မှုကဏ္ဍမှာ ရှိနေတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးပိုင်းကို ရန်ကုန်မြို့တစ်မြို့တည်းသာမက အခြားသော တိုင်း ဒေသကြီး၊ ပြည်နယ် မြို့တော်တွေအထိ ဖြန့်ကြက်ဖို့ စိတ်ကူးကြရဦးမယ်လို့ ဆိုတယ်။

မူးယစ်ဆေးဝါး ပြဿနာကို ဘယ်လို ဖြေရှင်းလို့ ဖြေရှင်းရမှန်း မသိဘူး။ မူးယစ်ဆေးဝါးထုတ်လုပ်တဲ့ ဓာတုဆေးဝါးတွေက မြန်မာနိုင်ငံမှာထုတ်လုပ်တာ မဟုတ်ဘူးဆိုတာ တစ်ခုတည်းနဲ့ မိုးကြိုးပစ်ထန်းလက်နဲ့ ကာနေရတဲ့ ကာလဆိုးကြီးလည်း ဘယ်တော့ ပြီးဆုံးမှာ လဲလို့ ပြောတဲ့သူက ပြောတယ်။

ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးဆိုတာကိုလည်း ကြိုးစားဖော်ဆောင်ပြီး အခြေအနေတစ်ခု ရောက် အောင် အားလုံးရုန်းကန်နေရဆဲ။

အကျဉ်းထောင်များအဆင့်မြှင့်တင်ရေး အရေးကြီး သလို အကျဉ်းသားများ စိတ်ဓာတ်ပြုပြင်ရေးကလည်း ပိုအရေးကြီးတာမို့ ဘယ်သူက ကူညီမလဲ။ ဘယ်ပုံစံကို အတုယူရမလဲ။ နိုင်ငံ့ဝန်ထမ်းများအပါအဝင် နိုင်ငံသား အားလုံးရဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာ ပြုပြင်ရေး၊ မလစ်ရင် မလုပ်ပါဘူးဆိုတဲ့ လက်သုံးစကား၊ အူမမတောင့်လို့ သီလ မစောင့်နိုင်ဘူးလို့ အကြောင်းပြချက်ပေးနေတဲ့ သူတွေ ကို ဘယ်လိုပြုပြင်မလဲ။ ဘယ်လောက် ကြာဦးမှာလဲ။ ရင်မောရပါတယ်။

မူပိုင်ခွင့်ပိုင်းဆိုင်ရာအားနည်းလို့ စာအုပ်ထုတ်ဝေ ရေးမှာ၊ ရုပ်ရှင်၊ ဗီဒီယို၊ တေးစီးရီး ထုတ်လုပ်ဖြန့်ချိရေးမှာ ခိုးကူး၊ ခိုးထုတ်တွေကြောင့် အရင်းအနှီးတွေ ဆုံးရှုံးပြီး ကိုယ့်ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ အားနည်းနေရတာတွေ ဘယ်လို အဖြေရှာမလဲ။

အားကစားအဆင့်အတန်း မြှင့်တင်ဖို့ကိစ္စ၊ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မီပိုမိုရရှိရေးကိစ္စ၊ လမ်းဘေးဈေးသည်များအရေး၊ ကျူးကျော်ပြဿနာ၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုတွေကိုလည်း ဖြေရှင်းပေးဖို့ လိုသေးတယ်။ တစ်ဦးချင်းကို အခွန်မှန်မှန်ကန်ကန် ဆောင်စေဖို့၊ ဒေါ်လာဈေးတွေ၊ ရွှေဈေးတွေ တစ်ရှိန်ထိုး တက်ပြီး ရှယ်ယာဈေးတွေ ကျဆင်းနေတာ အဖြေရှာဖို့ လိုလားနေကြတယ်။ ကုန်ဈေးနှုန်းက တစ်နေ့ထက် တစ်နေ့တက်ရုံမက မနက်နဲ့ ညနေဈေးနှုန်းတောင် အပြောင်းအလဲရှိနေတာ လူတန်းစားအားလုံး ခါးသီးစွာ ကြုံတွေ့ရင်ဆိုင်နေရတဲ့ ပြဿနာပါ။

ညံ့ဖျင်းလွန်းတဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ သက်ကြီးရွယ်အို ပြုစု စောင့်ရှောက်ရေး၊ မသန်စွမ်း ကူညီစောင့်ရှောက်ရေး ကဏ္ဍတွေကိုလည်း မြှင့်တင်ဖို့ ကြိုးစားကြရဦးမှာပါ။ အခုလည်း ကဏ္ဍစုံမှာ မြှင့်တင်ဆောင်ရွက်နေပေမယ့်၊ ပြုပြင်နေပေမယ့် ဘယ်ကဏ္ဍမှာမှ အလုံးစုံ မပြည့်စုံသေး ပါဘူး။

လိုအပ်နေတာတွေ၊ ပြုပြင်ပြောင်းလဲရမှာတွေက တစ်သိန်းမက။ ဒါပေမယ့် ဆိုရိုးရှိပါတယ်။ ခရီးရှည်ကြီးရဲ့ အစဟာ ပထမဆုံးခြေလှမ်းသာဖြစ်လို့ လုပ်ရမယ့် အလုပ်တွေကို အမြန်ဆုံးတန်းစီချရေးပြီး တစ်ခုချင်း၊ ကဏ္ဍတစ်ခုချင်းကနေ ဆက်လက် ကုစားဖြေရှင်းသွားရ မှာ ဖြစ်ပါတယ်။

ပြဿနာရှိရင် အဖြေရှိတယ်ဆိုတဲ့ စကားအတိုင်း တစ်ခုချင်းကို ကောက်သင်းကောက်လို့ အစိုးရနဲ့အတူ ပြည်သူတွေ ပူးပေါင်းပါဝင်ပြီး ညီညီညွတ်ညွတ် လုပ်ကိုင် လိုက်ရင်၊ ဖြေရှင်းလိုက်ရင် မဝေးတဲ့ အနာဂတ်မှာ ဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံစာရင်း၊ မွေ့ပျော်ဖွယ်နိုင်ငံများစာရင်း မှာ မြန်မာနိုင်ငံ ပါဝင်လာမှာ မလွဲဧကန်လို့ ယုံကြည်မိပါ ကြောင်း။ ။

**လိုအပ်နေတာတွေ၊ ပြုပြင်ပြောင်းလဲရမှာတွေက တစ်သိန်းမက။ ဒါပေမယ့် ဆိုရိုးရှိပါတယ်။ ခရီးရှည်ကြီးရဲ့အစဟာ ပထမဆုံးခြေလှမ်းသာဖြစ်လို့ လုပ်ရမယ့်အလုပ်တွေကို အမြန်ဆုံးတန်းစီချရေးပြီး တစ်ခုချင်း၊ ကဏ္ဍတစ်ခုချင်းကနေ ဆက်လက်ကုစားဖြေရှင်းသွားရမှာ ဖြစ်ပါတယ်။**

### မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်
### ၃-၁၀-၂၀၁၆ (တနင်္လာနေ့)

နံနက်ပိုင်း

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၈း၃၅ ၂၀၁၆ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်) (ခေတ်ဟောင်းတေးနှင့်ကာလပေါ် တေး)(ဝါသနာရှင်(ဒုတိယတန်း) အဆင့်)(အမျိုးသား)
- ၈း၅၀ ရှမ်းကန်လှပ်ရှားဘဝများ "သဲလုပ်ငန်း"
- ၉း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၀း၃၅ စိုက်ပျိုးရေးရာအဖြေရှာ "ပဲစိုက်ပျိုးတောင်သူများအတွက် ပဲမြစ်ဖုဇီဝမြေဩဇာ"
- ၁၁း၁၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ်
- ၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာတိုင်နေ့ရက်များ" (အပိုင်း-၁)
- ၁း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၉)
- ၁း၅၅ "KARAOKE World Championships (KWC) Myanmar2016" (Level-2) (Group-1)
- ၂း၃၅ "မျိုးစေ့"
- ၃း၃၅ Tasty Trip
- ၄း၁၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဒဿနိကဗေဒ အထူးပြု)(ဒဿနိကဗေဒ)
- ၄း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၅း၃၅ Yes or No Talk Show "Sport or Adventure"(Part-1)
- ၆း၃၅ ဥပဒေရေးရာအဖြာဖြာ "ဥပဒေအရတဲ့ဗျား"(ဦးစံပေါ၊ မေပိုင်စိုး၊ အောင်မျိုးဦး) (ဒါရိုက်တာ-ဝေဠု(ဝသန်))
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၁၁)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၉း၀၀ ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၁၀) -မျက်မှောက်ရေးရာသုံးသပ်စရာ

**မှတ်ချက်၊ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများထုတ်လွှင့်ပေးပါသည်။**

# လူသားဆန်စွာ ပြုကျင့်ကြစေချင်ပါသည်

## သစ်တော်

အခုတစ်လော သတင်းစာတွေ၊ ဂျာနယ်တွေ၊ Facebook စာမျက်နှာပေါ်တွေမှာ ကျောက်တံတားမြို့နယ်အတွင်း အိမ်အကူမိန်းကလေးများအား ညှဉ်းပန်းနှိပ်စက်ပြီး လုပ်ခလစာများမပေးတဲ့ ဖြစ်စဉ်နှင့်ပတ်သက်တဲ့ ကျူးလွန်သူတွေကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနဲ့ အရေးယူထားတဲ့အကြောင်းနှင့်ပတ်သက်တဲ့ သတင်းစာရှင်းလင်းပွဲများ၊ ဆန္ဒဖော်ထုတ်မှုများ၊ စည်းဝေးပြောကြားမှုများ စသည်တို့ကို စာရေးသူတွေ့မြင်ဖတ်ရှုရပါတယ်။

ယင်းကဲ့သို့ အများပြည်သူ သိရှိခွင့်ရရှိခဲ့ခြင်းမှာလည်း သတင်းဌာနတစ်ခုမှ သတင်းသမားကောင်းတစ်ဦးရဲ့ ဦးစွာဖော်ထုတ်ပေးနိုင်ခဲ့ခြင်းကြောင့်ဆိုတာကို ငြင်းလို့မရနိုင်ပါ။ အင်မတန်မှ တန်ဖိုးရှိသော သတင်းသမားကောင်းတစ်ယောက်လို့ စာရေးသူမြင်မိပါတယ်။

မြန်မာနိုင်ငံမှာ စီးပွားရေးအခြေအနေအရ အရွယ်မရောက်သေးတဲ့ကလေးငယ်တွေဟာ မိသားစုစားဝတ်နေရေး အခြေအနေကြောင့် အခြားအိမ်များတွင် အိမ်ဖော် (အိမ်အကူ)အဖြစ်လုပ်ကိုင်နေကြရပါတယ်။ ကလေးငယ်အိမ်အကူများအပေါ် သားသမီးချင်း ကိုယ်ချင်းမစာဘဲ နှိပ်စက်ညှဉ်းပန်းအနိုင်ကျင့်နေတဲ့ အိမ်ရှင်များ များပြားလှတယ်ဆိုတာ စာရေးသူပြောရဲပါတယ်။ ဒါပေမယ့် အရွယ်မရောက်သေးတဲ့ အိမ်အကူများအပေါ် ဆိုင်ရှင်၊ အိမ်ရှင်များရဲ့ နှိပ်စက်ညှဉ်းပန်းမှု၊ နိုင့်ထက်စီးနင်း ပြုကျင့်မှုတွေ၊ မတရားသဖြင့်ခိုင်းစေမှုတွေဖြစ်ပွားနေကြပေမယ့် အများပြည်သူတွေဟာ ထိုကဲ့သို့ အဖြစ်အပျက်များကို လွန်ခဲ့တဲ့ကာလများက ကျယ်ပြန့်စွာ သိရှိခွင့်မရရှိခဲ့ပါ။ မီဒီယာများရဲ့တစ်ဆင့်ရေးသားဖော်ပြမှုများကြောင့်သာ သိရှိခွင့်ရရှိခဲ့ကြပါတယ်။

မကြာသေးမီ ရက်ပိုင်းအတွင်းက ဖြစ်ပျက်ခဲ့တဲ့ အိမ်အကူအမျိုးသမီးငယ်အဖြစ်ကဲ့သို့ အဖြစ်ဆိုးမျိုးနဲ့ထပ်တူအဖြစ်အပျက်များ မကြာခဏ ဆိုသလိုဖြစ်ပွားလျက်ရှိနေပါတယ်။ ဒီအဖြစ်အပျက်တွေဟာ အိမ်အကူများနဲ့ပတ်သက်တဲ့ လူ့အခွင့်အရေးတွေ ဆုံးရှုံးမနေစေချင်ပါ။

ယနေ့ခေတ်စီးပွားရေးအခြေအနေအရ မိသားစုအားလုံးနီးပါး ပြင်ပသို့ထွက်ခွာ အလုပ်လုပ်ကိုင်ပြီး စီးပွားရေးအတွက် လုံးပန်းနေရတယ်။ အဲဒါကြောင့် လစ်ဟာနေတဲ့ အိမ်မှုကိစ္စတွေနဲ့ မိမိတို့ရဲ့ ရင်သွေးငယ်လေးတွေကို ထိန်းကျောင်းဖို့အတွက် အချိန်ပြည့်မလုပ်ပေးနိုင်တာတွေကြောင့် ငွေကြေးချမ်းသာသူတွေနဲ့ သာမန်ဝင်ငွေရ အလယ်အလတ်တန်းစားရှိသူအချို့တွေဟာ အိမ်အကူတွေကို ခေါ်ယူအသုံးပြုလာကြတဲ့အတွက် အိမ်အကူလုပ်ငန်းဈေးကွက်တွေ ကျယ်ပြန့်လာနေကြတယ်။ ယင်းကဲ့သို့ ပြည်တွင်းအိမ်အကူဈေးကွက်အားကောင်းလာခြင်းမှာလည်း ပြည်ပကို အိမ်အကူအဖြစ် သွားရောက်လုပ်နေမှုများ များပြားနေတာကြောင့်နဲ့ ယနေ့ခေတ်စီးပွားရေးအခြေအနေနဲ့ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ အခြေအနေများကြောင့်လည်း ပါဝင်ပတ်သက်နေပါတယ်ဆိုတာ ငြင်းလို့မရနိုင်ပါ။

ဘယ်လိုပဲဖြစ်ဖြစ် ယခုကဲ့သို့ မလိုလားအပ်တဲ့ပြဿနာတွေ ကြီးမားစွာဖြစ်ပေါ်နေရခြင်းဟာ မြန်မာနိုင်ငံမှာ အိမ်အကူ (အိမ်ဖော်) လုပ်ငန်းများနဲ့ပတ်သက်တဲ့ တိကျသောဥပဒေပြဋ္ဌာန်းချက်များ မလိုက်နာနိုင်တာကြောင့်လို့ စာရေးသူထင်မြင်မိတယ်။ အိမ်ရှင်၊ ဆိုင်ရှင်၊ အိမ်အကူ၊ ဆိုင်အကူအဖြစ်လုပ်ကိုင်နေကြတဲ့အိမ်ဖော်များနဲ့ ဆိုင်အကူဝန်ထမ်းများအကြား လိုက်နာရမယ့် ကျင့်ဝတ်စည်းကမ်းနှင့် ဥပဒေသတ်မှတ်ချက်တွေကို တိတိကျကျတင်းတင်းကျပ်ကျပ် ပြဋ္ဌာန်းထုတ်ပြန်ထားသည်ကို လိုက်နာမည်ဆိုပါက အထက်ပါကဲ့သို့ မလိုလားအပ်တဲ့ပြဿနာတွေ၊ အဖြစ်ဆိုးတွေ၊ လူ့အခွင့်အရေးချိုးဖောက်မှုခံရတာတွေ လျော့နည်းသွားမယ်လို့သုံးသပ်မိပါတယ်။

စာရေးသူတို့ မြန်မာနိုင်ငံမှာ အိမ်ဖော်ပွဲစားတွေက မြို့တွေမှာ အိမ်ဖော်လုပ်ရမယ်ဆိုပြီး ဘာမှမသိနားမလည်တဲ့ အမျိုးသမီးမိန်းကလေးငယ်များကို လူပွဲစား၊ လူမှောင်ခိုတွေက မိဘတွေဆီကနေ စည်းရုံးခေါ်တယ်။ နောက်တစ်ဖက်နိုင်ငံတွေကိုပို့ပြီး ရောင်းစားတယ်။ ပြည့်တန်ဆာအလုပ်တွေကို အတင်းအဓမ္မခိုင်းစေတယ်။ အနှိပ်ခန်း၊ KTV တွေမှာလုပ်ခိုင်းတယ်။ အရွယ်မရောက်သေးတဲ့ ကလေးငယ်တွေကို တောင်းရမ်းခိုင်းတယ်။ သက်ကြီးရွယ်အိုအဘိုး၊ အဘွားတွေကို တောင်းရမ်းခိုင်းပြီး ရသမျှပိုက်ဆံတွေကို ခေါင်းပုံဖြတ်ယူကြတယ်။ အင်မတန်မှ စက်ဆုပ်ဖွယ်ကောင်းတဲ့အပြုအမူတွေကို မကြာခဏဆိုသလိုတွေ့နေ၊ မြင်နေ၊ ဖတ်နေရတယ်။

အရွယ်မရောက်သေးတဲ့ ကျောင်းနေအရွယ်ကလေးတွေ သက်ကြီးဘိုးဘွားတွေဟာ လူ့ပွဲစား၊ လူ့ငနွားများရဲ့ စည်းရုံးနှိပ်စက်မှုတွေကြောင့် ၎င်းတို့ရသင့်ရထိုက်တဲ့ ကိုယ်ပိုင်လူ့အခွင့်အရေးတွေ ဆုံးရှုံးသွားတယ်။ ကျောက်တံတားမြို့နယ်အတွင်းက လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်ခဲ့တဲ့ဖြစ်စဉ်တွေအပြင် ကျန်ရှိနေသေးတဲ့အလားတူဖြစ်စဉ်တွေ သိရှိရသော်လည်း ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းမပေးနိုင်တာတွေ ရှိနေဦးမှာဖြစ်တာကြောင့် ယခုလိုတာဝန်သိစိတ်ဓာတ်ကောင်း သတင်းသမားကောင်းတစ်ယောက်လို ပြည်သူအားလုံးက ကယ်တင်စောင့်ရှောက်ပေးနိုင်ဖို့ အရေးကြီးပါတယ်။

ဒီနေရာမှာ တရားဥပဒေစိုးမိုးရေးက အဓိကအခန်းကဏ္ဍအဖြစ်ပါဝင်လာပါတယ်။ အိမ်ရှင်၊ ဆိုင်ရှင်အိမ်အကူ၊ ဆိုင်အကူ စသည်တို့ဟာ ချမှတ်ထားတဲ့ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများ၊ ဥပဒေများ၏ အကျိုးခံစားခွင့်များ ဆုံးရှုံးမှုမရှိ ရန် လိုအပ်ပါတယ်။ အိမ်ဖော် (အိမ်အကူ) လုပ်ငန်းများဟာ ကမ္ဘာတစ်ဝန်းမှာ ရပ်တည်နေတဲ့လုပ်ငန်းတစ်ခုဖြစ်နေတဲ့အတွက် မြန်မာနိုင်ငံမှာလည်း ယင်းလုပ်ငန်းများ ကျယ်ပြန့်စွာ တည်ရှိနေတာကြောင့် ပြည်ပနိုင်ငံများသို့ အိမ်ဖော်အဖြစ် အလုပ်သွားရောက်လုပ်ကိုင်နေကြပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ တိကျခိုင်မာတဲ့ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းကမ်းသတ်မှတ်ချက်အတိုင်း လိုက်နာမည်ဆိုပါက မလိုလားအပ်တဲ့ ပြဿနာများ၊ ဖြစ်ပွားမှုနှုန်းထားများ ကျဆင်းသွားနိုင်ပါတယ်။ အမှုများဖြစ်ပေါ်လာပါက တရားဥပဒေအတိုင်း အပြစ်ရှိသူတို့အား ထိရောက်စွာ အရေးယူနိုင်ရန်မှာလည်း လွန်စွာအရေးကြီးလှပါတယ်။ ဒါမှသာလျှင် လူသားတိုင်း လူသားတိုင်းတရားဥပဒေအကျိုးခံစားခွင့်၊ လူသားတို့၏ လူ့အခွင့်အရေးများရှင်သန်လာနိုင်မှာ ဖြစ်ပါတယ်။

၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့က ကုလသမဂ္ဂအဖွဲ့ညီလာခံအစည်းအဝေးကြီးက လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုကြေညာလိုက်ပြီး ယင်းစာတမ်းမှာ လူ့ခပ်သိမ်းရဲ့ အကျင့်သိက္ခာကို ထိုးဖောက်ဖျက်ဆီးတတ်တဲ့ ရက်စက်ကြမ်းကြုတ်တဲ့ အပြုအမူများနဲ့ လူခပ်သိမ်းတို့တရားလက်လွတ် နှိပ်စက်ကလူပြုမှု၊ အုပ်စိုးမှုနဲ့ ညှဉ်းပန်းမှု၊ နောက်ဆုံး မလွှဲသာမရှောင်သာ လက်နက်စွဲကိုင်တော်လှန်ခြင်း၊ ပုန်ကန်ခြင်းတို့ မပြုနိုင်အောင် လူ့အခွင့်အရေးများကို ဥပဒေသစ်ဖြင့် ထိန်းသိမ်းကာကွယ်ပေးရမယ်ဆိုတဲ့အချက်တွေ ပါဝင်ပါတယ်။ လူတိုင်းဟာ တူညီလွတ်လပ်တဲ့ ဂုဏ်သိက္ခာအဖြစ်လည်းကောင်း၊ တူညီလွတ်လပ်တဲ့ အခွင့်အရေးအဖြစ်လည်းကောင်း၊ မွေးဖွားလာသူများ ဖြစ်ပါတယ်။ ထိုသူတို့မှာ ပိုင်းခြားဝေဖန်တတ်တဲ့ ဉာဏ်နဲ့ ကျင့်ဝတ်သိတတ်သောစိတ်ဓာတ်တို့ရှိကြ၍ ထိုသူတို့ဟာ လူချင်းချင်းမေတ္တာထားပြီး ဆက်ဆံကျင့်သုံးသင့်သည်ဆိုတဲ့အချက်ကို စာရေးသူပြေးသတိရမိပါတယ်။

ကျောက်တံတားမြို့နယ်အတွင်းက လူမဆန်တဲ့ အပြုအမူတွေဟာ အင်မတန်မှ အော့နှလုံးနာစရာကောင်းလှသလို ကြားရ၊ ဖတ်ရတဲ့သတင်းများအရ လူ့အခွင့်အရေးကော်မရှင်မှ ဝန်ထမ်းအချို့ရဲ့ စိတ်ဓာတ်နဲ့လုပ်ရပ် ဆုံးဖြတ်ချက်တွေဟာလည်း ဥပဒေကို မျက်ကွယ်ပြု၊ လူ့အခွင့်အရေးကိုချိုးဖောက်၊ သက်ဆိုင်ရာ အာဏာပိုင်များရဲ့ မျက်ကွယ်ပြုမှုတွေကြောင့် သတင်းသမားကောင်းတစ်ယောက်ရဲ့ဖော်ထုတ်မှုနဲ့ ဟိုးလေးတကျော်ကျော်ဖြစ်ခဲ့ရတဲ့အထိကို စာဖတ်သူတွေအားလုံး သိခဲ့ရပြီးဖြစ်ပါတယ်။

စာရေးသူအနေနဲ့ နိဂုံးချုပ်တင်ပြချင်တာက အပြစ်ရှိသူကို အပြစ်ရှိသလို တရားစီရင်မှသာလျှင် လူ့အခွင့်အရေးများနဲ့လျော်ညီမှန်ကန်စေမှာဖြစ်ပါတယ်။ အကျင့်ပျက်ခြစားမှုနဲ့ အဂတိလိုက်စားမှုစတဲ့ အခြေအနေများဟာ လူတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားနဲ့ ဘဝကိုသာမက ထိုသူတို့နေထိုင်ရာ ပတ်ဝန်းကျင်ဒေသနဲ့ နိုင်ငံတစ်ဝန်းရှိ ပြည်သူတစ်ရပ်လုံးကို ဆင်းရဲမွဲတေမှု၊ တရားဥပဒေစိုးမိုးမှုလုပ်ငန်းများ ပြိုလဲစေမှုနဲ့ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ နှေးကွေးစေပြီး ဆင်းရဲသားပြည်သူလူထုနှင့် ဆင်းရဲတဲ့နိုင်ငံဘဝသို့ရောက်ရှိစေဖို့ ဖြစ်ပေါ်လာနိုင်ပါတယ်။ နိုင်ငံတစ်နိုင်ငံအနေနဲ့ အကျင့်ပျက်ခြစားမှုဟူသော နွံအတွင်းကျရောက်နေပါက ရုန်းထွက်နိုင်ခြင်းမရှိဘဲ အလုံးစုံပျက်စီးစေခြင်းဟူတဲ့ အခြေအနေကို ဖြစ်ပေါ်စေနိုင်တဲ့အတွက် အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်ရန်၊ လူသားတို့၏ လူ့အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရန်နဲ့ တရားဥပဒေစိုးမိုးမှုကို အထောက်အကူပြုနိုင်ရန် စာရေးသူ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကူညီ၍ နောက်နောင်အထက်ပါကဲ့သို့ လူသားမဆန်တဲ့ လုပ်ရပ်နဲ့ အဖြစ်ဆိုးများ ဖြစ်ပေါ်မှုမရှိရအောင် ဝိုင်းဝန်းဆုတောင်းပေးကြရင်း . . .။

**မြန်မာနိုင်ငံမှာ တိကျခိုင်မာတဲ့ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းကမ်းသတ်မှတ်ချက်အတိုင်း လိုက်နာမည်ဆိုပါက မလိုလားအပ်တဲ့ ပြဿနာများ၊ ဖြစ်ပွားမှုနှုန်းထားများ ကျဆင်းသွားနိုင်ပါတယ်။ အမှုများဖြစ်ပေါ်လာပါက တရားဥပဒေအတိုင်း အပြစ်ရှိသူတို့အား ထိရောက်စွာ အရေးယူနိုင်ရန်မှာလည်း လွန်စွာအရေးကြီးလှပါတယ်။ ဒါမှသာလျှင် လူသားတိုင်း လူသားတိုင်း တရားဥပဒေအကျိုးခံစားခွင့်၊ လူသားတို့၏ လူ့အခွင့်အရေးများ ရှင်သန်လာနိုင်မှာ ဖြစ်ပါတယ်။**

## နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲသစ်ဖွင့်

**နေပြည်တော် အောက်တိုဘာ ၂**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်(ပုဗ္ဗသီရိမြို့နယ်ဘဏ်ခွဲသစ်)ဖွင့်ပွဲကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက် ရွှေလီလမ်းနှင့် ငုရွှေဝါလမ်းထောင့်ရှိ အဆိုပါဘဏ်ခွဲသစ်အဆောက်အအုံ၌ ကျင်းပသည်။

ရှေးဦးစွာ ဘဏ်ခွဲသစ်ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ၊ ပုဗ္ဗသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန်နှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးယဉ်ဇော်မျိုးတို့က ဘဏ်ခွဲသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် မြန်မာနိုင်ငံအနှံ့အပြား လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသေးသော မြို့နယ်ဒေသများ အပါအဝင် မြို့နယ်ဘဏ်ခွဲများ၊ ဘဏ်ငွေတိုက်ခွဲများ၊ ကိုယ်စားလှယ်ရုံးများ စုစုပေါင်း ၃၄၃ ခု ဖွင့်လှစ်၍ ပြည်သူလူထုနှင့်ဝန်ထမ်းများအတွက် ငွေကြေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယခု ဖွင့်လှစ်လိုက်သော ပုဗ္ဗသီရိမြို့နယ်ဘဏ်ခွဲတွင်လည်း ပြည်သူလူထုနှင့် ဌာနဆိုင်ရာများသို့ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများဖြစ်သည့် နိုင်ငံတော်ဘဏ္ဍာငွေများ ထိန်းသိမ်းခြင်း၊ ထုတ်ပေးခြင်း၊ စာရင်းရှင်၊ စာရင်းသေစာရင်းများ ဖွင့်လှစ်ခြင်း၊ ချေးငွေများထုတ်ချေးပေးခြင်း၊ ငွေစုဘဏ်စာရင်းများ ဖွင့်လှစ်ခြင်း၊ ပြည်တွင်းငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများသို့ ပင်စင်လစာများထုတ်ပေးခြင်းနှင့် ခေတ်မီဘဏ်ဝန်ဆောင်မှု လုပ်ငန်းများသို့ ဆောင်ရွက်ရန် ဝန်ဆောင်မှု ပေးသွားမည်ဖြစ်သည်။

**(ရွှေရဲရင့်)**

■



# အာဆီယံပါလီမန်များအထွေထွေညီလာခံဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်ကိုယ်စားလှယ်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ



**နေပြည်တော် အောက်တိုဘာ ၂**

(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက အာဆီယံပါလီမန် ကိုယ်စားလှယ်များအား တည်ခင်းဧည့်ခံသည့်ဂုဏ်ပြုညစာစားပွဲကို ယနေ့ည ၇ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ Banquet Hall၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အာဆီယံပါလီမန်များမှ ကိုယ်စားလှယ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ AIPA နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

အခမ်းအနားတွင် အာဆီယံပါလီမန်များအထွေထွေညီလာခံဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံဥက္ကဋ္ဌသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူတကွ ညစာသုံးဆောင်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ညစာသုံးဆောင်နေစဉ် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက နဝရတ်ကိုးသွယ်လှများခြယ်ယိမ်းအက၊ ခေတ်သုံးခေတ်ယိမ်းအက၊ ပတ္တလားအတီး၊ မင်းသားလတ်ယိမ်းအက၊ ဒိုးယိမ်းအက၊ ကုဏ္ဍာလာအိုင်နန်းတွင်းယိမ်းအက၊ ဆီမီးယိမ်းအက၊ WE ARE ASEAN အက၊ အာဆီယံစုပေါင်းယိမ်းအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားသို့တက်ရောက်လာကြသည့် အာဆီယံပါလီမန်များကိုယ်စားလှယ်အဖွဲ့ကလည်း သက်ဆိုင်ရာနိုင်ငံများ၏ ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အနုပညာဦးစီးဌာနမှ အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။ **(ယာပုံ)** **(သတင်းစဉ်)**




## ပြည်နယ်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် တိုင်းရင်းသားယဉ်ကျေးမှုအကပြိုင်ပွဲ ဆုချီးမြှင့်

**တောင်ကြီး အောက်တိုဘာ ၂**

ပြည်နယ်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲ နောက်ဆုံးရက်ဖြစ်သည့် အောက်တိုဘာ ၁ ရက် ည ၇ နာရီက ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမတွင် ဆုပေးပွဲနှင့် ဆုရအဖွဲ့များ ပြန်လည်ဖျော်ဖြေသီဆိုကပြပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြိုင်ပွဲဝင်ဆုရအသင်းများ ဗဟိုအဆင့်တက်ရောက်ယှဉ်ပြိုင်ရာတွင် ရှမ်းပြည်နယ်၏ ဂုဏ်ဆောင်အနုပညာရှင်များဖြစ်အောင် ယှဉ်ပြိုင်နိုင်ရေး အားပေးစကားပြောကြားကာ ရှမ်းပြည်နယ်အဆင့်ပြိုင်ပွဲတွင် ဒေသခံတိုင်းရင်းသားယဉ်ကျေးမှုအကပြိုင်ပွဲတွင် ပထမဆုရ လင်းခေးခရိုင်ကိုယ်စားပြု ရှမ်းအကအဖွဲ့၊ ဒုတိယဆုရ လားရှိုးခရိုင်ကိုယ်စားပြု "ဝ"ယဉ်ကျေးမှုအကအဖွဲ့၊ တတိယဆုရ လွိုင်လင်ခရိုင်ကိုယ်စားပြု ရှမ်းယဉ်ကျေးမှုအကအဖွဲ့ကိုယ်စားလှယ်များအား ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများချီးမြှင့်သည်။ **(အပေါ်ပုံ)**

ထို့နောက် အခြေခံပညာအဆင့်၊ ဝါသနာရှင်အဆင့်၊ အဆို၊ အကဆုရသူများနှင့် ကဗျာလွတ်စုပေါင်းအက ပြိုင်ပွဲဆုရသူများ၊ အရေးပြိုင်ပွဲ ဆုရသူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော်၊ တရားရေး၊ ဥပဒေဌာနတာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီများက ဆုငွေနှင့် ဂုဏ်ပြုလွှာများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုရတိုင်းရင်းသားအကအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ပညာရှင်များက အဆို၊ အကများဖြင့် ပြန်လည်ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

**သန်းဝေ(တောင်ကြီး)**

## ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ္မတူမြို့တွင်ရောက်ရှိနေသော တိုက်ပွဲရှောင်ပြည်သူများအတွက် ခေါင်းစွပ်ပါအနွေးထည်များလှူဒါန်း

**နမ္မတူ အောက်တိုဘာ ၂**

လာနီညာရာသီဥတုကြောင့် မြန်မာနိုင်ငံအတွင်းမှ အအေးလွန်ကဲနိုင်သော ဒေသများရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းသည် ခေါင်းစွပ်ပါအနွေးထည် ၂၀၀၀၀၀ ကို ပြည်ပမှ မှာယူခဲ့ပြီး သက်ဆိုင်ရာ ဒေသအသီးသီးသို့ လှူဒါန်းလျက်ရှိသည်။ ယနေ့နံနက် ၉ နာရီတွင် နမ္မတူမြို့ ရွှေမြင်သာကျောင်းတိုက်နှင့် လီဆူဘုရားကျောင်းတို့တွင် ရောက်ရှိခိုလှုံနေသော ရှမ်းနှင့် ပလောင်တိုင်းရင်းသား တိုက်ပွဲရှောင်ပြည်သူ ၄၉၃ ဦး၊ ဒေသခံကျောင်းဆရာ ဆရာမများ၊ ရွှေမြင်သာကျောင်းတိုက်မှ ဆရာတော်နှင့် သံဃာတော်များ၊ ကိုရင်များနှင့် လီဆူဘုရားကျောင်းမှ စုစုပေါင်း ၁၁၀ တို့အတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာမှ တာဝန်ရှိသူ ဦးဘိုဘိုဝေမောင်နှင့် လားရှိုးမြို့ ဘဏ်ခွဲအသီးသီးမှ ဘဏ်ခွဲတာဝန်ခံများဖြစ်ကြသော ဒေါ်နန်းခမ်းအောင်လင်း၊ ဒေါ်နန်းမိုဟွမ်၊ ဒေါ်နန်းမီမီဦးတို့က သွားရောက်လှူဒါန်းကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့ ရွှေမြင်သာကျောင်းတိုက်တွင် ခိုလှုံနေကြသော တိုက်ပွဲရှောင် ရှမ်း၊ ပလောင်ပြည်သူများနှင့် ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများအတွက် အနွေးထည် ၂၅၀ ကျော်ကို လည်းကောင်း၊ ရွှေမြင်သာကျောင်းတိုက် ဆရာတော် ဦးအာစိန္ဒထံ ကျောင်းတိုက်ရှိ သံဃာများနှင့် ကိုရင်များအတွက် အနွေးထည် ၁၀၀ ကျော်ကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။




ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် အနွေးထည်များကို ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်ထံ ပေးအပ်လှူဒါန်းစဉ်။

ဆက်လက်၍ လီဆူဘုရားကျောင်းတွင် ခိုလှုံနေကြသော တိုက်ပွဲရှောင် ရှမ်း၊ ပလောင်၊ လီဆူ၊ တိုင်းရင်းသားများအတွက် အနွေးထည် ၂၅၀ ကျော်ကို လည်းကောင်း သွားရောက်လှူဒါန်းကြသည်။

ဖောင်ဒေးရှင်းသည် အောက်တိုဘာ ၁ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ တိုက်ပွဲရှောင်စခန်းများဖြစ်သော နမ့်ခမ်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ နမ္မတူမြို့နယ်၊ မူဆယ်မြို့နယ်တို့ရှိ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများနှင့် ကျောက်မဲမြို့နယ်သို့ ရောက်ရှိပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအတွက် အနွေးထည်စုစုပေါင်း ၇၆၅၂ ထည်ကို လည်းကောင်း၊ စက်တင်ဘာ ၁၇ ရက်တွင် ကရင်ပြည်နယ် မြိုင်ကြီးငူဒေသရှိ မဲသဝေါစစ်ဘေးရှောင်ပြည်သူများအတွက် အနွေးထည် ၃၀၀၀ နှင့် ခေါက်ဆွဲခြောက်ထုပ် ၁၀၀၈၀ တို့ကို လည်းကောင်း၊ ဩဂုတ် ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း အအေးဓာတ်လွန်ကဲနိုင်သည့် ဒေသများမှ ရဟန်းသံဃာများ၊ သီလရှင်များနှင့် ပြည်သူများအတွက် ခေါင်းစွပ်ပါ အနွေးထည် ၃၆၅၀၀ ကို လည်းကောင်း၊ ဩဂုတ် ၁၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ နာဂတိုင်းရင်းသားများအတွက် အနွေးထည် ၃၅၀၀ ကို လည်းကောင်း သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ဝ၁ဝ)**



ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အုန်းနဲ့နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် မောင်မောင်အောင် ဦးစီးသော တပ်ဖွဲ့ဝင်များက အုန်းနဲ့တိုက်နယ်ဆေးရုံဝင်း အတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ (မြို့နယ်ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို အင်းစိန်မြို့နယ်အတွင်းရှိ စက်ရုံများ လှည့်လည်ကြည့်ရှုစစ်ဆေး




**နေပြည်တော် အောက်တိုဘာ ၂**

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ စက်မှုဝန်ကြီးဌာနမှ Mother Industrial Co., Ltd. သို့ ငှားရမ်းထားသည့် အုတ်ထုတ်လုပ်ရေးဌာန (တညင်းကုန်း)နှင့် အဆင့်မြင့်မီးခံအုတ်(တညင်းကုန်း) စက်ရုံ တည်ဆောက်အကောင်အထည်ဖော်လုပ်ငန်း လည်ပတ်ဆောင်ရွက်လျက်ရှိသည့် အပေါ့စားနှင့် သဲကွန်ကရစ်အုတ်နှင့် အပေါ့စားနှင့် ဖိအားမြင့်သဲကွန်ကရစ်အုတ်စက်ရုံများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံတာဝန်ခံက စက်ရုံအစည်းအဝေးခန်းမ၌ ထုတ်ကုန်အမျိုးအစားများနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဈေးကွက်စီးပွားရေးစနစ်တွင် မိမိထုတ်ကုန်ပစ္စည်းများအား ဈေးကွက်တွင်ယှဉ်ပြိုင်ရောင်းချရမည်ဖြစ်၍ ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်းမွန်သည့် ပစ္စည်းများ ထုတ်လုပ်ရန်၊ စံချိန်စံညွှန်းမီအရည်အသွေးကောင်းမွန်ကြောင်း အာမခံနိုင်ရန်၊ ထုတ်ကုန်အသစ်များ ထုတ်လုပ်နိုင်ရေးဆန်းသစ်တီထွင်နေရမည်ဖြစ်ကြောင်း၊ ဈေးကွက်ကို မျက်ခြည်မပြတ်လေ့လာ၍ ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်ရေး စီမံထားရှိရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်မှုဝန်ကြီးဌာနမှ United Pacific Co., Ltd. သို့ ငှားရမ်းထားသည့် အမှတ်(၉)အထည်စက်ရုံခွဲ (အင်းစိန်)သို့ရောက်ရှိပြီး စက်ရုံငှားရမ်းကုမ္ပဏီမှ ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူအကျိုးရှိစေမည့် လုပ်ငန်းအစီအစဉ်များ အမြန်ဆုံးဖော်ထုတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သမိုင်းလမ်းဆုံအနီးရှိ စက်မှုဝန်ကြီးဌာနမှ Win & Win Co., Ltd. သို့ ငှားရမ်းထားသည့် ဂိုထောင်များသို့ရောက်ရှိပြီး ဂိုထောင်များအတွင်း ပစ္စည်းများသိုလှောင်ထားရှိမှုအခြေအနေ၊ ဂိုထောင်များဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများကိုကြည့်ရှုစစ်ဆေးပြီး အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် ဆောင်ရွက်လိုသည့် လုပ်ငန်းအစီအစဉ်များကို အသေးစိတ် မြေပုံ၊ Drawing Structure များဖြင့် တင်ပြရန်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လှိုင်မြို့နယ် ယောဂီကျောင်းလမ်းရှိ လျှပ်စစ်နှင့် မော်တာစက်ရုံတွင် Shwe Ka Thar-Shindo Engineering & Manufacturing Pte Co.,Ltd. မှ “Chip on Film” ဒီဇိုင်းရေးဆွဲခြင်းနှင့် အရည်အသွေးစစ်ဆေးထုတ်လုပ်သည့် စက်ရုံသို့ရောက်ရှိပြီး ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စက်ရုံအား Shwe Ka Thar-Shindo Engineering & Manufacturing Pte Co.,Ltd.နှင့် ဂျပန်နိုင်ငံ Flexceed Co., Ltd. တို့ပူးပေါင်း၍ အီလက်ထရွန်နစ်စက်ရုံတည်ဆောက်ပြီး Chip on Film များအား ဒီဇိုင်းရေးဆွဲခြင်းနှင့် အရည်အသွေးစစ်ဆေးပြီး ထုတ်လုပ်လျက်ရှိသည်။ Chip on Film ဆိုသည်မှာ Polyimide နှင့် Copper ပေါင်းစပ်ထားသည့် အလွန်ပါးလွှာသော ဖလင်ပေါ်တွင် အလွန်သေးငယ်သည့် ကြေးနီအခြေခံလျှပ်စစ်စီးကြောင်းကို ဒီဇိုင်းပုံဖော်ထားခြင်းဖြစ်သည်။ Chip on Film သည် ပျော့ပျောင်းမှုရှိခြင်း၊ အပူဒဏ်ခံနိုင်မှုမြင့်မားခြင်း၊ ပါဝါသုံးစွဲမှုနည်းခြင်း၊ ကြည်လင်ပြတ်သားသော Display Panel များရခြင်း စသည့်စွမ်းဆောင်ရည်များကြောင့် အမျိုးမျိုးသောအီလက်ထရွန်နစ်ပစ္စည်းများတွင် ထည့်သွင်းအသုံးပြုလျက်ရှိသည်။ အထူးသဖြင့် High Density Assembly Products များဖြစ်သော LED TV, Notebook, PC, Tablet, Smart Phone များနှင့် Inkjet Printer များတွင် တွဲဖက်၍အသုံးပြုသည့် Chip on Film များဖြစ်သည့်အတွက် ဈေးကွက်ဝင်ပစ္စည်းအမျိုးအစားဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

❋



# ပုသိမ်မြို့၌ လူထုစုပေါင်းစက်ဘီးစီးပွဲ ဆင်နွှဲ

**ပုသိမ် အောက်တိုဘာ ၂**

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ပုသိမ်မြို့လူထုစုပေါင်းစက်ဘီးစီးပွဲကို အောက်တိုဘာ ၁ ရက် နံနက် ၆ နာရီက ပုသိမ်မြို့ ကမ်းနားလမ်း ရှုခင်းသာရင်ပြင်၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးစံမင်းအောင်တို့ လိုက်ပါဆင်နွှဲသည့် ပုသိမ်ခရိုင်၊ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အခြေခံပညာအထက၊ အလကတို့မှ ကျောင်းသား ကျောင်းသူများ၊ စက်ဘီးဝါသနာရှင်များ အပါအဝင် အင်အား ၂၀၀ ကျော်တို့ တပျော်တပါး ဆင်နွှဲခဲ့ကြောင်း သိရသည်။

အဆိုပါစက်ဘီးစီးပွဲမှာ ပြည်သူများ သက်ရှည်ကျန်းမာစွာဖြင့် အားကစားစိတ်ဓာတ်နိုးကြားစေရန် စုပေါင်းလှုပ်ရှားခြင်းဖြစ်သည်။

(၂၆) မြို့နယ် ကျောင်းပေါင်းစုံစက်ဘီးစီးပြိုင်ပွဲ ဗိုလ်လုပွဲကို နိုဝင်ဘာ ၂ ရက်တွင် ပုသိမ်မြို့တော်ခန်းမရှေ့ ရှုခင်းသာရင်ပြင်၌ ယှဉ်ပြိုင်ပွဲပြုလုပ်ရန် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဖိတ်ခေါ်ထားကြောင်း တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမိုးကျော်လွင်ထံမှ သိရသည်။ **(ပုသိမ်လှကြည်)**

# သက်ကြီးရွယ်အို အခမဲ့ကုသိုလ်ဖြစ်ဆေးခန်းဖွင့်လှစ်ထား၍ ဒေသခံဘိုးဘွားများဝမ်းမြောက်

**ကျောက်ကြီး အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မုန်းတိုက်နယ်ဆေးရုံ ဆရာဝန် ဒေါက်တာနေဇော်လွင်နှင့် မုန်းဒေသ စေတနာရှင်လူငယ်များက ငြိမ်းအေးမေတ္တာ သက်ကြီးရွယ်အိုအခမဲ့ဆေးကုသမှု ပရဟိတအဖွဲ့ကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၆ ရက်မှစတင်ဖွဲ့စည်းခဲ့ပြီး အပတ်စဉ် စနေနေ့တိုင်း မုန်းတိုက်နယ်ဆေးရုံဝင်းအတွင်း ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်းသို့ မပျက်မကွက် ဆေးဝါးကုသမှုဒါနပြုခဲ့သည်မှာ နှစ်နှစ်ကျော်ပြီဖြစ်သည်။

အဆိုပါအခမဲ့ဆေးဝါးကုသမှုအဖွဲ့အစည်းကို သက်ကြီးရွယ်အိုဘိုးဘွားများ အားကိုးရာမဲ့သော စီးပွားရေးမပြေလည်မှုကြောင့် ဆေးဝါးကုသမှုခံယူရန် အခက်အခဲရှိသော သက်ကြီးရွယ်အိုများ သက်တမ်းစေ့ကျန်းမာစွာနေထိုင်နိုင်ရေး၊ ဆင်းရဲချမ်းသာမရွေး၊ လူမျိုးဘာသာမရွေး၊ ရောဂါမရွေး လွယ်ကူစွာ အချိန်မှန်ဆေးဝါးကုသမှုခံယူ၍ ၎င်းတို့နေထိုင်ရသောဘဝတွင် အသက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရေးကိုရှေးရှုပြီး ဖွဲ့စည်းခဲ့ကြောင်း၊ အပတ်စဉ် စနေနေ့တိုင်း သက်ကြီးရွယ်အိုလူနာများ ၅၀ မှ ၇၀ ခန့်ထိ ပုံမှန်လာရောက်ဆေးကုသမှုခံယူနေကြောင်း သိရသည်။

ကျောထောက်နောက်ခံမရှိသော၊ မှီခိုအားထားရာမဲ့သော သက်ကြီးရွယ်အိုလူနာများအား မုန်းဒေသလူငယ့်အားမာန်ပရဟိတအဖွဲ့ကလည်း အဖွဲ့ပိုင်ကားဖြင့် ကြို၊ ပို့ပြုလုပ်၍ ကုသိုလ်ဖြစ်ဆေးခန်းသို့ အချိန်မှန်ဆေးကုသမှုခံယူနိုင်ရေး အကျိုးဆောင်ပေးနေကြောင်း သိရသည်။

အခမဲ့ဆေးဝါးကုသမှုအပြင် လိုအပ်သည့်ဆေးဝါးများ လုံလောက်စွာသုံးစွဲနိုင်ရန် ငြိမ်းအေးမေတ္တာသက်ကြီးရွယ်အိုအခမဲ့ဆေးခန်းမှ စေတနာရှင်များက အလှူငွေများစိုက်ထည့်ခြင်း၊ ဒေသတွင်း ကုသိုလ်ပါဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း၊ အနယ်နယ်အရပ်ရပ်မှလာရောက်လှူဒါန်းသော အလှူရှင်များ၏ထည့်ဝင်လှူဒါန်းမှုများဖြင့် လိုအပ်သောဆေးဝါးများ ဖြည့်ဆည်းခြင်းများဆောင်ရွက်ထားရှိကာ မုန်းတိုက်နယ်ဆေးရုံ ကျန်းမာရေးဝန်ထမ်းများကလည်း စေတနာအပြည့်ဖြင့် သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးဆေးဝါးကုသရေးတွင် ပါဝင်ကူညီလျက်ရှိကြောင်း သိရသည်။



ထိုသို့ ကုသိုလ်ဖြစ်အခမဲ့ဆေးကုသခန်း ဖွင့်လှစ်ဆောင်ရွက်ပေးထားမှုအပေါ် ဒေသခံအဘိုးအဘွားများက ကျေးဇူးတင်ဝမ်းသာပီတိဖြစ်နေကြောင်း၊ ယခု ငြိမ်းအေးမေတ္တာအခမဲ့ဆေးခန်းကို နှစ်ပေါင်းများစွာဖွင့်လှစ်၍ ကုသိုလ်ယူနိုင်ပါစေကြောင်း ဆေးခန်းလာသက်ကြီးလူနာများကလည်း ဆုတောင်းသာဓုခေါ်ဆိုခဲ့ကြောင်း သိရသည်။

**ပန်းချီသန်းဝင်း(ကျောက်ကြီး)**

# ကျောက်တံခါးမြို့နယ် မှော်ယောကြီးဆင်စခန်းဖွင့်

**ကျောက်တံခါး အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-နေပြည်တော်အမြန်လမ်း မိုင်တိုင်အမှတ် (၁၀၅/၇) အနောက်ဘက်တစ်မိုင်ခန့်အကွာ မှော်ယောကြီး ဆင်စခန်းဖွင့်ပွဲကို အောက်တိုဘာ ၂ ရက် နံနက် ၇ နာရီက ကျင်းပသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တောတောင်ရေမြေသဘာဝ အလှရှုခင်းများကြည့်ရှုနိုင်ရန်၊ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ လာရောက်လေ့လာနိုင်ရန်အတွက် ပဲခူးမြောက်သစ်ထုတ်လုပ်ရေးဒေသအား မန်နယ်မှော်ယောကြီးဆင်စခန်း လက်ထောက်မန်နေဂျာ ကိုတင်ကျော်မိုး ဦးစီး၍ ဆင် ၁၂ ကောင်ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်ပရဟိတအဖွဲ့များက ဒေသခံပြည်သူများအား ဆေးကုသပေးခြင်း၊ စားသောက်ဖွယ်ရာများလှူဒါန်းခြင်း၊ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းနှင့် အမှတ်တရသစ်ပင်များ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**



# သက်တမ်း ၉၂ နှစ်ရှိ သီပေါဟော်ဝင်းအတွင်း ဘုရားဆောင်ကြီးကို လက်ရာမပျက် ထိန်းသိမ်းဆောင်ရွက်သွားမည်

**သီပေါ အောက်တိုဘာ ၂**

၁၉၂၄ ခုနှစ် လွန်ခဲ့သည့် (၈၆)ဆက်မြောက် သီပေါစော်ဘွားကြီး စောအုံကြာ (MA)စော်ဘွားမဖြစ်မီ အိမ်ရှေ့စံ(ကျမိုင်း)ဘဝဖြင့် ဗိသုကာလက်ရာမြောက်စွာ တည်ဆောက်ခဲ့သည့် ဟော်စံအိမ်တော်ကြီး၏ အရှေ့ဘက်၌ ဘုရားဆောင်ကြီးတစ်ဆောင်ပါ တည်ဆောက်ထားရှိခဲ့သည်။

အဆိုပါ ဘုရားဆောင်ကြီးမှာ ပြာသာဒ်ပါနှစ်ထပ်ဆောင်ဖြစ်ပြီး စော်ဘွားကြီး စောအုံကြာနှင့် သီပေါ၏ နောက်ဆုံးစော်ဘွား စဝ်ကြာဆိုင်တို့ ဘုရားဝတ်ပြုခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်းစသည်တို့လုပ်ဆောင်ခဲ့သော ဘာသာရေးဆိုင်ရာအဆောက်အအုံကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

ယခုအခါ ပျက်စီးစပြုနေသော ဘုရားဆောင်ကြီးကို လက်ရာမပျက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန်အတွက် သီပေါဘော်ကြိုဆရာတော် ဘဒ္ဒန္တဒေဝိန္ဒ (ဓမ္မကထိက၊ ဗဟုဇနဟိတရေ၊ MA)၊ သီပေါမဟာမြတ်မုနိဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တပညာသီရိ၊ နမ့်လန်မြို့ လယ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏောဘာသ (မဟာသဒ္ဓမ္မဇောတိကဓဇ)တို့၏ ဦးဆောင်မှုဖြင့် ကျွမ်းကျင်ပညာရှင်များနှင့်တိုင်ပင်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းလုပ်ငန်းစဉ်အတွက် ရှေ့ပြေးလေ့လာမှုအဖြစ် စက်တင်ဘာ ၃၀ ရက်က ဆရာတော်ကြီးခုနစ်ပါး သီပေါဟော်သို့ ကြွရောက်တော်မူပြီး ဟော်ဧည့်ခန်းမ၌အိမ်ရှင် ဒေါ်စဝ်စမ်ဖုန်း(နောက်ဆုံးသီပေါစော်ဘွားစဝ်ကြာဆိုင်၏ တူတော်အရင်းစဝ်ဦးကြာ၏ဇနီး၊ မိုင်းရယ်စော်ဘွားကြီး၏ စတုတ္ထသမီးတော်)နှင့် တွေ့ဆုံဆွေးနွေးတော်မူကြသည်။

ထို့နောက် ဟော်ဝင်းအတွင်းရှိ အဆိုပါဘုရားဆောင်ကြီးအား ကြည့်ရှုလေ့လာတော်မူပြီး လာမည့်သီတင်းကျွတ်လနောက်ပိုင်းပွင့်လင်းရာသီ၌ ကျွမ်းကျင်သောပညာရှင်များနှင့် လက်ရာမပျက်ထိန်းသိမ်းဆောင်ရွက်သွားရန် အတည်ပြုတော်မူခဲ့ကြသည်။ သက်တမ်း (၉၂) နှစ်ရှိ သီပေါဟော်စံအိမ်တော်၌ စော်ဘွားကြီးစောအုံကြာနှင့် နောက်ဆုံးသီပေါစော်ဘွားစဝ်ကြာဆိုင်မဟာဒေဝီစဝ်သုစန္ဒီ(ဩစတြီးယားနိုင်ငံသူ) တို့နေထိုင်သွားခဲ့ပြီး ယခုအခါ ပြည်တွင်းပြည်ပမှ ဧည့်သည်များကြည့်ရှုလေ့လာနိုင်ရန် လပြည့်၊ လကွယ်နေ့များမှအပ နေ့စဉ် ညနေ ၃ နာရီမှ ၅ နာရီအထိ ဖွင့်လှစ်လက်ခံလျက်ရှိသည်။



**(သီပေါကိုလတ်)**

# ၂၀၅၀ ပြည့်နှစ်တွင် သက်ကြီးရွယ်အို နှစ်ဘီလီယံခန့်ရှိလာမည်ဟု ကုလသမဂ္ဂအဖွဲ့ကြီး ခန့်မှန်း

**ရန်ကုန် အောက်တိုဘာ ၂**



ကမ္ဘာ့လူဦးရေသည် လက်ရှိတွင် ၇ ဒသမ ၃ ဘီလီယံ ရှိနေပြီး ကမ္ဘာတစ်ဝန်း တရိပ်ရိပ်တိုးတက်လာသည့် သက်ကြီးရွယ်အိုဦးရေသည် ၂၀၁၃ ခုနှစ်က ၈၄၁ သန်းရှိရာမှ ၂၀၅၀ ပြည့်နှစ်တွင် နှစ်ဆကျော်တိုးပြီး နှစ်ဘီလီယံခန့်ရှိလာမည်ဟု ကုလသမဂ္ဂအဖွဲ့ကြီးက ခန့်မှန်းထားကြောင်း ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ အလုံမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားမှ သိရသည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရန်ကုန်တိုင်းဒေသကြီးသည် သက်ကြီးရွယ်အိုညွှန်းကိန်း ၂၄ ဒသမ ၁ ရာခိုင်နှုန်းရှိသည့်အတွက် သက်ကြီးရွယ်အိုများပြားသည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း သက်ကြီးရွယ်အို ဥပဒေကိုပြဋ္ဌာန်းပြီး မြန်မာတစ်နိုင်ငံလုံးတွင် ဥပဒေနှင့်အညီ စောင့်ရှောက်ပေးရန် ကြိုးပမ်းနေကြောင်း၊ သက်ကြီးရွယ်အိုများအား ခွဲခြားဆက်ဆံမှု၊ ပစ်ပယ်မှုများ မပြုလုပ်သင့်ကြောင်း၊ သက်ကြီးရွယ်အိုများသည် နိုင်ငံတော်တည်ဆောက်ရေးကာလများတွင် စွမ်းစွမ်းတမံ ပေးဆပ်ဆောင်ရွက်ခဲ့ကြသူများဖြစ်သည့်အတွက် ဝိုင်းဝန်းစောင့်ရှောက်ပေးကြရန်လိုအပ်ကြောင်း၊ လူမှုရေးအဖွဲ့အစည်းများကလည်း သက်ကြီးရွယ်အိုများအရေးကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိရာ လက်ရှိအခြေအနေတွင် နိုင်ငံတော်ဖွံ့ဖြိုးမှု ဆောင်ရွက်နေချိန်ဖြစ်၍ ပံ့ပိုးပေးနိုင်မှု အားနည်းနေသည်ဆိုသော်လည်း နောက်ပိုင်းတွင် လုံလောက်သော ပံ့ပိုးကူညီမှုများကို တဖြည်းဖြည်း ပေးနိုင်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို နှစ်စဉ် အောက်တိုဘာ ၁ ရက်နေ့တွင် ကျင်းပရန် ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာ ၁၄ ရက်နေ့တွင် (၄၅)ကြိမ်မြောက် ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ဂုဏ်ပြုသတ်မှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ၁၉၉၉ ခုနှစ်ကစ၍ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ သန်း ၅၀ ကျော်အနက် ၂ ဒသမ ၉ သန်း (၅ ဒသမ ၈ ရာခိုင်နှုန်း)သည် အသက် (၆၅)နှစ်အထက် သက်ကြီးရွယ်အိုများဖြစ်ကြသည့်အတွက် အဆိုပါ ကိန်းဂဏန်းအရ မြန်မာနိုင်ငံသား ၁၁ ဦးတွင် တစ်ဦးသည် သက်ကြီးရွယ်အိုစာရင်းတွင် ပါဝင်နေပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း အသက် ၆၅ နှစ်နှင့် အထက်ဦးရေ ၄၁၅၃၄၉ ဦးရှိပြီး သက်ကြီးရွယ်အို ညွှန်းကိန်း ၂၄ ဒသမ ၁ ဖြစ်သည့်အတွက် အဆိုပါ ညွှန်းကိန်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဒုတိယအမြင့်ဆုံးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံး၏ သက်ကြီးရွယ်အိုညွှန်းကိန်း ၂၀ ဒသမ ၁ ထက်ပိုများနေကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ပေးသော ဆောင်ပုဒ်မှာ "ဘိုးဘွားများအတွက် ရပ်တည်ဖို့ ပစ်ပယ်ခွဲခြားမှုများ ဆန့်ကျင်စို့" ဖြစ်ကြောင်း သိရသည်။

ယနေ့ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အလှူရှင်များက အသက် (၉၇) နှစ်အထက် အဘိုးအဘွား ၄၁၆ ဦး၊ ဘိုးဘွားရိပ်သာ ၁၄ ခု အတွက် လှူဒါန်းသည့် ငွေကျပ် ၂၁၂၉၇၉၀၂ အပါအဝင် အမေရိကန်ဒေါ်လာ ၃၀၀ အပြင် ငွေကျပ်သိန်း ၃၀ ခန့် တန်ဖိုးရှိသည့် အသုံးအဆောင်ပစ္စည်းများနှင့် ဆေးဝါးများပေးအပ်ခဲ့သည်။

**သတင်း-သီသီမင်း၊ ဓာတ်ပုံ-ဖြိုး**

# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများဖွင့်

**မန္တလေး အောက်တိုဘာ ၂**

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနတွင်းလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုလုပ်ငန်းခွင်သင်တန်းကျောင်း စက်မှုတိုင်း(၄) သင်တန်းခန်းမ၌ ဖွင့်လှစ်၍ ဌာနတွင်းဝန်ထမ်းများ၏ အရည်အချင်းနှင့် အရည်အသွေးများ တိုးတက်အောင်လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ယခုအခါ စက်မှုကျွမ်းကျင်အဆင့်(၃) သင်တန်းအမှတ်စဉ် (၈)ကို (၃၂)ကြိမ်မြောက် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဲခူးမြို့တွင် ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးသင်တန်းကျောင်း၊ ရန်ကုန်မြို့ စက်မှုတိုင်း(၁)တွင် စက်မှုလုပ်ငန်းခွင်သင်တန်းကျောင်း၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးသင်တန်းကျောင်း၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်၌ အခြေခံရေတိုင်းနှင့် မြေတိုင်းသင်တန်းကျောင်းတို့တွင် ပညာရပ်ဆိုင်ရာ သင်တန်းအသီးသီး ပို့ချလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**ဘီးလင်း အောက်တိုဘာ ၂**

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၇ ရက် ညနေ ၃ နာရီက ဘီးလင်းမြို့နယ် သဘတ်ဆွဲကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ပြုလုပ်ရာ သထုံခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းမင်းထွန်း၊ ဘီးလင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးနောင်နောင်မိုးနှင့် မြို့နယ်လျှပ်စစ်ဝန်ထမ်းများက ဦးစီးကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် သထုံခရိုင် လျှပ်စစ်အင်ဂျင်နီယာနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် သတိပြုလိုက်နာရမည့်အချက်များနှင့် အန္တရာယ်ဖြစ်ပွားနိုင်သည့် အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်လျှပ်စစ်ရုံးဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သတိပေးလက်ကမ်းစာစောင်များကို တက်ရောက်လာကြသည့် ကျေးရွာပြည်သူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရွှေနံ့သာအထက်တန်းကျောင်း(ခွဲ)တွင် ပန်းချီပြိုင်ပွဲပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂**

ကျောင်းသား ကျောင်းသူကလေးများ ကျောင်းစာအပြင် ပြင်ပဗဟုသုတ ရရှိစေရန်နှင့် ပန်းချီပညာကို စိတ်ပါဝင်စားစေရန်၊ ကလေးများ၏ရင်တွင်းခံစားချက်များကို ပေါ်လွင်စွာဖော်ပြပေးစေနိုင်ရန်အတွက် စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ပန်းချီပြိုင်ပွဲပြုလုပ်ခဲ့သည်။

ပန်းချီပြိုင်ပွဲတွင် အလယ်တန်းအဆင့်ကျောင်းသား ကျောင်းသူ ၄၀ အား ပန်းချီပြိုင်ပွဲပြုလုပ်ပေးပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ခဲ့သည်။ ထို့နောက် ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းလှိုင်နှင့် ဝန်ထမ်းများက မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ဂိမ်းကစားခြင်းနှင့် စာရွက်များပေါ်တွင် သရုပ်ပုံစံများပြုလုပ်၍ ဆေးရောင်ခြယ်စေခြင်းနှင့် ကလေးငယ်များနှင့်အတူ ပူးပေါင်း၍ ကိုယ်ကာယလေ့ကျင့်ခန်းလှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# အားကစားသမားအချင်းချင်း ပူးပေါင်းဆောင်ရွက်လိုစိတ်များရရှိရန် ထိုင်း-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပွဲတော်ကျင်းပ

**မြဝတီ အောက်တိုဘာ ၂**

မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး တာ့ခ်ခရိုင်နှင့် မြဝတီခရိုင်ချစ်ကြည်ရေး အားကစားပွဲတော်ကို စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ထိုင်းနိုင်ငံ မဲဆောက်မြို့ စည်ပင်သာယာ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ မြဝတီမြို့မှ မြို့နယ်စည်ပင်ကော်မတီအတွင်းရေးမှူး ဦးကျော်ကျော်ဦး ခေါင်းဆောင်သော အားကစားအဖွဲ့ဝင်များ သွားရောက်ယှဉ်ပြိုင်ခဲ့ကြောင်း မြဝတီမြို့ စည်ပင်သာယာရေးရုံးမှ သိရသည်။

ရှေးဦးစွာ နှစ်နိုင်ငံချစ်ကြည်ရေး အားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားကို တာ့ခ်ခရိုင် ဒုခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာဝပ်စန်ချမ်မန်နှင့် မြဝတီမြို့မှ မြို့နယ်စည်ပင်ကော်မတီအတွင်းရေးမှူး ဦးကျော်ကျော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တာ့ခ်ခရိုင် ဒု-အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားသည်။ ယခုကဲ့သို့ ထိုင်း-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး အားကစားပွဲကျင်းပပေးရခြင်းကြောင့် နှစ်နိုင်ငံပြည်သူများ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုရရှိစေပြီး တစ်ဦးနှင့်တစ်ဦး ခင်မင်မှုများတိုးပွားကာ အားကစားသမားအချင်းချင်း ပူးပေါင်းဆောင်ရွက်ချင်စိတ်များဖြစ်ပေါ်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း တာ့ခ်ခရိုင် ဒု-အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံ ရိုးရာအကအလှများနှင့် ဖျော်ဖြေကြပြီး ပိုက်ကျော်ခြင်း၊ ဘောလုံး၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ဝိုင်းခြင်းနှင့် လွန်ဆွဲအားကစားနည်းများကို ယှဉ်ပြိုင်ခဲ့ကြသည်။

ဘောလုံးကစားနည်းတွင် တာ့ခ်ခရိုင်နှင့် မြဝတီခရိုင်မှ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ စည်ပင်ကော်မတီဝင်များ ပါဝင်ကစားကြမည်ဟု သိရပြီး မြဝတီခရိုင်အားကစားနှင့်ကာယပညာကော်မတီမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိုင်းထွန်းဇော်က "အခုလို နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပွဲကို တာဝန်ရှိသူတွေအနေနဲ့ ကျင်းပပေးတာဟာ အလွန်ကောင်းပါတယ်။ နှစ်နိုင်ငံ အားကစားသမားတွေ ချစ်ကြည်ရင်းနှီးမှုတွေပိုပြီးရရှိသလို နိုင်ငံတကာအတွေ့အကြုံတွေလည်း ရတာပေါ့။ အားကစားနည်းတွေလည်း ဖလှယ်လို့ရတာပေါ့။ နောက်ပြီး အပြန်အလှန် ရိုင်းပင်းကူညီမှုတွေလည်း ရရှိကြတဲ့အတွက် အလျဉ်းသင့်သလို ခုလိုပြိုင်ပွဲတွေကို မကြာခဏ ပြုလုပ်သွားစေချင်ပါတယ်" ဟု ပြောကြားသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**



## သွားနှင့်ခံတွင်းရောဂါအမျိုးမျိုး(အခမဲ့)ကုသပေး

**ခင်ဦး အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အောင်သီရိရပ်ကွက် ကျောင်းသစ်ကျောင်းတိုက်အတွင်း၌ ယမန်နေ့နံနက် ၇ နာရီက သွားနှင့်ခံတွင်းရောဂါအမျိုးမျိုးတို့ကို(အခမဲ့) ကုသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ သွားနှင့်ခံတွင်းရောဂါအမျိုးမျိုး(အခမဲ့)ကုသရေးအဖွဲ့ကို မြို့နယ်သွားဆရာဝန် ဒေါက်တာကျော်သက်ခိုင်က ဦးဆောင်၍(မန္တလေး)နှလုံးလှသွားဆရာဝန်များအဖွဲ့(Dental Mobile Team)နှင့် မြတ်သီရိနာရေးကူညီမှုအသင်းတို့ ပူးပေါင်း၍ လူဦးရေ ၃၀၀ ကျော်ခန့်ကို အောက်တိုဘာ ၂ ရက်အထိ အခမဲ့ကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**

## မုံရွာကြက်မွေးမြူရေးဇုန်တွင် ရောဂါကြောင့်ဆုံးရှုံးနစ်နာခဲ့သည့် ကြက်ခြံပိုင်ရှင်များအား ထောက်ပံ့ငွေပေးအပ်

**မုံရွာ အောက်တိုဘာ ၂**

မုံရွာမြို့ ကြက်မွေးမြူရေးဇုန်တွင် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ဆုံးရှုံးနစ်နာခဲ့ရသည့် ကြက်ခြံပိုင်ရှင် ၉၈ ဦး၏ ခြံအရေအတွက် ၁၇၄ ခြံမှ ၈၈၆၂၂ ကောင်အတွက် ငွေကျပ် ၆၆၂၉၂၂၃၉၀ ကို နိုင်ငံတော်သမ္မတကြီးကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က မွေးမြူသူများလက်အရောက် စက်တင်ဘာ ၃၀ ရက်က ပေးအပ်ခဲ့သည်။

"ယခုနှစ် မတ် ၃၁ ရက်ကစပြီး သာမန်ထက်ပိုတဲ့ သေဆုံးမှုတွေကြောင့် စစ်ကြည့်တဲ့အခါ H5H9N2 ရောဂါပိုးတွေ့ရှိရတဲ့အတွက် မွေးမြူရေးလုပ်ငန်းရှင်တွေရဲ့ ဆန္ဒနဲ့အညီ ဧပြီ ၃ ရက်ကနေ မေ ၁၉ ရက်အထိ ပိုင်ရှင် ၉၈ ဦးရဲ့ ၁၇၄ ခြံကကြက် ၈၈၆၂၂ ကောင်ကို စနစ်တကျသုတ်သင်ရှင်းလင်းခဲ့ပါတယ်။ ခြံပိုင်ရှင် ၃၅ ဦးရဲ့ ၇၂ ခြံက ၃၄၄၅၂ ကောင်ကို ရောဂါကင်းဝေးဖို့ ဇီဝလုံခြုံရေးမြှင့်တင်ဆောင်ရွက်ထားရှိပါတယ်"ဟု မုံရွာခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါက်တာမျိုးချစ်က ပြောသည်။

ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ဆုံးရှုံးနစ်နာကြသည့် ကြက်ခြံပိုင်ရှင်များကို စာနာထောက်ထားသည့်အနေဖြင့် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေမှ သက်တမ်းတစ်လခွဲမှ လေးလအတွင်း ကြက်တစ်ကောင်လျှင် ကျပ် ၅၄၉၇ ဖြင့် ကောင်ရေ ၈၇၀ အတွက် ကျပ် ၄၇၈၂၃၉၀ သက်တမ်းလေးလသားအထက်တစ်ကောင်လျှင် ကျပ် ၇၅၀၀ နှုန်းဖြင့် ကောင်ရေ ၈၇၇၅၂ ကောင်အတွက် ကျပ် ၆၅၈၁၄၀၀၀၀ ဖြစ်သည့်အတွက် ထောက်ပံ့ငွေစုစုပေါင်းမှာ ကျပ် ၆၆၂၉၂၂၃၉၀ဖြစ်ကြောင်း သိရသည်။

"မွေးမြူရေးလုပ်ငန်းရှင်တွေအနေနဲ့ သမ္မတကပေးအပ်တဲ့ထောက်ပံ့ငွေတွေကိုရယူပြီး ဇီဝလုံခြုံရေးကောင်းမွန်လို့ မွေးမြူရေးလုပ်ငန်းတွေ ပြန်လည်ဆောင်ရွက်တဲ့အခါမှာ မျိုးစိတ်မတူတဲ့ကြက်ငှက်တွေကို သီးခြားမွေးဖို့လိုသလို ဇီဝလုံခြုံမှုအစီအမံတွေကို တစ်ပြိုင်တည်းဖြစ်စေဖို့ ဆောင်ရွက်ပါမယ်။ ဇီဝလုံခြုံမှုအဆင့်အလိုက် လူဝင်လူထွက်ကန့်သတ်ပြီး လူ၊ ယာဉ်ဝင်ထွက်မှတ်တမ်းတွေ ထည့်သွင်းမွေးတာတွေ၊ ထုတ်လုပ်တာ၊ သေဆုံးတာ ရောင်းချတာတွေကို မှတ်တမ်းထားရှိဖို့နဲ့ ဇုန်စီမံခန့်ခွဲမှုကော်မတီ မွေးမြူရေးနဲ့ကုသရေးဦးစီးဌာနတို့ရဲ့ စစ်ဆေးတာကိုခံယူရမှာ ဖြစ်ပါတယ်။ မွေးမြူရေးခြံအတွင်းကို ခြံလုပ်သားတွေပဲ နေထိုင်စေပြီး မိသားစုတွေ ခြံဝင်းထဲအခြေချနေထိုင်တာ မလုပ်သင့်ပါဘူး။ ပုံမှန်မဟုတ်တဲ့ ဖျားနာတာ၊ ကြက်သေတာတွေကို အမြန်သတင်းပို့ဖို့ဆိုတဲ့ ဇီဝလုံခြုံမှုဆိုင်ရာမွေးမြူရေးစနစ်နဲ့ ပတ်သက်တဲ့ စည်းကမ်းချက်တွေကို အထူးအလေးထား လိုက်နာကြဖို့တော့လိုပါတယ်"ဟု ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ကြက်ခြံပိုင်ရှင်များကို စက်တင်ဘာ ၃၀ ရက် ထောက်ပံ့ငွေပေးအပ်ရာတွင် ပြောကြားခဲ့သည်။

မုံရွာမြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ အက်တောကျေးရွာနှင့် ကျောက်စစ်ပုံတောင်ရွာကြား မုံရွာသာစည်လမ်းဘေး ဧရိယာ ၁၂၃ ဒသမ ၄၅ ဧကကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၄ ရက်က ကြက်၊ ငုံးမွေးမြူရေးဇုန်အဖြစ် စတင်တည်ထောင်ခဲ့ရာမှ ၂၀၁၂ ခုနှစ် မေလအတွင်းက ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ငုံးအများအပြား သေကျေပျက်စီးခဲ့သည်။ ထို့ပြင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီပထမပတ်အတွင်းကလည်း H5N1 ဗိုင်းရပ်စ်ကြောင့် ကြက်၊ ငုံးအားလုံးကို သုတ်သင်ခဲ့ရပြန်ပြီး ယခုနှစ် မတ် ၃၁ ရက်မှစတင်၍ သာမန်ထက်ပိုသည့် သေဆုံးမှုများတွေ့သောကြောင့် စစ်ဆေးကြည့်ရာ H5 H9 N2 ရောဂါပိုးကို တွေ့ရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၏ ဆန္ဒနှင့်အညီ ဧပြီ ၃ ရက်မှ မေ ၁၉ ရက်အထိ ပိုင်ရှင် ၉၈ ဦး၏ ၁၇၄ ခြံမှ ကြက် ၈၈၆၂၂ ကောင်ကို စနစ်တကျ သုတ်သင်ရှင်းလင်းခဲ့သည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်အတွင်း H5N1ဗိုင်းရပ်စ်ကြောင့် ကြက်၊ ငုံး အားလုံး သုတ်သင်ရှင်းလင်းပြီးနောက်တွင် ဇီဝလုံခြုံမှုဆိုင်ရာ မွေးမြူရေးစနစ်များအရ ကြက်၊ ငုံးမွေးမြူရေးဇုန်ကို ကြက်မွေးမြူရေးဇုန်အဖြစ် သတ်မှတ်ပြီး ငုံးမွေးမြူရေးဇုန်ကို ၂၀၁၅ ခုနှစ် ဇွန်လမှစတင်ကာ မုံရွာမြို့နယ် မရိုးတောကျေးရွာအုပ်စု သားပြေးကျောက်မိုင်းလမ်းမှ မြေဧရိယာ ၅၈ ဒသမ ၇၇ ဧကတွင် ပြောင်းရွှေ့တည်ထောင်ထားကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ဘောလုံးအခြေခံနည်းစနစ်များသင်ကြားပြီး အားကစားပစ္စည်းများလှူဒါန်း

**တောင်ကြီး အောက်တိုဘာ ၂**

မြန်မာနေရှင်နယ်လိဂ်ကလပ် ရှမ်းယူနိုက်တက်အသင်းသည် ရှမ်းပြည်နယ် အားကစားအဆင့်အတန်းတိုးတက်ရေး အထောက်အကူပြုစေရန် ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသားလူငယ်များကို ဘောလုံးအခြေခံနည်းစနစ်များသင်ကြားကာ အားကစားပစ္စည်းများ လှူဒါန်းခဲ့သည်။



ရှမ်းယူနိုက်တက် အသင်းသည် စက်တင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တွင် Operation Director ဦးရဲမျိုးထွန်းဦးဆောင်၍ နည်းပြချုပ် ဦးစိုးမြတ်မင်းနှင့် နည်းပြအဖွဲ့ဝင်များ၊ စီနီယာအသင်းမှ စိုးမင်းဦး၊ သီဟစည်သူ၊ မိုင်းအိုက်နိုင်နှင့် စိုင်းမင်းထွန်း၊ လူငယ်အသင်းမှ ရှမ်းပြည်သားကစားသမားများဖြစ်သော ဟိန်းဖြိုးဝင်း(ဟဲဟိုး)၊ သန်းဒွက်(ဖယ်ခုံ)နှင့် ဈာနေယျသူ (တောင်ကြီး)တို့က နှစ်ရက်ကြာ သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ ပထမရက်တွင် ပန်သခွား၊ အထက (၂) တောင်ကြီး၊ အထက (၁)တောင်ကြီး၊ အထက(၄) တောင်ကြီးတို့တွင် ဘောလုံးအခြေခံနည်းစနစ်များကို မိတ်ဆက်သင်ကြားကာဘောလုံးနှင့် အားကစားအကျီများ လှူဒါန်းခဲ့သည်။ ယင်းကဲ့သို့ သင်ကြားရာတွင် အခြေခံပညာကျောင်းများတွင် ဘောလုံးနည်းစနစ်များ သင်ကြားမှုကို ရှမ်းယူနိုက်တက်အသင်း ပရိသတ်များကလည်း ပူးပေါင်းပါဝင်ကူညီခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယရက်တွင် ဘော်ဆိုင်းအမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကာ ဆက်လက်သင်ကြားပေးခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း၏ နည်းပြချုပ် ဦးစိုးမြတ်မင်း ဦးဆောင်သော သင်ကြားရေးအဖွဲ့တွင် လက်ထောက်နည်းပြ ဦးဟန်ဝင်းအောင်၊ စီနီယာအသင်းမှကစားသမားများဖြစ်သော စိုးမင်းဦး၊ သီဟစည်သူ၊ မိုင်းအိုက်နိုင်၊ စိုင်းမင်းထွန်း၊ လူငယ်အသင်းမှ ကစားသမားများဖြစ်သည့် အောင်ခန့်ကို၊ ဟိန်းဖြိုးဝင်း၊ ဈာနေယျသူ၊ သန်းဒွက်တို့ ပါဝင်ခဲ့သည်။ ဘော်ဆိုင်း အထက(၆)ရှိ ကျောင်းသားများကို ဘောလုံးအခြေခံနည်းစနစ်များကို အသီးသီးသင်ကြားခဲ့သည်။ ထို့နောက် ဘောလုံးနှင့် အားကစားအကျီများကို ကျောင်းတာဝန်ရှိသူများထံ လှူဒါန်းခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဘော်ဆိုင်း အထက(၆)တွင် သင်ကြားပြီးနောက် ဟဲဟိုး အထက(၄)၊ ရွှေညောင်အထက၊ အေးသာယာရှိ ရွှေတောင်တန်း ပရဟိတကျောင်းတို့ရှိ ကျောင်းသားများအား ဘောလုံးအခြေခံနည်းစနစ် သင်ကြားခြင်း၊ ဘောလုံးနှင့်အားကစား အကျီများ လှူဒါန်းခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ရှမ်းယူနိုက်တက်အသင်း**

## နာဂဒေသ ထန်ခေါ်လန်းမကျေးရွာတွင် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ခန္တီး အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ထန်ခေါ်လန်းမရွာတွင် ရောဂါကြောင့် သေဆုံးခဲ့ရသော မိသားစုဝင်များအတွက် စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ကမ္ဘောဇအလင်းတန်းကုမ္ပဏီမှ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကို စက်တင်ဘာ ၂၈ ရက်က ထန်ခေါ်လန်းမကျေးရွာ၌ ကျင်းပရာ ရောဂါကြောင့် သေဆုံးသူတစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီနှင့် အဝတ်အထည်များ၊ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(စန်းလွင်ဦး)**

## မုန့်တီ၊ မုန့်ဖတ်နှင့် ခေါက်ဆွဲများတွင် ဖော်မလင်ကင်းစင်ပြီး ကျန်းမာရေးနှင့်ညီညွတ်အောင် ထုတ်လုပ်နိုင်ရေးအတွက် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနက ကြီးမှူးကျင်းပမည့် မုန့်တီ၊ မုန့်ဖတ်နှင့် ခေါက်ဆွဲများတွင် ဖော်မလင်ကင်းစင်ပြီး ကျန်းမာရေးနှင့်ညီညွတ်အောင် ထုတ်လုပ်နိုင်ရေးအတွက် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ Dolphin Hotel ၌ ကျင်းပမည်ဖြစ်ရာ မုန့်တီ၊ မုန့်ဖတ်နှင့် ခေါက်ဆွဲထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# Winner ဖြစ်ခဲ့ရင် ငယ်ဘဝ အိပ်မက်ပြည့်စုံမှာပါလို့ ပြောလာတဲ့ Miss Universe Myanmar Mogok 2016 လိုင်ဒီယာစော



Miss ပြိုင်ပွဲတွေမှာ အစဉ်အလာကြီးမားခဲ့တဲ့ Miss Universe ပြိုင်ပွဲကို စာဖတ်ပရိသတ်အားလုံး သိကြမယ်ထင်ပါတယ်။ Miss Universe Myanmar ကိုယ်စားပြုအနေနဲ့ ပထမဦးဆုံး ဆွတ်ခူးရရှိခဲ့သူက "မိုးစက်ဝိုင်" ဖြစ်ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ Miss Universe ပြိုင်ပွဲ ကျင်းပလာတာ ငါးနှစ်တာကာလကို ရောက်ရှိခဲ့ပါပြီ။ အောက်တိုဘာ ၆ရက်မှာတော့Miss Universe 2017 အတွက် Miss Universe Myanmar Final ပြိုင်ပွဲကြီးကို ကျင်းပတော့မှာ ဖြစ်ပါ တယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ် ဒေသအသီးသီးမှ အလှမယ်များ ပါဝင်ယှဉ်ပြိုင်ကြရာ ပတ္တမြား မြေမှ အလှမယ်လေး ဆောင်းနှင်းပွင့်ဖြူ(ခ)လိုင်ဒီယာစောက Miss Universe Myanmar Mogok 2016 ဆုကို ဆွတ်ခူးရရှိခဲ့ပါတယ်။ ပတ္တမြားမြေမှ ပတ္တမြား အရိုင်းတုံးလေးကို အရောင်တောက်လာစေအောင် သွေးပေးမယ့် Miss Universe Myanmar ပြိုင်ပွဲအတွက် သူရဲ့ကြိုတင်ပြင်ဆင်နေပုံနဲ့ သူ့အကြောင်းကို အနည်းငယ် ဖော်ပြပေးလိုက်ရပါတယ်။

**ညီမရဲ့ ကိုယ်ရေးအကျဉ်းလေးနဲ့ ပရိသတ်ကို မိတ်ဆက်ပေးပါလား။**

ညီမနာမည်က ဆောင်းနှင်းပွင့်ဖြူပါ။ ဖေဖေက ဦးစောညီညီ၊ မေမေက ဒေါ်မလှပါ။ အစ်ကိုလေးယောက်ရှိပါတယ်။ အခုပြိုင်ပွဲဝင် နာမည်ကတော့ လိုင်ဒီယာစောပါ။ ညီမရဲ့ ခါးနံပါတ်က နံပါတ်(၈)ဖြစ်ပါတယ်။

**ညီမလေးက အနုပညာနဲ့ ပတ်သက်ရင် ဘာတွေကို ဝါသနာပါလဲ။**

ဟုတ်ကဲ့။ ညီမက တိုင်းရင်းသားရိုးရာအကနဲ့ အဆိုကိုဝါသနာပါတယ်။ ဘုရားကျောင်းမှာတော့ သီချင်းတွေ ဘာတွေဆိုဖူးပါတယ်။

**ညီမလေးက ဘာလူမျိုးလဲ။**

ညီမက လီဆူးလူမျိုးပါ။

**အရင်က ပြိုင်ပွဲဝင်ပြိုင်ဖူးလား။ ဆုတွေရော ရခဲ့သေးလား။**

အခု Miss Universe Myanmar Mogok 2016, Miss Golden Batterfly Hotel 2013, Miss Lisu(2015)မှာတော့ 1st Runner Up ရခဲ့ပါတယ်။

**Miss Universe ပြိုင်ပွဲကို ဘယ်တုန်းကစပြီး သိခဲ့တာပါလဲ။**

မမိုးစက်ဝိုင်နဲ့ 2013 ခုနှစ်စပြီး ဒီပြိုင်ပွဲကို သိခဲ့တာပါ။

**Miss Universe Myanmar ကို ပါဝင်ယှဉ်ပြိုင်ဖြစ်တာလေး ပြောပြပေးပါဦး။**

ငယ်ငယ်ကတည်းက ညီမက အလှမယ်တစ်ယောက်ဖြစ်ချင်ခဲ့တာပါ။ ကိုယ့်ရဲ့ ရည်ရွယ်ချက်လေးကို အကောင်အထည်ဖော်ချင်တာကြောင့် ပြိုင်ဖြစ်ခဲ့တာပါ။

**Miss Universe Myanmar Final မှာ ညီမလေးသာ Winner တစ်ယောက် ဖြစ်လာခဲ့မယ်ဆိုရင် ဘယ်လိုခံစားရမလဲ။**

Winner တစ်ယောက်သာဖြစ်ခဲ့မယ်ဆိုရင် ငယ်ငယ်ကတည်းက ညီမဖြစ်ချင်တဲ့ အိပ်မက်တစ်ခု ပြည့်စုံသလိုခံစားရမှာပါ။ အလွန်လည်း ဝမ်းသာမိမှာပါ။

**Winner ဖြစ်လာမယ်လို့ရော ယုံကြည်ထားလား။**

Winner တစ်ယောက်ဖြစ်ဖို့က ပြိုင်ပွဲဝင်တိုင်းရဲ့ ယုံကြည်ချက်ဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ရှိပါတယ်။

**ညီမလေးအတွက် ဒီပြိုင်ပွဲမှာ အခက်အခဲဆုံးက ဘာတွေဖြစ်မလဲ။**

ညီမအတွက် ခက်ခဲတာက Body Fitness နည်းနည်းလိုတာရယ်၊ အရယ်အပြုံး လေ့ကျင့်ရတာရယ်ပါ။

**ရှေ့ဆက်လုပ်သွားချင်တဲ့ အနာဂတ်ရည်မှန်းချက်က ဘာလဲ။**

အနာဂတ်ရည်မှန်းချက်က Miss Trainner တစ်ယောက်ဖြစ်ဖို့ပါ။ မြန်မာ့ဂုဏ်ဆောင် မျိုးဆက်သစ်တွေကို မြေတောင်မြှောက် ပေးချင်ပါတယ်။ အထူးသဖြင့် ညီမတို့ လီဆူးတိုင်းရင်းသူတွေအတွက်ပေါ့။

**ပြိုင်ပွဲအတွက် ရင်ခုန်နေမှာပေါ့။**

ဟုတ်ကဲ့၊ အရမ်းရင်ခုန်ပါတယ်။

**ခါးနံပါတ်(၈) ဖြစ်တဲ့ ညီမလေးကို အားပေးနေမယ့် မိုးကုတ်က ပရိသတ်ရော၊ အနယ်နယ်အရပ်ရပ်က ပရိသတ်တွေကို ဘာများ ပြောချင်ပါသလဲ။**

ညီမကို ဆက်လက်အားပေးပါ။ ဝင်ရောက်အကြံဉာဏ်ပေးချင်တယ်ဆိုရင် Lydia Saw ရဲ့ Facebook အကောင့်မှာ အကြံပေးနိုင်ပါတယ်။ ပရိသတ်များအားလုံး ရွှင်လန်းချမ်းမြေ့ပါစေရှင်။

စုမြတ်ဇော်

# ပတ္တမြားFM (၇)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် Audio Book လှူဒါန်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂**

ပတ္တမြားFM (၇)နှစ်ပြည့် နှစ်ပတ်လည်နေ့ဖြစ်သည့် အောက်တိုဘာ ၁ ရက်တွင် နှစ်စဉ်ကျင်းပနေကြ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မျက်မမြင်ကျောင်းများသို့ Audio Book လှူဒါန်းပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့ ပန်းပင်ကြီးလမ်းရှိ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၌ ယင်းနေ့ နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပခဲ့သည်။



အဆိုပါလှူဒါန်းပွဲတွင် ရှေးဦးစွာ ပတ္တမြားFMမှ ဒါရိုက်တာ ဒေါ်သီတာဆွေက လှူဒါန်းရခြင်းအကြောင်းပြောကြားပြီး အလှူငွေများပေးအပ်လှူဒါန်းရာ ကြည့်မြင်တိုင်နှင့်ခဝဲခြံ မျက်မမြင်ကျောင်းများမှ ကျောင်းအုပ်ဆရာမကြီးတို့က အသီးသီးလက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် နာမည်ကျော် တေးသံရှင်များဖြစ်သည့် ဟဲလေး၊ ဇွဲပြည့်၊ မရန်ဆိုင်းနော်၊ Idiots၊ ထက်ယံ၊ X-Box၊ အောင်ဖြိုး၊ စွန်းမုန်၊ ထက်မွန်၊ အမွန်း၊ လိမ္မော်သီး၊ ချောငယ်၊ လမင်းဖြူ အစရှိသော တေးသံရှင်များက အမြင်အာရုံချို့တဲ့သည့်ကလေးငယ်များအား တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပတ္တမြားFM(၇)နှစ်ပြည့် နှစ်ပတ်လည်နေ့ကိတ်မုန့်ကို တေးသံရှင်များနှင့်အတူ တပျော်တပါး ခွဲစိတ်ပေးသည်။

ပတ္တမြားFM အနေဖြင့် နှစ်စဉ် နှစ်ပတ်လည်နေ့ ကျရောက်တိုင်း လှူဒါန်းနေကြဖြစ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မျက်မမြင်ကျောင်းကိုးကျောင်းသို့ Audio Book များ၊ အလှူငွေများ၊ စားသောက်ကုန်နှင့် ဆေးဝါးပစ္စည်းများ လှူဒါန်းခြင်းနှင့်အတူ ရန်ကုန်မြို့ ကြည့်မြင်တိုင်နှင့် ခဝဲခြံ မျက်မမြင်ကျောင်းများရှိ ကျောင်းသား ကျောင်းသူ ၄၄၈ ဦးအား နေ့လယ်စာနှင့် ညစာကျွေးမွေးခြင်းတို့ဖြင့် လှူဒါန်းခဲ့သည်။ ယခုနှစ် ပတ္တမြား FM မိသားစုနှင့်အတူ စေတနာရှင်များ၊အလှူရှင်များမှ စုစုပေါင်း အလှူငွေနှင့် အလှူပစ္စည်း လှူဒါန်းမှုမှာ ငွေကျပ် ၄၅ သိန်းခန့် တန်ဖိုးရှိ ကြောင်း သိရသည်။ ထို့ပြင် ပတ္တမြားFM မှ ယခုနှစ် အောက်တိုဘာ ၁၅ ရက် နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့တွင် ငွေကျပ် ၂၄ သိန်းလေးသောင်း တန်ဖိုးရှိ တီရှပ်အထည် ၁၅၀၀ လှူဒါန်းပြီး ပါဝင်ကူညီသူများအတွက် လည်း တီရှပ်အထည် ၂၀၀ ကို ပေးလှူသွားမည်ဖြစ်သည်။

**ကိုပိုင်(ပတ္တမြား)**

# အာဂျင်တီးနားဇာတ်ကား The Distinguished Citizen ၏ အော်စကာဆု၏ အကောင်းဆုံးနိုင်ငံခြားဘာသာစကား ဇာတ်ကားဆုအမျိုးအစားအတွက် ပါဝင်ယှဉ်ပြိုင်မည်



၂၀၁၇ ခုနှစ်အတွက် ကျင်းပမည့် အော်စကာဆုပေးပွဲတွင် အာဂျင်တီးနားဒရမ်မာဇာတ်ကား The Distinguished Citizen က အကောင်းဆုံးနိုင်ငံခြားဘာသာစကား ဇာတ်ကားဆုအမျိုးအစားအတွက် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသိရသည်။

အာဂျင်တီးနား-စပိန် ပူးပေါင်းရိုက်ကူးထားသည့် ယင်းဇာတ်ကားသည် မကြာမီက ကျင်းပခဲ့သည့် (၇၃) ကြိမ်မြောက် ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ရွှေခြင်္သေ့ဆုအတွက် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး သရုပ်ဆောင် Oscar Martinez က အကောင်းဆုံးသရုပ်ဆောင်အဖြစ် Volpi Cup award ဆုရရှိခဲ့သည်။ (ဓာတ်ပုံ)

အာဂျင်တီးနားရုပ်ရှင်အကယ်ဒမီ၏ ထုတ်ပြန်ချက်အရ ယင်းဇာတ်ကားသည် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ဖြန့်ချိပြသခဲ့သည့် တောင်အမေရိကနိုင်ငံများမှ ရုပ်ရှင်ဇာတ်ကား ၁၀၀ အနက်မှ ရွေးချယ်ခြင်းခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

The Distinguished Citizen ဇာတ်ကားသည် စာပေနိုဘယ်ဆုရှင်တစ်ဦးအကြောင်းကို ပုံဖော်ထားသည့် ဒရမ်မာဇာတ်လမ်းတစ်ပုဒ်ဖြစ်ပြီး အာဂျင်တီးနားသရုပ်ဆောင် Oscar Martínez က အဓိကပါဝင်သရုပ်ဆောင်ထားသည်။

၂၀၁၇ ခုနှစ်၏ အော်စကာဆုပေးပွဲအခမ်းအနားကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပသွားမည်ဖြစ်သည်။

အာဂျင်တီးနားရုပ်ရှင်များအနေဖြင့် ၁၉၈၅ ခုနှစ်က The Official Storyဇာတ်ကားဖြင့်လည်းကောင်း၊ ၂၀၀၉ ခုနှစ်က The Secret in Their Eyes ဇာတ်ကားဖြင့် လည်းကောင်း အကောင်းဆုံးနိုင်ငံခြားဘာသာစကားဇာတ်ကား အော်စကာဆုကို ရရှိခဲ့ကြောင်းသိရသည်။

**မျိုးစန္ဒာမောင်**

## ဘိုင်ယန်မြူးနစ် လုပ်ဆောင်စရာ အများကြီး ကျန်နေသေးဟု ဖိလစ်လမ်း ယုံကြည်

ဘိုင်ယန်မြူးနစ်အသင်းသည် ချန်ပီယံလိဂ်အုပ်စုပွဲစဉ် အက်သလက်တီကိုအား အဝေးကွင်းတွင် ရှုံးနိမ့်ခဲ့ပြီးနောက် ဘွန်ဒက်စ်လီဂါတွင်လည်း ကိုလုံးအသင်းနှင့် ပွဲစဉ်ကို အိမ်ကွင်း၌ ကစားခဲ့ရသော်လည်း သရေရလဒ်သာ ထပ်မံထွက်ပေါ်ခဲ့ရာ အသင်းခေါင်းဆောင် ဖိလစ်လမ်းက ဘိုင်ယန်အနေဖြင့် တိုးတက်မှုရရှိရန် လုပ်ဆောင်စရာများစွာ ကျန်ရှိနေသေးသည်ဟု အသင်းဖော်များအား တိုက်တွန်းလိုက်သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီခြောက်ရာသီခန့်က အောင်မြင်မှုများ ဆက်တိုက်ဆိုသလို ရရှိခဲ့သော်လည်း ယခုနှစ်ရာသီ နည်းပြအပြောင်းအလဲဖြင့် ရလဒ်ပိုင်းအနည်းငယ် ယိမ်းယိုင်သွားခဲ့ရာ ဖိလစ်လမ်းယခုကဲ့သို့ ယူဆခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ဘွန်ဒက်စ်လီဂါတွင် နိုင်ပွဲ ငါးပွဲ၊ သရေ တစ်ပွဲဖြင့် အမှတ်ပေးဇယားအဆင့်(၁)နေရာတွင် ဆက်လက်ရှိနေဆဲဖြစ်ပြီး နည်းပြ အန်စလော့တီကလည်း ဘိုင်ယန်မြူးနစ်ကစားပုံမှာ လိုအပ်ချက်များစွာ ရှိနေဆဲဖြစ်ကြောင်း ဝန်ခံပြောကြားလိုက်သည်။

## အူဒီးနီးစ် နည်းပြ အိုင်ချီနီအား မထုတ်ပယ်ရန် ဒန်နီလိုတောင်းဆို

အူဒီးနီးစ်အသင်းသည် လာဇီယိုအသင်းအား သုံးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့ပြီးနောက် အဆိုပါ ရှုံးပွဲအတွက် ကစားသမားများကိုသာလျှင် အပြစ်တင်သင့်ပြီး အသင်းနည်းပြ အိုင်ချီနီအား ထုတ်ပယ်ခြင်းမပြုပါရန် အူဒီးနီးစ်နောက်ခံလူ ဒန်နီလိုကတောင်းဆိုလိုက်သည်။ အူဒီးနီးစ်အသင်းသည် အဆိုပါ လာဇီယိုနှင့်ပွဲစဉ်ကို အိမ်ကွင်း ဒါစီယာတွင် ယှဉ်ပြိုင်ခဲ့ရသော်လည်း ဂိုးပြတ် အရေးနိမ့်ခဲ့သည့်အတွက် နောက်ဆုံး ပွဲသိမ်းခရာမှုတ်ချိန်တွင် ပရိသတ်များက ဒေါသထွက်ကာ ဆန့်ကျင်မှုများ ပြုလုပ်ခဲ့သည်။ ဒန်နီလိုက “ အသင်းမှာ ငယ်ရွယ်တဲ့ ကစားသမားတွေအများကြီးရှိနေပေမယ့် ပြည်တွင်းကစားသမားတွေအများအပြားကို ပျိုးထောင်နေတဲ့ အနေအထားကြောင့် လောလောဆယ်မှာတော့ ရလဒ်ပိုင်း မတည်မငြိမ်ဖြစ်နေတာပါ။ ဒါ့အပြင် သုံးနှစ်အတွင်း နည်းပြ ငါးဦးပြောင်းလဲခဲ့ရတာကလည်း အသင်းရဲ့ တည်ငြိမ်မှုကို ထိခိုက်စေပါတယ်”ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။ အကယ်၍ အိုင်ချီနီသာ ထုတ်ပယ်ခံရလျှင် ပွိုင်လီကို နည်းပြသစ်အဖြစ် ခန့်အပ်ရန်ရှိနေကြောင်းလည်း အီတလီမှလာသော သတင်းရင်းမြစ်များက ဖော်ပြသည်။

**မေလဲ့သင်း - စုစည်းသည်။**

## ပရန်ဒယ်လီကို ဗလင်စီယာနည်းပြသစ်အဖြစ် ခန့်အပ်




စပိန်လာလီဂါကလပ် ဗလင်စီယာအသင်းသည် အီတလီလူမျိုး ပရန်ဒယ်လီအား ကလပ်အသင်း၏ နည်းပြသစ်အဖြစ် တရားဝင်ခန့်အပ်ခဲ့ပြီဖြစ်ကြောင်း ဂိုးလ်ဒေါ့ကွန်းက ဖော်ပြသည်။ ဗလင်စီယာအသင်းသည် ယခုနှစ် ဘောလုံးရာသီ ရလဒ်ဆိုးများကြောင့် ပြီးခဲ့သည့် ဘောလုံးရာသီအတွင်း ဂယ်ရီနဗီးလ်နေရာအစားထိုးခဲ့သူ နည်းပြ အိုက်စ်တဲလ်အား ငါးလအကြာတွင် ထုတ်ပယ်လိုက်ပြီး ပရန်ဒယ်လီကို နှစ်နှစ်စာချုပ်သက်တမ်းဖြင့် အမြဲတမ်းနည်းပြအဖြစ်ခန့်အပ်တာဝန်ပေးလိုက်ခြင်းဖြစ်သည်။

အသက်(၅၉)နှစ်ရှိ ပရန်ဒယ်လီမှာ ဗလင်စီယာအသင်းကို ၂၀၁၈ ခုနှစ် ဇွန် ၃၀ရက်အထိ ကိုင်တွယ်သွားမည်ဖြစ်ပြီး ပရန်ဒယ်လီနှင့် မီဒီယာများတွေ့ဆုံပွဲ အခမ်းအနားကို အောက်တိုဘာ ၃ ရက်တွင် ပြုလုပ်သွားရန်ရှိနေကြောင်းလည်း ဗလင်စီယာအသင်းတရားဝင် ဝက်ဘ်ဆိုက်၏ ဖော်ပြချက်အရ သိရသည်။ ဗလင်စီယာအသင်းသည် နည်းပြဟောင်း အမ်မရီ ကိုင်တွယ်ခဲ့သည့် လေးနှစ်တာကာလအတွင်း လေးရာသီဆက် အဆင့်(၃)နေရာဖြင့် ရာသီသိမ်းနိုင်ခဲ့သော်လည်း အမ်မရီထွက်ခွာသွားပြီးနောက် ငါးနှစ်အတွင်း ပရန်ဒယ်လီအပါအဝင်ဆိုလျှင် နည်းပြရှစ်ဦးအထိ ပြောင်းလဲတာဝန်ယူခဲ့ရပြီဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ နည်းပြအိုက်စ်တဲလ် ကိုင်တွယ်ခဲ့သည့် လာလီဂါလေးပွဲဆက်တိုက်အရေးနိမ့်ခဲ့ပြီးနောက် အိုက်စ်တဲလ်အား ထုတ်ပယ်ကာ ဗိုရိုကို လီဂါနက်စ်၊ အလာဗက်စ်အသင်းတို့နှင့် ယှဉ်ပြိုင်ခဲ့ရသည့် ပွဲစဉ်နှစ်ပွဲအတွက် ယာယီနည်းပြအဖြစ် တာဝန်ယူစေခဲ့ရာ နှစ်ပွဲဆက်အနိုင်ရခဲ့သည်ကိုတွေ့ရသည်။ ထို့ကြောင့် နည်းပြ ပရန်ဒယ်လီအား ခန့်အပ်မည့် ကိစ္စရပ်ကို ဗိုရိုနှင့် တိုင်ပင်ဆွေးနွေးပြီးမှသာ ဗလင်စီယာဘက်မှ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဗိုရိုက ပရန်ဒယ်လီမှာ နည်းပြကောင်းတစ်ဦးဖြစ်ပြီး အီတလီလက်ရွေးစင်အသင်းကိုပင် ကိုင်တွယ်ခဲ့သူဖြစ်ရာ ၎င်း၏ နည်းပြအရည်အသွေးပိုင်းနှင့် ပတ်သက်၍ အထူးချီးကျူးစရာ မလိုသူဖြစ်ကြောင်း မှတ်ချက်ချခဲ့သည်။

### အောက်တိုဘာ ၂ ရက် အနိုင်/အရှုံးရလဒ်များ

| | | | | |
|---|---|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ်-၇** | | | | |
| မန်ယူ | ၁ | - | ၁ | စတုတ်စီးတီး |
| လက်စတာ | ၀ | - | ၀ | ဆောက်သမ်တန် |
| စပါး | ၂ | - | ၀ | မန်စီးတီး |
| **လာလီဂါ ပွဲစဉ်-၇** | | | | |
| အိုဆာဆူနာ | ၂ | - | ၂ | လက်စ်ပါမက်စ် |
| ဒီပို့တီဗို | ၂ | - | ၁ | စပို့တင်းဂီဂျွန် |
| ဗလင်စီယာ | ၀ | - | ၂ | အက်သလက် |
| ရီးယဲလ်မက်ဒရစ် | ၁ | - | ၁ | အီဘား |
| **စီးရီးအေ ပွဲစဉ်-၇** | | | | |
| ပက်စ်ကာရာ | ၀ | - | ၂ | ချီယေဗို |
| အူဒီးနီးစ် | ၀ | - | ၃ | လာဇီယို |
| အမ်ပိုလီ | ၀ | - | ၃ | ဂျူဗင်တပ် |
| အတ္တလန်တာ | ၁ | - | ၀ | နာပိုလီ |
| ဘိုလော့နာ | ၀ | - | ၁ | ဂျီနိုအာ |
| ကယ်ဂလီယာရီ | ၂ | - | ၁ | ခရိုတိုနီ |
| ဆမ်ဒိုးရီးယား | ၁ | - | ၁ | ပါလာမို |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၆** | | | | |
| လေဗာကူဆင် | ၂ | - | ၀ | ဒေ့ါမွန် |
| ဝုဖ်ဘတ် | ၀ | - | ၀ | မိန့်ဇ် |
| **ပြင်သစ်လီဂူ ပွဲစဉ်-၇** | | | | |
| ရင်းနက်စ် | ၁ | - | ၀ | ဂူအင်ဂမ် |
| ပီအက်စ်ဂျီ | ၂ | - | ၀ | ဘော်ဒိုး |
| လိုင်လီ | ၁ | - | ၀ | နန်စီ |
| ဒီဂျွန် | ၃ | - | ၃ | မောင့်ပယ်လီယာ |
| နန့်တက်စ် | ၁ | - | ၀ | ဘက်စ်တီယာ |
| ကိန်း | ၁ | - | ၀ | တူးလော့စ် |
| မက်ဇ် | ၀ | - | ၇ | မိုနာကို |
| အန်ဂါးစ် | ၁ | - | ၁ | မာဆေး |
| နိုက်စ် | ၂ | - | ၁ | လိုရီယန့် |

**မောင်မောင်ဇော်**



## ဆောက်ဂိတ်ပထမဆုံးကိုင်တွယ်ခွင့်ရရှိခဲ့သည့် အင်္ဂလန်အသင်းတွင် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်နှင့်အတူ လင်းဂတ်ပါဝင်လာဖွယ်ရှိနေ

မန်ယူတိုက်စစ်မှူး လင်းဂတ်သည် အောက်တိုဘာ ၂ ရက်တွင် ကြေညာခဲ့သည့် ယာယီနည်းပြဆော့ဂိတ်၏ ပထမဆုံးကိုင်တွယ်ခွင့်ရရှိခဲ့သည့် အင်္ဂလန်အသင်းတွင် မန်ယူအသင်းကစားဖော် တိုက်စစ်မှူးရက်ရှ်ဖို့ဒ်နှင့်အတူ ပါဝင်လာဖွယ်ရှိကြောင်း သိရသည်။

နည်းပြဆောက်ဂိတ်၏ အင်္ဂလန်အသင်းတွင် လင်းဂတ်နှင့် ရက်ရှ်ဖို့ဒ်တို့ ပါဝင်လာခဲ့သည့်အပြင် ဒဏ်ရာရကစားသမား တိုက်စစ်မှူး လယ်လာနာ၏ နေရာတွင် အစားထိုးကစားသမားအဖြစ် ရို့စ်ဘာကလေကိုပါ ပြန်လည်ခေါ်ယူလိမ့်မည်ဖြစ်ပြီး အောက်တိုဘာ ၈ ရက်တွင် ကစားမည့် မော်လ်တာအသင်းနှင့်ပွဲစဉ်၊ အောက်တိုဘာ ၁၁ ရက်တွင် ဆလိုဗေးနီးယားအသင်းနှင့် ပွဲစဉ်တို့တွင် တိုက်စစ်မှူး ရွန်းနီနှင့် နောက်ခံလူ စမောလင်းတို့ ပါဝင်လာမည်ဖြစ်သည်။

နည်းပြဆောက်ဂိတ်၏ အင်္ဂလန်အသင်းတွင် ခေါ်ယူလာဖွယ်ရှိသည့် ကစားသမားစာရင်းမှာ ဂိုး-ဂျိုးဟက်၊ ဖော်စတာ၊ ဟီတန်၊ နောက်တန်း-လုခ်ရှော၊ ဒန်နီရို့စ်၊ စမောလင်း၊ ဂျွန်စတုန်း၊ ကာဟေးလ်၊ ဂျာဂျီယယ်ကာ၊ ဝေါကာ၊ ကလိုင်း၊ ကွင်းလယ်-စတာလင်၊ ဒရင့်ဝါးတား၊ ဘာကလေ၊ ဝီရှိုင်းယား၊ ဟန်ဒါဆန်၊ အဲရစ်ဒိုင်ယာ၊ ချန်ဘာလိန်၊ ရှေ့တန်း-ရွန်းနီ၊ ဗာဒီ၊ ရက်ရှ်ဖို့ဒ်၊ စတားရစ်ချ်၊ ဝဲလ်ကော့၊ လင်းဂတ်တို့ဖြစ်ကြောင်း သိရသည်။ **(ငွေကြယ်)**

## မန်ယူအသင်းခေါင်းဆောင်အဖြစ် ရွန်းနီ ဆက်ရှိနေမည်ဖြစ်ကြောင်း မော်ရင်ဟို အတည်ပြု




မန်ယူအသင်းခေါင်းဆောင်ရွန်းနီ၏ လက်တလောခြေစွမ်းပျောက်ဆုံးနေမှုကြောင့် လက်ရှိအနေအထားတွင် မန်ယူအသင်းနှင့် ပွဲထွက်ကစားခွင့်ဆုံးရှုံးနေသော်လည်း မန်ယူအသင်းခေါင်းဆောင် လက်ပတ်ကို ရွန်းနီသာဆက်လက်ဝတ်ဆင်ခွင့်ရရှိမည်ဖြစ်ကြောင်း နည်းပြမော်ရင်ဟိုက အတည်ပြုချက်ပေးလိုက်သည်။

ရွန်းနီ၏ ကံဆိုးမှုတစ်ရပ်မှာ ရွန်းနီပွဲထွက်ခွင့်ပျောက်ဆုံးခဲ့သည့် လက်စတာနှင့် ပွဲစဉ်မှ စတင်၍ မန်ယူအသင်း နိုင်ပွဲဆက်ခဲ့ရာ မန်ယူအတွက် ရွန်းနီမလိုအပ်တော့ဟူသည့် သုံးသပ်ချက်များကို ထွက်ပေါ်စေခဲ့သည်။မော်ရင်ဟိုက ရွန်းနီကို ပွဲထွက်ကစားခွင့် ချန်လှပ်ထားသော်လည်း သူ၏အသင်းခေါင်းဆောင် လက်ပတ်ကို ဆုံးရှုံးမည်မဟုတ်ဟု အာမခံချက်ပေးခဲ့ခြင်းဖြစ်သည်။

ရွန်းနီမှာ နည်းပြဗန်ဟားလ် လက်ထက်ကတည်းက ခြေစွမ်းပိုင်း စတင်ကျဆင်းနေခဲ့ပြီး ရွန်းနီကို မည်သည့်နေရာထား၍ ကစားခြင်းက အကောင်းဆုံးဖြစ်မည်လဲဆိုသည့် မေးခွန်းမှာ မန်ယူနည်းပြများအတွက်သာမက အင်္ဂလန်နည်းပြများအတွက်ပါ ဖြေရခက်သည့် ပုစ္ဆာတစ်ရပ်အဖြစ်ရှိနေခဲ့ခြင်းဖြစ်သည်။

“ဘာတွေဖြစ်ဖြစ်ပါ။ ဝိန်း(ရွန်းနီ)က အသင်းခေါင်းဆောင်ပါပဲ။ သူပွဲထွက်ခွင့်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သူက ကလပ်အသင်းနဲ့ ကစားသမားတွေရဲ့ အသင်းခေါင်းဆောင်အဖြစ်ဆက်လက်ရှိနေတုန်းပါ” ဟု မော်ရင်ဟိုက သတင်းထောက်များကို ပြောကြားခဲ့ခြင်းဖြစ်သည်။

ဝိန်းရွန်းနီမှာ အဝတ်လဲခန်းအတွင်း မန်ယူ၏ ဩဇာအကြီးဆုံးကစားသမားအဖြစ် ဆက်လက်ရှိနေဆဲဖြစ်သလို ကစားသမားများကို စိတ်ဓာတ်ပိုင်းတိုးတက်လာအောင် ထောက်ပံ့ပေးနိုင်ဆဲ ကစားသမားဖြစ်ကြောင်းလည်း မော်ရင်ဟိုက ထောက်ခံစကားဆိုခဲ့သည်။ မော်ရင်ဟိုမှာ ရာသီအစတွင် ရွန်းနီကို နောက်ချန်တိုက်စစ်နေရာတွင် ကစားစေခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် ကွင်းလယ်ကစားသမားအဖြစ် ကစားစေခဲ့ရာ ရွန်းနီ၏ ခြေစွမ်းကျဆင်းမှုမှာ ပေါ်လွင်သွားခဲ့ခြင်းဖြစ်သည်။ မော်ရင်ဟိုက ရွန်းနီရုတ်တရက် ခြေစွမ်းပိုင်းကျဆင်းသွားခြင်း၏ အဓိကတရားခံမှာ မီဒီယာ များပင်ဖြစ်ပြီး အင်္ဂလန်အသင်းအတွက် ဝင်ရောက်ကစားပေးခဲ့သည့် ဆလိုဗက်ကီးယားနှင့် ပွဲစဉ်တွင် ကွင်းလယ်ပိုင်းဝင်ရောက်ကစားပေးခဲ့ရခြင်းကို မီဒီယာများက ရေးကြီးခွင်ကျယ်လုပ်ကာရေးသားခဲ့ခြင်းကြောင့် ရွန်းနီမှာ လိုသည်ထက်ပိုသော ဖိအားဝန်ထုပ်ဝန်ပိုးဒဏ်ကို ခံစားခဲ့ရခြင်းဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

## မြို့နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့က ဈေးဆိုင်များအား ကွင်းဆင်းစစ်ဆေး



**ထန်တလန် အောက်တိုဘာ ၂**
ထန်တလန်မြို့နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့ဦးဆောင်၍ စက်တင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီတွင် ထန်တလန် မြို့ပေါ်ရှိ ဆေးဆိုင်နှစ်ဆိုင်နှင့် ကုန်စုံဆိုင် ခြောက်ဆိုင်တို့ကို ကွင်းဆင်းစစ်ဆေးရာ သက်ဆိုင်ရာအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက စားသုံးရန်မသင့်ဟု ထုတ်ပြန်ထားသော တားမြစ်အစားအသောက်နှင့် ဆေးဝါးများမတွေ့ရှိသော်လည်း သက်တမ်းလွန် မှိုတက်နေပြီဖြစ်သည့် အချဉ်ထုပ်တချို့ကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

မြို့နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့သည် စားသုံးသူပြည်သူများ၏ ကျန်းမာရေးအန္တရာယ် ဖြစ်စေနိုင်သော အစားအသောက်နှင့် ဆေးဝါးများကို ဈေးဆိုင်များက ရောင်းချခြင်းမပြုလုပ်ရေးအတွက် တစ်ပတ်လျှင်တစ်ကြိမ် ပုံမှန်စစ်ဆေးလျက်ရှိရာ စားသုံးရန်မသင့်သော အမှတ်တံဆိပ်နှင့် အစားအသောက် အမျိုးအမည်များစာရင်းကိုလည်း ပြုစုပြီး ယင်းအမျိုးအမည်များအား ဈေးဆိုင်များသိရှိကာ ရောင်းချခြင်းမပြုလုပ်ရန် အသိပေးဖြန့်ဝေပေးခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## ပညာပေးကာလပြီးဆုံးပါက တရားမဝင် စက်သုံးဆီရောင်းချနေသော ဆိုင်များအား အရေးယူမည်

**ရေး အောက်တိုဘာ ၂**
မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ လက်ရှိရောင်းချနေသော စက်သုံးဆီဆိုင်များဖြစ်သော တရားဝင်ရောင်းချခွင့် ရရှိထားသော စက်သုံးဆီဆိုင်မှာ ၁၄ ဆိုင်ရှိပြီး တရားမဝင်ရောင်းချနေသောစက်သုံးဆီဆိုင်မှာ ၃၀ မှ ၄၀ ဝန်းကျင်ခန့်ရှိနေဆဲ ဖြစ်ကြောင်း သိရသည်။

"အရင်တုန်းက စက်သုံးဆီဆိုင်တွေကို တစ်ဆိုင်နဲ့တစ်ဆိုင် တစ်မိုင်အကွာအဝေးမှာ လမ်းညွှန်ချက်များနဲ့အညီ ရောင်းချရန်၊ ဥပဒေများနဲ့ အညီရောင်းချရန်၊ လုပ်ငန်းလိုင်စင်လျှောက်ထားတာ တစ်နှစ်ခန့်ရှိနေပြီ အခုချိန်အထိ သက်ဆိုင်ရာအဖွဲ့အစည်းများထံမှ ထူးခြားမှုလည်းမရှိ၊ ပြန်လည်အကြောင်းပြန်ခြင်းလည်း မရှိသေးတဲ့အတွက် အခုလို တရားမဝင်တဲ့ စက်သုံးဆီဆိုင်တွေကို အရေးယူသွားမယ့်အချိန်မှာ လုပ်ငန်းလိုင်စင်တွေကို အမြန်ဆုံးချပေးစေချင်ပါတယ်" ဟု စက်သုံးဆီဆိုင် လျှောက်ထားဆဲ ရောင်းချနေသူ ဦးမြင့်အောင်က ပြောသည်။

"အသေးစား စက်သုံးဆီဆိုင်များမှာ ဘက်ထရီ ပန့်ဆိုင်များဖြင့် ရောင်းချရာတွင် မီးဘေးအန္တရာယ်ကို ပိုပြီးစိုးရိမ်ရသဖြင့် တရားမဝင် စက်သုံးဆီဆိုင်များကို ပညာပေးကာလတွင် သတ်မှတ်ထားသော စည်းကမ်းချက်များနဲ့အညီ တရားဝင်လျှောက်ထားနိုင်ရေး ဆောင်ရွက်ပေးနေပါတယ်။ သတ်မှတ်ထားတဲ့ စည်းကမ်းချက်နဲ့ မကိုက်ညီတဲ့ ဆိုင်တွေကိုလည်း ဖျက်သိမ်းသွားနိုင်အောင် ပညာပေးကာလကို အောက်တိုဘာ ၁၅ ရက်အထိ သတ်မှတ်ထားပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွှန့်က ပြောသည်။

သတ်မှတ်ထားသော စည်းကမ်းချက်များအား လိုက်နာခြင်းမရှိသော စည်းကမ်းမဲ့ တရားမဝင် စက်သုံးဆီဆိုင်များကို ပညာပေးကာလကျော်လွန်ပြီးချိန်တွင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အရေးယူသွားနိုင်ရန်အတွက် ပညာပေးကာလကုန်ဆုံးချိန် အောက်တိုဘာလလယ်မှစတင်ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စက်သုံးဆီဆိုင်လုပ်ငန်းရှင်များအသင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူတို့ပါဝင်သော ပူးပေါင်းအဖွဲ့ဝင်များက ကွင်းဆင်းကာ အရေးယူစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း (ရေး)**

## ဒေါပုံမြို့နယ်ပညာရေးမှူးဖလား ဘောလုံး၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းအားကစား ဗိုလ်လုပွဲများကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂**
ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ်၌ စက်တင်ဘာ ၂၈ ရက် နံနက်က မြို့နယ်ပညာရေးမှူးဖလား ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲများကို ကျင်းပရာ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို အ-လ-က (၄) အားကစားကွင်း၌လည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကို အ-လ-က (၃) အားကစားကွင်း၌လည်းကောင်း၊ ပိုက်ကျော်ခြင်းဗိုလ်လုပွဲကို အ-လ-က (၂) အားကစားကွင်းတို့၌ ကျင်းပခဲ့ကြကြောင်း သိရသည်။

အားကစားပွဲများအပြီးတွင် ဘောလုံး ပထမဆုကို အုပ်စု (၁)မှ ရရှိကာ တာဝန်ရှိသူတစ်ဦးကလည်းကောင်း၊ ပိုက်ကျော်ခြင်း ပထမဆုကို ဒုတိယမြို့နယ်ပညာရေးမှူး ဆရာကြီးဦးယောဟန်ကလည်းကောင်း၊ ဘော်လီဘော ပထမဆုကို အရှေ့ပိုင်းခရိုင်ပညာရေးမှူးရုံး (ကာယ/ကျောင်းကျန်းမာရေး) ဦးစီးအရာရှိ ဒေါ်လေးလေးငြိမ်းကလည်းကောင်း အသီးသီးဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **မောင်မောင်**

## ပုလဲမြို့နယ်၌ မိုးကြိုချည်မျှင်ဝါ ရွှေတောင်(၈)နှင့် ငွေချည်(၉) ဝါမျိုးသန့်မျိုးစေ့ထုတ်စိုက်ကွင်းပြပွဲကျင်းပ

**ပုလဲ အောက်တိုဘာ ၂**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် အင်းကန်ကျေးရွာအုပ်စု သပြေကုန်းကျေးရွာ တောင်သူ ဦးကောင်းစံ၏ ကွင်းအမှတ် (၁၀၁၇) ဦးပိုင်အမှတ် (၅၄)တွင် အောင်မြင်ဖြစ်ထွန်းနေသော မိုးကြိုချည်မျှင်ရှည်ဝါ ရွှေတောင်(၈)တစ်ဧကနှင့် ငွေချည် (၉) တစ်ဧက ဝါမျိုးသန့်မျိုးစေ့ထုတ်ကွင်းပြပွဲကို စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

ကွင်းပြပွဲတွင် ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးဇော်ဝင်းစိုးက "ရွှေတောင်(၈)နဲ့ ငွေချည်(၉)ချည်မျှင်ရှည်ဝါမျိုးများက သီးလုံးပေါက်ပိုးဒဏ်ခံနိုင်တဲ့ ဗီဇအရည်အသွေးရှိပြီး ရာသီမရွေး စိုက်ပျိုးနိုင်တဲ့အတွက်ကြောင့် သိပ္ပံနည်းကျ စိုက်ပျိုးနည်း ၁၀ ချက်နဲ့အညီ လိုက်နာဆောင်ရွက်မယ်ဆိုရင် တစ်ဧက အထွက်နှုန်း ပိဿာချိန် ၁၀၀၀ နဲ့ အထက် ထွက်ရှိနိုင်တာကြောင့် အခုလိုအမှန်တကယ် ဖြစ်ထွန်းအောင်မြင်နေတဲ့ စိုက်ကွင်းပြပွဲကို တောင်သူတွေလာဖို့ဖိတ်ခေါ်ပြီး လက်တွေ့သရုပ်ပြရှင်းလင်းဆွေးနွေးခြင်း ဖြစ်ပါတယ်။

'အဓိကအနေနဲ့ကတော့ သီးနှံအထွက်နှုန်း တိုးတက်လာခြင်းမှသည် တောင်သူများရဲ့ လူမှုစီးပွားဘဝမြှင့်မားလာစေရေးအတွက် အမာခံဈေးကွက်ရှိတဲ့ ဝါမျိုးသန့်မျိုးစေ့များ စိုက်ပျိုးလာစေရေးအတွက် ဝန်ထမ်းများက တောင်သူများနဲ့အတူ ကွင်းထဲအရောက်ဆင်းပြီး လက်တွဲပူးပေါင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

ပုလဲမြို့နယ် သပြေကုန်းကျေးရွာနေ တောင်သူဦးကောင်းစံက "ဒီနှစ် ရွှေတောင်(၈)နဲ့ ငွေချည် (၉) မိုးကြိုချည်မျှင်ရှည်ဝါ တစ်ဧကစီကို စိုက်ပျိုးရေးရုံးဝန်ထမ်းတွေရဲ့ အကူအညီနဲ့ သိပ္ပံနည်းကျစိုက်နည်းစနစ် ၁၀ ချက်ဖြင့် စိုက်ပျိုးခဲ့ရာ စိုက်ပျိုးစရိတ်နဲ့အလုပ်သမားခအပါအဝင် တစ်ဧကကို ငွေကျပ် ၃၅၀၀၀၀နှုန်းနဲ့ နှစ်ဧကဆိုတော့ ငွေကျပ် ၇၀၀၀၀၀လောက် ကုန်ကျပါတယ်။ အခုတော့ အောင်မြင်ဖြစ်ထွန်းနေတဲ့ စိမ်းစိမ်းစိုစို ဖြူဖြူဖွေးဖွေး ဝါစိုက်ခင်းကမြင်တဲ့အတိုင်းပါပဲဗျာ။

နှစ်ဧက အထွက်နှုန်းက ရာသီကုန်အထိ ခန့်မှန်းပိဿာချိန် ၂၂၀၀ ကျော်လောက်ထွက်မယ်လို့ ခန့်မှန်းပါတယ်။ ဒါကြောင့် ကျွန်တော်တို့လို မိုးကောင်းသောက်ဒေသက တောင်သူများအနေနဲ့ အခြားသီးနှံတွေအပြင် အကျိုးဖြစ်ထွန်းစေတဲ့ မိုးကြိုချည်မျှင်ရှည်ဝါကိုလည်း စိုက်ပျိုးသင့်ပါတယ်လို့ တိုက်တွန်းပြောကြားလိုပါတယ်" ဟုပြောသည်။

အဆိုပါ ကွင်းပြပွဲသို့ ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများ၊ စိတ်ပါဝင်စားသည့် တောင်သူ ၇၂ ဦးတို့ တက်ရောက်လေ့လာခဲ့ကြောင်းနှင့် ပုလဲမြို့နယ်တွင် ဝါစိုက်ပျိုးရန် လျာထားဧက ၉၀၈၀ ရှိပြီး အမှန်စိုက်ပျိုးနိုင်သည့် စိုက်ဧကမှာ ၈၀၇၁ ဧကရှိကြောင်း သိရသည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

## အကျိုးဆောင်တောင်သူများ၏ သုတေသနစမ်းသပ်ကွက်များမှတစ်ဆင့် အထွက်ကောင်းမျိုးကွဲများ စုဆောင်းဖြန့်ဖြူးနိုင်ရေးဆောင်ရွက်

**မြို့သစ် အောက်တိုဘာ ၂**
စိုက်ပျိုးနည်းပညာပေးရေး အထောက်အကူပြု သုတေသနလုပ်ငန်းတစ်ခုအဖြစ် ၂၀၁၆-၂၀၁၇ မိုးရာသီ၌ အစေ့ထုတ်ပြောင်းကိုးမျိုး ဒေသအတွင်း ဖြစ်ထွန်းမှု ရှိ-မရှိ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များအား အကျိုးဆောင်တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဒေသတွင်း၌ အထွက်ကောင်းမျိုးကွဲများ စုဆောင်းဖြန့်ဖြူးနိုင်ရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်လင်းထံမှ သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မျိုးစေ့ထုတ်သုတေသနခြံစခန်းများက သီးနှံမျိုးကွဲတွေ စုဆောင်းရယူပါတယ်။ သီးနှံမျိုးကွဲအလိုက်၊ စိုက်ပျိုးရာသီချိန်အလိုက် ကိုယ့်ဒေသ၊ ရေမြေနဲ့ သင့်တော်ဖြစ်ထွန်းမှု ရှိ-မရှိကို ဒေသခံအကျိုးဆောင်တောင်သူများနဲ့ပူးပေါင်းပြီး စိုက်ပျိုးရေးအထောက်အကူပြု သုတေသနစမ်းသပ်ကွက်တွေ ဆောင်ရွက်နေပါတယ်။ ဒီဆောင်ရွက်မှုကတစ်ဆင့် ဈေးကွက်ဝင် သက်လျင်အထွက်ကောင်းမျိုးကွဲများ စုဆောင်းဖြန့်ဖြူးနိုင်ဖို့ ဆောင်ရွက်သွားမှာပါ" ဟု စိုက်ပျိုးရေးမြို့နယ်ဦးစီးမှူးက ပြောသည်။

အကျိုးဆောင်တောင်သူများ၏ မိုးကောင်းသောက်ယာမြေတွင် မျိုးကွဲနံပါတ်အလိုက် အပင်ဖြစ်ထွန်းမှု၊ တစ်ပင်တွင် ပျမ်းမျှအဖူးပါရှိမှု၊ စမ်းသပ်ကွက်အထွက်နှုန်းရရှိမှု အခြေအနေများအား တိုင်းဒေသကြီး စမ်းသပ်ကွက်တာဝန်ခံအရာရှိ ဒေါ်ခိုင်သန့်ထိုက်၊ မကွေးခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းလွင်နှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး လယ်ပြင်ကျေးရွာအုပ်စု အကျိုးဆောင်တောင်သူ ဦးဇော်လင်း၏ အစေ့ထုတ်ပြောင်းဖူးစမ်းသပ်ကွက် စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းအား မှတ်တမ်းတင်စစ်ဆေးမှုများ လုပ်ဆောင်ခဲ့သည်။

အကျိုးဆောင် တောင်သူနှင့် ပတ်သက်၍ "ကျေးရွာတစ်ရွာမှာ ဒီတောင်သူက အသိအမြင်ကြွယ်တယ်။ ဗဟုသုတရှိတယ်။ တိုးတက်နေတဲ့ နည်းပညာကို လက်ခံတယ်ဆိုရင် သူနဲ့ပေါင်းစပ်ပြီးတော့ သူ့လယ်ယာမြေတွေမှာ အဆင့်မြင့်တဲ့ မျိုးစေ့တွေကို ထောက်ပံ့ပေးလို့ဖြစ်စေ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးတို့ ထောက်ပံ့ပေးလို့ဖြစ်စေ နည်းပညာအကူအညီတွေပေးပြီး ကျွန်တော်တို့နည်းစနစ်အတိုင်း လိုက်စိုက်တဲ့၊ ယုံယုံကြည်ကြည်နဲ့ နည်းပညာကိုလိုက်ပြီးကျင့်သုံးတဲ့ တောင်သူတွေရှိပါတယ်။ သူတို့စိုက်ပျိုးလို့ အထွက်နှုန်းတွေကောင်းရင် လယ်သမားအချင်းချင်း ပြန်ပြောကြတာနဲ့ ဌာနက ပြောတာထက် ပိုထိရောက်ပါတယ်။ နောက်နှစ်တွေဆိုရင် ဌာနကစည်းရုံးစရာမလိုဘဲ အောင်မြင်တဲ့ တောင်သူဆီက မျိုးစေ့ကို ပြန်စိုက်ကြတာကြောင့် မျိုးကောင်းတွေဖြန့်ပြီးသား ဖြစ်သွားပါတယ်။ ကျေးရွာတစ်ရွာမှာ ဌာနနဲ့ချိတ်ဆက်ပြီး မျိုးသန့်ပွားတဲ့ အကျိုးဆောင်တောင်သူ အနည်းဆုံး သုံးဦးလောက်ရှိပါတယ်" ဟု မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ဆိုသည်။

စမ်းသပ်ကွက်များအခြေအနေအရ အစေ့ထုတ်ပြောင်း မျိုးလိုင်းနံပါတ် (၀၈/၁၆) မျိုးကွဲသည် အကောင်းဆုံးလက္ခဏာများ တွေ့ရှိရပြီး အပင်သက်တမ်း ရက် ၁၀၀ အတွင်း တစ်ဧကအထွက်နှုန်းအဖူး ၁၁၂ ဒသမ ၅၀ တင်းရရှိနိုင်၍ အပင်ဖြစ်ထွန်းမှုကာလတစ်လျှောက် တောင်သူများ၏ မျက်မြင် ကြိုက်နှစ်သက်မှုအရှိဆုံးမျိုးဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ဇေယျာတု(မကွေး)**



# မုံရွာဘိုးဘွားရိပ်သာတွင် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အကြိုလှူပ်ရှားမှု ကျန်းမာရေးစောင့်ရှောက်မှုပေး



**မုံရွာ အောက်တိုဘာ ၂**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အကြိုလှုပ်ရှားမှုအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွားများအား မုံရွာပြည်သူ့ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများသည် စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ကျန်းမာရေး စောင့်ရှောက်မှုများ လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်အဖွဲ့တွင် မုံရွာပြည်သူ့ဆေးရုံကြီးမှ သမားတော်၊ ခွဲစိတ်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်းချောင်း၊ အရိုး၊ အကြော၊ အဆစ်၊ အရေပြား၊ သွားနှင့်ခံတွင်း အထူးကု ဆရာဝန်ကြီး ၁၅ ဦး၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများဖြင့်လာရောက်ပြီး ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းဖြစ်ကြောင်း သိရသည်။

'မုံရွာပြည်သူ့ဆေးရုံ ကုသရေးဌာနက ဘိုးဘွားရိပ်သာမှာရှိတဲ့ တာဝန်ခံတွေနဲ့ ချိတ်ဆက်ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုလာပေးတာပါ။ ဆေးဝါးတွေကလည်း နိုင်ငံတော်ကထောက်ပံ့ထားတဲ့ တင်ဒါ ဆေးဝါးတွေနဲ့ စောင့်ရှောက်မှုပေးခဲ့တာပါ။ နှစ်စဉ်အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ မတိုင်မီ တစ်ရက်နဲ့ အောက်တိုဘာ ၂ ရက်နေ့တွေမှာ အခုလိုပဲ ကျန်းမာရေးစောင့်ရှောက်မှုများကို လုပ်ဆောင်ပေးနေကြပါ။ ဘိုးဘွားတွေ အသက်အရွယ်အိုမင်းသွားတဲ့အခါ သူများတွေကို အားကိုးချင်တာပေါ့။ သူတို့တွေရဲ့ ကျန်းမာရေးတွေ ကောင်းအောင်၊ စိတ်ပိုင်းဆိုင်ရာတွေ ပျော်ရွှင်သွားအောင် အခုလိုအထူးရက်တွေမှာ လာသလို ကြားရက်တွေမှာ အရေးပေါ်အခြေအနေရှိရင်လည်း ဘိုးဘွားရိပ်သာက တာဝန်ရှိသူတွေနဲ့ချိတ်ဆက်ပြီး ကုသပေးနေပါတယ်၊ အဲဒီအတွက်လည်း အများကြီးကျေနပ်ပီတိဖြစ်ရပါတယ်' ဟု ကုသရေးအဖွဲ့မှ ဒေါက်တာဝင်းဝင်းဌေး (မုံရွာပြည်သူ့ဆေးရုံအုပ်ကြီး)က ပြောသည်။

မုံရွာ ဘိုးဘွားရိပ်သာအား ၁၉၉၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ရာ ယခုနှစ်တွင် ၂၆ နှစ်တာကာလ အတွင်းကို ရောက်ရှိလာပြီဖြစ်ပြီး ဘိုးဘွားရိပ်သာတွင်အဘိုး ၃၀၊ အဘွား ၆၈ ဦး စုစုပေါင်း ၉၈ ဦး နေထိုင်လျက်ရှိကြောင်း သိရသည်။

'အခုပွဲက အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အကြိုလှုပ်ရှားမှု အနေနဲ့ကျန်းမာရေးစောင့်ရှောက်မှုကို မုံရွာပြည်သူ့ဆေးရုံကြီးက ဆရာဝန်ကြီးတွေလာပြီး လုပ်တာပါ၊ အဲဒီက ဆရာဝန်ကြီးတွေနဲ့ တစ်လကိုတစ်ကြိမ် ပုံမှန်လည်း ကျန်းမာရေးစောင့်ရှောက်မှုတွေလုပ်ပေးပါတယ်၊ အခုကျန်းမာရေးစောင့်ရှောက်မှုမှာ ရောဂါမျိုးစုံကိုကုသပေးသွားမှာပါ၊ စစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်ရင်လည်း ဆေးရုံမှာ ကုသပေးမှာပါ၊ အဲဒီအတွက် လိုအပ်တဲ့အကူအညီတွေကို ကျွန်တော်တို့ ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့က ကူညီဆောင်ရွက်ပေးတာပါ' ဟု မုံရွာဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးလှဟန်က ပြောသည်။

ဘိုးဘွားရိပ်သာတွင် နံနက်စာအဆာပြေကို ငွေကျပ် ၃၀၀၀၀၊ နံနက်စာကို ငွေကျပ်၅၀၀၀၀၊ နေ့လည်စာကို ၂၀၀၀၀ကျပ်၊ ညနေစာကို ငွေကျပ် ၅၀၀၀၀နှုန်းဖြင့် တစ်ရက်စာကို ငွေကျပ် ၁၂၀၀၀၀နှုန်း ပါဝင်ကုသိုလ်ပြုနိုင်ကြောင်းနှင့် ဆက်သွယ်လှူဒါန်းလိုပါက ရုံးဖုန်း ၀၇၁- ၂၅၅၃၁၊ ၀၉-၃၃၃၃၂၂၀၄ ဦးတင်ကို ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးမှူးထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

## မြောင်းမြမူလတန်းကြို ကျောင်းတွင် ဉာဏ စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မြောင်းမြ အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် လူမှုဝန်ထမ်း ဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မူလတန်းကြိုကျောင်း ရင်သွေးငယ်များ ဉာဏစွမ်းရည်ပြိုင်ပွဲကို စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ရင်သွေးငယ်လေးတွေ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရန်၊ စိတ်ကူးစိတ်သန်း တိုးတက်စေရန်၊ တက်ကြွလန်းဆန်းစွာ လူများထဲ ရဲရဲဝံ့ဝံ့ သွားလာ ပြောဆိုတတ်သူ ဖြစ်စေရန် ရည်ရွယ်ပြီး ယခုကဲ့သို့ ပြိုင်ပွဲမျိုး ကျင်းပရခြင်းဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီး၏ ပြောကြားချက်အရ သိရသည်။

ရင်သွေးငယ်လေးများ၏ ဉာဏစွမ်းရည်ပြိုင်ပွဲတွင် အငယ်ဆင့်၊ အကြီးဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ တစ်ဦးချင်း ကဗျာရွတ်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲ၊ အဖွဲ့လိုက် သီချင်းဆို ပြိုင်ပွဲများဖြင့် ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူ ရင်သွေး ငယ်လေးများအား လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်သီတာအောင်၊ မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဌေးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းကော်မတီဝင်များက ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မင်း ( မြောင်းမြ)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်စေရေး အသိပညာပေး ပိုစတာစိုက်ထူ

**ဝါးခယ်မ အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းမှ ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်စေရေးအတွက် အသိပညာပေး ဆောင်ရွက်မှုအနေဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက စက်တင်ဘာ ၂၈ ရက် နံနက်တွင် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေး မြေစိုက်ပိုစတာများ စိုက်ထူခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

လျှပ်စစ်ဓာတ်အားကို နေရာအနှံ့အပြား၌ သုံးစွဲလျက်ရှိရာ အချို့သောသူများက လျှပ်စစ်အန္တရာယ်ကြီးမားမှုကို မသိရှိ၍ အမှတ်မထင် ပေါ့ဆစွာ ပြုလုပ်မှုကြောင့် ဓာတ်လိုက်ခံရခြင်း၊ ဓာတ်လိုက်သေဆုံးခြင်း၊ မီးလောင်မှု ဖြစ်ပွားစေနိုင်သည့်အတွက် ကြိုတင်သတိပြု ဆောင်ရွက်နိုင်ရန်နှင့် စနစ်တကျ ကိုင်တွယ်အသုံးပြုကြစေရန် ကျောင်းသား၊ ကျောင်းသူများ သာမက ဈေးရောင်း၊ ဈေးဝယ်များ၊ ခရီးသွားပြည်သူများပါ သိရှိစေရန် အသိပညာပေးခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ အသိပညာပေး ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာဈေး၊ အ. ထ. က (၁) ကျောင်းရှေ့၌ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဈေးရပ်ကွက် မြူရုံးလမ်းနှင့် ခေါက်ဆွဲတန်းလမ်းထိပ်၌ မြေစိုက်ပိုစတာစိုက်ထူပြီး အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

## ဘောလခဲမြို့နယ်၊ ဖားဆောင်းမြို့နယ်နှင့် မယ်စဲ့မြို့နယ် တို့တွင် လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေး

**ဖားဆောင်း အောက်တိုဘာ ၂**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်သည့် လူထုဗဟိုပြု စီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဘောလခဲမြို့နယ်၊ ဖားဆောင်းမြို့နယ်နှင့် မယ်စဲ့မြို့နယ်တို့တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်း မိတ်ဆက်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် ဖားစည်သံလွင်ခန်းမ၌ စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်ရှိုက အဖွင့်အမှာစကား ပြောကြားရာ ကယားပြည်နယ်တွင် လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဒီးမော့ဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်တို့တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး စီမံကိန်း၏ ပထမနှစ်စက်ဝန်းတွင် ဒီးမော့ဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်အတွင်းရှိ ကျေးရွာ ၁၆၄ ရွာတွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၁၆၃ ခုကို ခန့်မှန်းကုန်ကျငွေကျပ် ၁၀၂၀ သန်းဖြင့် အောင်မြင်စွာဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း၊ ထို့အပြင် ယခု ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်၊ ရှားတော၊ ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်တို့မှာလည်း လူထုဗဟိုပြုစီမံကိန်း ဆောင်ရွက်မည်ဖြစ်သည့်အတွက် ပြည်နယ်လုံးကျွတ် စီမံကိန်းဖော်ဆောင်မည့် ပထမဦးဆုံးပြည်နယ်အဖြစ် မှတ်တမ်းတင်နိုင်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကယားပြည်နယ်အတွင်း လူထုဗဟိုပြုစီမံကိန်း ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စွာအောင်က ရှင်းလင်းပြောကြားခဲ့သည်။

**ကိုစိုင်း (လွိုင်ကော်)**

## မြင်းခြံမြောက်ဘက်ဒေသများတွင် ဖရဲသီးများလှိုင်လှိုင်ပေါ်၍ ဖရဲထမ်းအငှားလိုက်သူများနေ့စဉ်ဝင်ငွေရရှိ

**မြင်းခြံ အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိပြီး စိုက်ပျိုးရေးကို အဓိကအားထား လုပ်ကိုင်သောဒေသဖြစ်ရာ ယခုအခါ မြင်းခြံမြောက်ဘက်ဒေသများတွင် ဖရဲသီးများလှိုင်လှိုင်ပေါ်၍ ဖရဲသီးထမ်း အငှားလိုက်သူများနှင့် ဖရဲစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မြင်းခြံမြောက်ဘက်ဒေသတွေမှာ ဖရဲသီးတွေလှိုင်လှိုင်ပေါ်ပြီး ဈေးကောင်းနေတယ်၊ ဖရဲစိုက်တောင်သူတွေရော၊ ကျွန်တော်တို့လို ဖရဲသီးထမ်းအငှားလိုက်သူတွေရော အဆင်ပြေနေတယ်၊ ဒီမှာလာဝယ်တဲ့ ပွဲစားတွေကလည်းများတယ်၊ ဖရဲသီးကလည်းပေါတယ်၊ မူဆယ်၊ မော်လမြိုင်၊ ရန်ကုန်မြို့က ပွဲစားတွေက ၁၂ ဘီးကားတွေနဲ့ လာဝယ်ကြတာ၊ ရွာမှာပေါက်ဈေးက ဖရဲတစ်လုံးကို ခေါင်လုံးဆိုရင် ၁၇၀၀ ကျပ်၊ အလတ်က ၁၃၀၀ ကျပ်၊ ပယ်လုံး(သေး)က ၆၀၀ ကျပ် ဈေးပေါက်နေတာ၊ ဖရဲစိုက်တောင်သူတွေဈေးကောင်းရနေတော့ အဆင်ပြေတယ်။

'လာဝယ်တဲ့ပွဲစားတွေက ၁၂ ဘီးကားတစ်စီးပြည့်အောင် ဝယ်ပေးတဲ့ ဒေသခံပွဲစားတွေကို ငွေကျပ် ၁၀၀၀၀၀ ပွဲခပြန်ပေးတယ်၊ အဲတော့ ရွာခံ ပွဲစားတွေလည်း အလုပ်ဖြစ်တယ်၊ ကျွန်တော်တို့ ဖရဲထမ်းအငှားလိုက်သူတွေလည်းအဆင်ပြေတယ်၊ ယာခင်းထဲ ၁၂ဘီးကား ဝင်လို့မရတော့ ယာခင်းထဲမှ ထွေလာပေါ်ထမ်းတင်၊ ထွေလာပေါ်ကနေ ကားဂိတ်ရောက်ပြန်ချပေးရတယ်၊ ၁၂ဘီးကားတစ်စီးဆိုရင် ထွေလာ လေးခေါက်လောက်မှ ကားပြည့်တာ၊ ထွေလာတစ်စီးကို အတင်အချ ၂၅၀၀၀၊ ကျွန်တော်တို့က ၁၀ ယောက် တစ်ဖွဲ့ဆိုတော့ တစ်နေ့ကို လေးခေါက်ကတော့ အနည်းဆုံးပဲ၊ တစ်ခါတလေ ငါးခေါက်ပြီးတယ်၊ နေ့စဉ် တစ်ယောက်ကို ၁၀၀၀၀ ကနေ ၁၂၅၀၀ ကျပ်ထိ ရနေတော့ အဆင်ပြေတယ်၊ လူတော့နည်းနည်း ပင်ပန်းတာပေါ့" ဟု မြင်းခြံမြို့နယ် ဖက်ရင်းကျေးရွာမှ ဖရဲထမ်းအငှားလိုက်သူတစ်ဦးက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မြောက်ဘက်ဒေသများဖြစ်သော တူးရင်းပို့၊ သစ်ရုံ၊ ကုက္ကဲ၊ ရွာသာယာကြီး၊ ကန်နီ၊ နဘူးအိုင်၊ ဖက်ရင်း အစရှိသောကျေးရွာများတွင် ဖရဲသီးများ လှိုင်လှိုင်ပေါ်နေပြီဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**






# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ဒေါ်အောင်ဆန်းစုကြည်ပြောသည့် ဒီမိုကရေစီပြည်သူ့နီတိ




ဒီမိုကရေစီနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ဖတ်ရှုလေ့လာနိုင်သော ဖိုးစိုင်း(ဂျာနယ်လစ်)စီစဉ်သည့် "ဒေါ်အောင်ဆန်းစုကြည်ပြောသည့် ဒီမိုကရေစီပြည်သူ့နီတိ"စာအုပ်ထွက်ရှိလာသည်။

ဒီမိုကရေစီခေတ်ဦးတွင် လူသားတိုင်း မလွဲမသွေလေးစားလိုက်နာ ကျင့်ကြံအားထုတ်အပ်သည့် ကျင့်ဝတ်များရှိသည်။ လူသားတိုင်းထားရှိရမည့်ကျင့်ဝတ်များကို ဒေါ်အောင်ဆန်းစုကြည်ပြောသည့် ဒီမိုကရေစီပြည်သူ့နီတိစာအုပ်တွင် ပါရှိသည်။ 'နီတိ'ဆိုသည်မှာ ပါဠိစကားဖြစ်ပြီး မြန်မာပြန်အဓိပ္ပာယ်မှာ ကျင့်ဝတ်ဖြစ်သည်။ အင်္ဂလိပ်ဘာသာအရ Ethic ဖြစ်သည်။ အင်္ဂလိပ်အဘိဓာန်တွင် လူ့ကျင့်ဝတ်၊ ကိုယ်ကျင့်သိက္ခာ၊ ကိုယ်ကျင့်တရား၊ လူ့ကျင့်ဝတ်နှင့်ဆိုင်သော ကိုက်ညီသောဟူ၍ဖြစ်သည်။ မြန်မာလိုအားဖြင့်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ လုပ်ငန်းခွင်နယ်ပယ်တွင် ကျောင်းဆရာကျင့်ဝတ်၊ ရှေ့နေကျင့်ဝတ်၊ ဆရာဝန်ကျင့်ဝတ်၊ သတင်းထောက်ကျင့်ဝတ်၊ ဝန်ထမ်းကျင့်ဝတ် စသည်ဖြင့်ရှိသည်။ လူမှုဘဝနယ်ပယ်တွင်လည်း လူတို့လိုက်နာအပ်သည့် ကျင့်ဝတ်များရှိသည်။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အခါအခွင့်သင့်တိုင်း လူ့ကျင့်ဝတ်နှင့်ဆိုင်သော ဘဝနေနည်း၊ တွေးခေါ်ဆင်ခြင်နည်းတို့ကို မကြာမကြာ ထည့်သွင်းပြောကြားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည်များအနက် ဒီမိုကရေစီပြည်သူ့နီတိကျင့်ဝတ်များကို ဤစာအုပ်တွင် ထုတ်နုတ်ဖော်ပြထားသည်။ လှိုင်ကော်မြို့တွင် ပြောကြားခဲ့သည့် နှလုံးရည်တိုက်ပွဲ၊ ဆရာတော်ကြီးများ လျှောက်ထားချက်မှ ပြဟ္မစိုရ်တရားလေးပါး၊ အေးချမ်းစွာအတူယှဉ်တွဲနေထိုင်ခွင့်၊ သင်္ကြန်နှစ်သစ်ကူးမိန့်ခွန်းမှ တာဝန်သိစိတ်နှင့်အားလုံးလက်တွဲ၊ မေတ္တာ၊ သစ္စာနဲ့အုပ်ချုပ်မယ်၊ လွတ်လပ်ရေးနေ့မိန့်ခွန်းမှ သူများအတွက်စဉ်းစား၊ ဆိုက်ကားဆရာကြီးများနှင့်တွေ့ဆုံပွဲမှ ကိုယ်ဘာလုပ်ပေးနိုင်သလဲ၊ ဟသ်ာတမြို့စည်းရုံးရေးခရီးစဉ်မှ ဒီမိုကရေစီကိုလိုချင်ရင် ဒီမိုကရေစီတာဝန်တွေသိရမယ်၊ သံဖြူဇရပ်စည်းရုံးရေးခရီးစဉ်မှ အများအကျိုးဆောင်တဲ့သူ စသည်တို့ပါဝင်သည်။

**အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ (၃၉)လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၈၃၅ က တန်ဖိုးကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိလျက်ရှိသည်။**

## သင်မြတ်နိုးတဲ့အလုပ်ကိုလုပ်ပါ၊ သင်လုပ်တဲ့အလုပ်ကိုချစ်မြတ်နိုးပါ (Do the job you love. love the job you do.)




အတွေးအခေါ်အသိအမြင်အတတ်ပညာများကို တွန်းအားပေးလေ့ရှိသည့် ဆရာကြီးပါမောက္ခဒေါက်တာအောင်ထွန်းသက် ဟောပြောပို့ချချက်များကို ပြန်လည်စုစည်းဖော်ပြထားသည့် (Do the job you love. love the job you do.) အတွေးအမြင် စာအုပ်ထွက်ရှိလာသည်။

ဆရာကြီးဒေါက်တာအောင်ထွန်းသက်သည် လူငယ်လူရွယ်များ အသိအမြင်တိုးပွားစေရေးအတွက် ဟောပြောပို့ချချက်များကို စဉ်ဆက်မပြတ်ဟောပြောလေ့ရှိပြီး ဟောသမျှလည်း စာအုပ်မှတ်တမ်းအဖြစ် ပြန်လည်ထွက်လေ့ရှိရာ ၂၀၁၆ ခုနှစ် ဇွန်လ ၁၉ ရက်နေ့က ရန်ကုန်မြို့ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းရုံးတွင် ဟောပြောခဲ့သောပြောကြားချက်များကို ပြန်လည်စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။ ထိုစာအုပ်တွင် လူငယ်များ၏ ဘဝရှေ့ရေး လမ်းလွဲမရောက်စေဖို့ ကျွန်တော်တို့၏စေတနာ ဟူသောခေါင်းစဉ်ဖြင့်ဟောပြောခဲ့ရာ မြန်မာမှုနယ်ပယ်တွင် လူငယ်များအား နောင်တစ်ခေတ်၏ သားကောင်းရတနာများဟု ညွှန်းဆိုခဲ့သည်။ ထိုသို့ညွှန်းဆိုသော်လည်း နိုင်ငံ၏ ပညာရေးစနစ်၊ နိုင်ငံရေးစနစ်၊ လူမှုရေးစနစ်နှင့် ကျန်းမာရေးစနစ် အားနည်းနေမှုတို့ကြောင့် လူငယ်များမှာ အနာဂတ်အတွက် ထင်သလောက်ခရီးမပေါက်ဘဲ လမ်းလွဲများသို့ရောက်သွားကြရပုံကိုအစချီပြီး ယခုကဲ့သို့ ခေတ်ပြောင်းစနစ်ပြောင်းကာလတွင် လူငယ်များအတွက် ရွေးချယ်စရာများ၊ အခွင့်အလမ်းကောင်းများရှိလာပြီဖြစ်၍ ရရှိလာသော အခွင့်အရေးများကို လက်လွတ်မခံဘဲ မိမိဝါသနာပါရာ၊ မိမိကြိုက်နှစ်သက်ရာ ပညာလမ်းကို မှန်မှန်ကန်ကန်ရွေးချယ်တတ်ရန်လိုအပ်ပုံကို လမ်းညွှန်ပြထားသည်။ လူငယ်များအနေဖြင့် ပညာရှာဖွေချိန်တွင် မိမိကြိုက်နှစ်သက်ရာ ပညာရပ်ကို လွတ်လပ်စွာလေ့လာသင်ယူပြီး မိမိနှင့်သဟဇာတဖြစ်မည့် ဝါသနာပါရာအလုပ်ကိုလုပ်ကိုင်ပါက မိမိဘဝရှေ့ရေးအပြင် နိုင်ငံအတွက်ပါ အကျိုးဖြစ်ထွန်းနိုင်ပုံကို သင်မြတ်နိုးတဲ့အလုပ်ကိုလုပ်ပါ၊ သင်လုပ်တဲ့အလုပ်ကို ချစ်မြတ်နိုးပါဟူသော ဆရာကြီး၏အယူအဆများကို လေ့လာကြည့်ရှုမှတ်သားနိုင်အောင် ပြန်လည်ဖောက်သည်ချထားခြင်းဖြစ်သည်။

**အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ (၃၉)လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၈၃၅ က တန်ဖိုး ကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိလျက်ရှိသည်။**

## ဆေးဖက်ဝင်ကမ္ဘာဦးပင် (Ginkgo biloba L.)





မည်သည့်ရောဂါများတွင် အသုံးပြုနိုင်သည်ကို ရှာဖွေလေ့လာခဲ့သူ ဒေါက်တာခင်မောင်လွင် FAME နှင့် ဒေါက်တာမြတ်ကေသွယ်လွင် Botanist တို့ ပြုစုသည့် "ဆေးဖက်ဝင်ကမ္ဘာဦးဆေးပင် (Ginkgo biloba L.) စာအုပ် ထွက်ရှိလာသည်။

ဆေးပင်ပြုစုသူတို့က Ginkgo biloba ဂင်ဂိုပင်ဟုလူသိများသည့် ဆေးဖက်ဝင်ကမ္ဘာဦးပင်၏ ထူးခြားဖြစ်စဉ်များကို စာဖတ်ပရိသတ်အလွယ်တကူသိရှိလေ့လာနိုင်ရန်အတွက် ရည်ရွယ်ပြုစုထားခြင်းဖြစ်သည်။ ထိုအပင်မှာ ကမ္ဘာပေါ်တွင် လွန်ခဲ့သောနှစ်သန်း ၂၀၀ ကျော်ခန့်က ပေါ်ပေါက်ခဲ့ပြီး ယခုအချိန်အထိ မျိုးသုဉ်းပျောက်ကွယ်သွားခြင်းမရှိသေးသောအပင်ဖြစ်သည်။ မျိုးရင်း၊ မျိုးစိတ်၊ မျိုးကွဲများမရှိဘဲ တစ်မျိုးတည်းသာရှိသည့် တစ်ကောင်ကြွက်အပင်ဟုလည်း ရုက္ခဗေဒအလိုအရဆိုကြသည်။ အဖိုပင်နှင့်အမပင်ဟူ၍ သီးခြားရှိသောကြောင့် နှစ်ပင်ပေါင်းမှ မျိုးအောင်သောမျိုးစေ့ဖြင့် စိုက်ပျိုးနိုင်သော အပင်ဖြစ်သည်။ ကိုင်းထိုး၍စိုက်ပျိုးနိုင်သောကြောင့်လည်း ယခုအချိန်အထိ မျိုးဆက်မပြတ်သေးခြင်းဖြစ်သည်။ အင်္ဂလန်တွင် နှစ်ပေါင်း ၁၀၀၀ ကျော်သက်တမ်းရှိသည့် ဂင်ဂိုပင်ကြီးရှိပြီး သဘာဝပိုးများမထိုးနိုင်သောကြောင့် သက်တမ်းရှည်ခြင်းဖြစ်သည်။ ညစ်ညမ်းသော လေကိုစုပ်ယူပေးပြီး သန့်စင်သောအောက်ဆီဂျင်ကို ပြန်ထုတ်ပေးနိုင်သဖြင့် ကမ္ဘာ့မြို့ကြီးများတွင်စိုက်ပျိုးထားသည်။ ကျန်းမာရေးအတွက် အကျိုးကျေးဇူးများပြီး ဦးနှောက်အတွင်းသို့ သွေးရရှိမှုလျော့နည်းသဖြင့် ဖြစ်ပေါ်လာသော ရောဂါများကို သက်သာစေသည်။ သတိမေ့ခြင်း၊ ခေါင်းချာချာလည်မူးခြင်း၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ စိတ်ကျခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အယ်လ်ဇိုင်းမားရောဂါအတွက် တိုက်ကျွေးနိုင်ခြင်း၊ အိုမင်းရင့်ရော်ခြင်း၊ လေဖြတ်ခြင်း၊ အကြားအာရုံ၊ အမြင်အာရုံချို့ယွင်းခြင်း၊ အမြင့်သို့တက်ပါက မူးဝေအော့အန်ခြင်း၊ ခြေထောက်သို့ သွေးကောင်းစွာမရောက်ခြင်း၊ သွေးကြောများ ရုတ်တရက်ကျုံ့သွားသဖြင့် ခြေဖျားလက်ဖျားသို့ သွေးမလျှောက်ခြင်း၊ ပန်းသေပန်းညိုးရောဂါဖြစ်ခြင်း စသည့်ရောဂါမျိုးစုံပျောက်ကင်းနိုင်ကြောင်းနှင့် အသုံးပြုနည်း၊ ဆောင်ရန်၊ ရှောင်ရန်နည်းများပါ ဖော်ပြထားသည်။

**အဆိုပါစာအုပ်ကို FAME စာပေတိုက်၊ အမှတ်(၂၀)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ လှိုင်သာယာစက်မှုဇုန်(၃)၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၈၂၁၉၉ က တန်ဖိုးကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိထားသည်။**

## ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာဆီးဂရေ့(စ်) (Burma Surgeon GORDONS S.SEAGRAVE,MD)




ဆရာကိုကိုလေး မြန်မာပြန်ဆိုသည့် "ဘားမားဆာဂျင် နမ့်ခမ်းဆေးရုံမှပရဟိတခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာဆီးဂရေ့(စ်)(Burma Surgeon GORDONS S.SEAGRAVE.MD) မြန်မာ့သမိုင်းဘာသာပြန်စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်မှာ ကိုလိုနီခေတ်က မြန်မာနိုင်ငံတွင် အခြေချနေထိုင်ခဲ့သည့် ထိုစဉ်ကဗမာပြည်သာသနာပြုလုပ်ငန်းအတွက် ဆေးအမှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် ခွဲစိတ်ကုသပညာရပ်ကို သင်ယူတတ်မြောက်ခဲ့သူ ဂရေ့(စ်)၏ မြန်မာပြည်တွင်း ငါးနှစ်တာကြိုးစားရုန်းကန်ခဲ့ပုံ နေ့စဉ်မှတ်တမ်းကို ပြန်လည်ဘာသာပြန်ဆိုဖော်ပြထားခြင်းဖြစ်သည်။ ခွဲစိတ်ကုသခြင်းကိုအခြေခံ၍ အမေရိကန်နိုင်ငံမှ ခရစ်ယာန်သာသနာပြုခရီးစဉ် စေလွှတ်ခဲ့ခြင်းဖြစ်ရာ ခရီးစဉ်အစ လှိုင်ကော်မြို့မှ မြန်မာပြည်အနှံ့စစ်အတွင်းကာလ ကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်များကို ဖော်ထုတ်ရေးသားထားခြင်းဖြစ်သည်။ ဒေသခံတို့၏ဓလေ့စရိုက် ကိုးကွယ်ယုံကြည်မှုဓလေ့ကို လေ့လာသင်တန်းပေးခြင်း၊ ရောဂါဝေဒနာသည်များကို ခွဲစိတ်ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး နမ့်ခမ်းမြို့ဆေးရုံကြီးတွင် ခွဲစိတ်ကုဆရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် အတွေ့အကြုံများပါဝင်သည်။ ဂရေ့(စ်)သည် မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာကျင်လည်ခဲ့စဉ် စာသင်ကျောင်းများပေါ်ထွက်လာရေး၊ ပိုးချည်အထည်ရက်သင်တန်းကျောင်းဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည့်အပြင် တိုင်းရင်းသားအချို့ ခရစ်ယာန်ဘာသာသို့ကူးပြောင်းပြီး ခရစ်ယာန်ရွာတည်ဆောက်ပေးပုံတို့ကိုတင်ပြထားသည်။ အထူးသဖြင့် စစ်အတွင်းကာလ၌ ဆေးရုံများတွင် သူနာပြုဆရာမများနှင့်အတူ တာဝန်ထမ်းဆောင်ခဲ့ရပုံများနှင့် စစ်မြေပြင်တွင် ဒဏ်ရာရရှိခဲ့သော စစ်သည်များအား အားလုံးနီးပါးအသက်ကယ်ပေးခဲ့ရပုံ၊ ဒေါက်တာဆီးဂရေ့(စ်)နှင့်ဆရာဝန်အဖွဲ့၊ သူနာပြုဆရာမများ၏ သတ္တိရှိရှိ ၂၄ နာရီကာလပတ်လုံး မနားတမ်းခွဲစိတ်ကုသပေးခဲ့ပုံများကို မြန်မာပြည်သမိုင်းတွင်သာမက ကမ္ဘာ့စာနယ်ဇင်းလောကတွင် ကျော်ကြားလာပုံတို့ကို မှတ်တမ်းသဖွယ်အကျဉ်းရုံးဖော်ပြထားသည်။

**အဆိုပါစာအုပ်တွင် စစ်အတွင်းသမိုင်းမှတ်တမ်းဓာတ်ပုံများပါပါဝင်ပြီး ဟိန်းစာပေ၊ အမှတ်(၅၁)၊ (၁၅၆)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့က တန်ဖိုး ကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။**

## ကိုယ်တိုင်ရေး ကိုယ်တိုင်ကျင့် အင်္ဂလိပ်စာဝါကျ တည်ဆောက်ပုံများ




ဆရာထိန်လင်း (BE. Mechanical) ရေးသားပြုစုသည့် "ကိုယ်တိုင်ရေး ကိုယ်တိုင်ကျင့် အင်္ဂလိပ်စာဝါကျတည်ဆောက်ပုံများ" (အလယ်တန်းနှင့် အထက်တန်းကျောင်းသားကျောင်းသူအားလုံးအတွက်) စာအုပ်ထွက်ရှိလာသည်။

ယနေ့ကာလတွင် အင်္ဂလိပ်စာလိုက်စားလိုသူများ များပြားလာသည့်အတွက် အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာစာအုပ်များ အမြောက်အမြားပေါ်ထွက်လျက်ရှိရာ ယခုစာအုပ်မှာ ပြုစုသူ၏ ဘဝတစ်လျှောက် လေ့လာခဲ့သမျှ အင်္ဂလိပ်စာကို ပြန်လည်မျှဝေပေးထားခြင်းဖြစ်သည်။ အင်္ဂလိပ်စာရေးသားနည်း၊ ပြောပုံဆိုပုံများကို ပြန်လည်တစ်ဆင့်မျှဝေပေးထားခြင်းဖြစ်သည်။ အင်္ဂလိပ်စာကို သဒ္ဒါနည်းကျ၊ အခြေခံပိုင်နိုင်စေရန် အလယ်တန်းအဆင့်နှင့်အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများအတွက် ရည်ရွယ်ပြုစုထားခြင်းဖြစ်သည်။ အင်္ဂလိပ်စာကို လေ့လာလိုက်စားရာတွင် များသောအားဖြင့် ကျမ်းကြီးကျမ်းခိုင်သဖွယ် ခက်ခဲနက်နဲပြီး လေ့လာသူများအဖို့ စိတ်ပျက်လက်လျှော့တတ်သောအခြေအနေကို ကျော်လွှားနိုင်ရန်အတွက် ယခုစာအုပ်တွင် ပါးပါးလျားလျား ပေါ့ပေါ့ပါးပါးဖြင့် အခြေခံသဒ္ဒါမှစ၍တတ်မြောက်နိုင်စေရန် ပြုစုထားခြင်းဖြစ်သည်။ အင်္ဂလိပ်စာသရနှင့်ဗျည်းများ၊ မြန်မာပြည်ရှိ အမည်များရေးသားခြင်းကိုလေ့လာခြင်း၊ eight Parts of Speech ဝါစင်္ဂ ရှစ်မျိုး၊ Noun နာမ်ပုဒ်အကြောင်း၊ အနည်း၊ အများ အရေအတွက်သတ်မှတ်ခြင်းအကြောင်း၊ Adjectives နာမဝိသေသနများ၊ Pro-Nouns နာမ်စားများအကြောင်း၊ Verbs ကြိယာများအကြောင်း၊ Adverbs ကြိယာဝိသေသနများအကြောင်း၊ Prepositions ဝိဘတ်များအကြောင်း၊ Conjunctions သမ္ဗန္ဓစကားများအကြောင်း၊ Interjection အာမေဍိတ်အကြောင်း၊ Sentences ဝါကျများအကြောင်းနှင့် ဝါကျတည်ဆောက်ပုံ ပုံစံအားလုံး၏အချုပ်တို့ကို နမူနာ၊ စဉ်းစားပုံ၊ ရေးဖွဲ့မှု၊ ပြောဆိုမှုပုံစံများနှင့် ဖော်ပြထားရာ နည်းနည်းနှင့်များများနားလည်နိုင်မည့်စာအုပ်ဟု ဆိုရမည်ဖြစ်သည်။

**အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ (၃၉)လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၈၃၅ က တန်ဖိုး ကျပ် ၁၃၀၀ ဖြင့် ဖြန့်ချိလျက်ရှိသည်။**

■

# အိုင်အိုဒင်းဆား (သို့မဟုတ်) ဉာဏ်ရည်ပြည့်ပြည့်သူ

မိုးထွန်း

ဆေးသုတေသန လုပ်သက်သုံးဆယ့်နှစ်နှစ်မှာ နှစ်ဆယ့်ရှစ်နှစ်လောက် အိုင်အိုးဒင်းချို့တဲ့ရောဂါနဲ့ ပတ်သက်ပြီး ကျွန်တော်အလုပ်လုပ်ခဲ့ပါတယ်။ တစ်ချိန်တုန်းကတော့ တောင်တန်းဒေသတွေဖြစ်တဲ့ ချင်း၊ ကချင်၊ ကယားတွေမှာ အိုင်အိုဒင်းချို့တဲ့ ရောဂါများတယ်လို့ လူတွေသိကြတယ်။ နောက်ပိုင်း ကျွန်တော်တို့ သိလာတာက အိုင်အိုဒင်းချို့တဲ့ရောဂါဟာ တောင်ပေါ်ဒေသတွေတင်မဟုတ်ဘူး၊ မြေပြန့်ဒေသတွေ အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဒေသဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ မွန်ပြည်နယ်ဒေသတွေမှာလည်း အိုင်အိုဒင်းချို့တဲ့ရောဂါတွေ တွေ့ရပါတယ်။ အထူးသဖြင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းအတွင်း ခရီးလမ်းခက်ခဲတဲ့ ကျေးရွာတွေမှာ ပိုပြီးတော့ဖြစ်တယ်။

### မြေဆီလွှာတိုက်စားမှုနှင့် အိုင်အိုဒင်း

မြေပြန့်ဒေသ အိုင်အိုဒင်းချို့တဲ့တာနဲ့ပတ်သက်ပြီး အကြောင်းရင်းကိုလေ့လာတော့ ကျွန်တော်တို့စားသောက်တဲ့ အစားအသောက်တွေမှာ အိုင်အိုဒင်းချို့တဲ့နေလို့ပဲ။ အိုင်အိုဒင်းဟာ အပေါ်ယံမြေဆီလွှာမှာ ပါဝင်မှုများတယ်။ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်ဒေသတွေမှာ ရေလွှမ်းမိုးတယ်၊ မြေဆီလွှာတိုက်စားမှုရှိတယ်။ အဲဒီတော့ အပေါ်ယံမြေဆီလွှာမှာ ရှိတဲ့ အိုင်အိုဒင်းဓာတ်တွေဟာ ရေထဲကိုပါသွားပြီး ပင်လယ်ထဲ ရောက်သွားတယ်။ အဲဒီတော့ မကြာခဏ ရေလွှမ်းမိုးမှုရှိတဲ့ဒေသတွေမှာ အိုင်အိုဒင်းဓာတ်က နည်းနေတယ်။ ရွာတွေမှာ အဖြစ်များတယ်ဆိုတာက အဲဒီရွာနားက မြေဆီလွှာမှာ အိုင်အိုဒင်းချို့တဲ့လို့ရှိရင် အဲဒီဒေသမှာရှိတဲ့ ရေ၊ ပေါက်ရောက်တဲ့ အသီးအနှံမှာ အိုင်အိုဒင်းက နည်းနေတယ်။ မြို့ကြီးတွေမှာ စားသောက်ကုန်တွေဟာ နေရာပေါင်းစုံကလာတော့ နည်းနည်းတော်သေးတယ်။ ၈၂-၈၄ အတွင်း ဧရာဝတီတိုင်း၊ ခဲပျောက်ရွာကို ကွင်းဆင်းလေ့လာတော့ ခြောက်ဆယ့်ရှစ်ရာခိုင်နှုန်းက လည်ပင်းကြီးရောဂါ ဖြစ်နေတယ်။ ရန်ကုန်နဲ့မနီးမဝေး ထန်းတပင်၊ ဘောလယ်မှာ လေးဆယ်ရာခိုင်နှုန်းလောက်ရှိတယ်။ ဒါကလည်း ရေကြီးရေလျှံဖြစ်လို့ပဲ။

### ပင်လယ်စာများတွင် အိုင်အိုဒင်းပါဝင်မှု

နောက်တစ်ခု ကျွန်တော်တို့ ယူဆခဲ့သလို ပင်လယ်အစားအစာတွေမှာ အိုင်အိုဒင်းဓာတ်များတယ်။ အဲဒီတော့ ပင်လယ်နားနေသူတွေ၊ ပင်လယ်အစားအစာစားသူတွေမှာ အိုင်အိုဒင်းမချို့တဲ့ဘူးပေါ့။ အဲဒါတွေ ပင်လယ်ငါးတွေနဲ့ ရေချိုငါးတွေမှာပါတဲ့ အိုင်အိုဒင်းကို နှိုင်းယှဉ်လေ့လာတော့ ပင်လယ်ငါးတွေမှာ ရေချိုငါးတွေထက် အိုင်အိုဒင်းပါဝင်မှု ခြောက်ဆလောက်များတယ်။ ဒါပေမယ့် လူတစ်ယောက်ဟာ ပင်လယ်ငါးအစိတ်သားလောက်ကို အစိမ်းစားမှ အိုင်အိုဒင်းလိုအပ်မှုကို ပြည့်မီမယ်ဆိုတော့ ကျွန်တော်တို့ဟာ တစ်နေ့ကို ငါးအစိတ်သား ဘယ်လိုစားဖြစ်မလဲ။ အဲဒီတော့ ပင်လယ်ငါးစားရင် အိုင်အိုဒင်းပြည့်မီတယ်ဆိုတဲ့ အယူအဆက မမှန်ဘူး။ အိုင်အိုဒင်း တကယ်ကြွယ်ဝတာက ပင်လယ်ကျောက်ပွင့်။ တစ်နေ့ကို ၅ ဂရမ် နည်းနည်းလေးစားရုံနဲ့ အိုင်အိုဒင်းလိုအပ်ချက်ကို ပြည့်မီတယ်။ ဒါပေမယ့် ပင်လယ်ကျောက်ပွင့်ကို ဘယ်သူမှ နေ့တိုင်းစားနေတာတော့ မရှိဘူး။ နောက် ပင်လယ်ပုဇွန်မှာ အိုင်အိုဒင်းများပေမယ့် ကျောက်ပွင့်ကို မမီဘူး။ အဲဒီတော့ ပင်လယ်စာစားရုံနဲ့ အိုင်အိုဒင်းပြည့်မီတယ်လို့ မပြောနိုင်ဘူး။ ဂျပန်တွေတော့ ပင်လယ်ကျောက်ပွင့်ကို တော်တော်များများစားတယ်။ ဂျပန်ကထုတ်တဲ့ ပင်လယ်ကျောက်ပွင့်ဟာ မြန်မာထုတ်တဲ့ ပင်လယ်ကျောက်ပွင့်ထက် ပိုပြီး အိုင်အိုဒင်းကြွယ်တယ်။

### အိုင်အိုဒင်းချို့တဲ့လျှင်

အဲဒါကြောင့်မို့လို့ အိုင်အိုဒင်းချို့တဲ့ရောဂါဟာ တောင်ပေါ်ဒေသတွေမကဘူး မြစ်ဝကျွန်းပေါ်ဒေသတွေမှာလည်းရှိတယ်။ ကမ်းရိုးတန်းဒေသတွေမှာ အိုင်အိုဒင်းချို့တဲ့ရောဂါ အထင်အရှားမတွေ့ပေမယ့် ဆီးကိုစစ်လိုက်ရင် အိုင်အိုဒင်းနည်းနေတာ တွေ့ရတယ်။ အိုင်အိုဒင်းချို့တဲ့ရင် တစ်ချိန်က လည်ပင်းကြီးတာပဲသိကြတယ်။ တကယ်တော့ အိုင်အိုင်ဒင်းသိပ်ချို့တဲ့ရင် ကလေးတွေဟာ အိုင်ကျူနိမ့်တာ၊ အသိဉာဏ်ချို့တဲ့တာ၊ ဆွံ့အနားမကြားတာပါ တွေ့ရတယ်။ အိုင်အိုဒင်းချို့တဲ့တဲ့ ကိုယ်ဝန်ဆောင်မိခင်တွေမှာ သားလျောတာ၊ သားပျက်တာဖြစ်တယ်။

> “အိုင်အိုဒင်း တစ်လကိုသိန်းနှစ်ဆယ်ဖိုး။ တစ်နှစ်ကို သိန်းတစ်ရာ့နှစ်ဆယ်ထည့်ရင်းလိုက်ပေမယ့် ဈေးကွက်မှာမယှဉ်နိုင်တော့ဘူး။ အိုင်အိုဒင်းထည့်ထားတဲ့ ဆားကမထည့်ထားတဲ့ဆားကိုဈေးကွက်မယှဉ်နိုင်ဘူး။ ဒီကစက်တွေအနေအထားအရမထည့်တဲ့ဆားက အစိုပြန်မှုနည်းပြီး ခြောက်သွေ့တယ် . . . . . . .”

အရေးယူတယ်ပေါ့။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ Test Kit (ဆေးရည်) နဲ့ စစ်လိုက်ရင်လည်း အိုင်အိုဒင်းပါ-မပါ၊ ပြည့်-မပြည့် သိနိုင်တယ်။ ဈေးတွေမှာ စားသုံးမှု ဘယ်လောက်ကျယ်ပြန့်လာလဲ၊ ဘာလဲ လိုက်စစ်တယ်။

နောက်တစ်ခုက အိုင်အိုဒင်းစားလိုက်လို့ ဆီးထဲမှာ ပြန်ပါလာတယ်။ ဒါကြောင့် ဆီးထဲမှာပါတာကို

### အစိုးရ၏ ထောက်ပံ့မှု

နိုင်ငံတော်အစိုးရအနေနဲ့ အိုင်အိုဒင်းချို့တဲ့ရောဂါကိုတွေ့လို့ ၁၉၆၉ ခုနှစ်လောက်ကတည်းက ဆားဖြန့်ဖြူးတဲ့ ကုန်သွယ်ရေးနဲ့ပူးပေါင်းပြီးတော့ အိုင်အိုဒင်းဆားထုတ်တယ်။ အိုင်အိုဒင်းချို့တဲ့ အများဆုံးဖြစ်တဲ့ ချင်းပြည်နယ်၊ နာဂမှာ ဖြန့်ဖြူးခဲ့တယ်။ အဲဒီဆားသုံးနှစ်လောက် ဖြန့်ဖြူးလိုက်တော့ အဲဒီနယ်မှာ လည်ပင်းကြီးရောဂါဖြစ်တဲ့နှုန်းဟာ သိသိသာသာကျသွားတယ်။ အဲဒီတုန်းက ဆားအရောင်းအဝယ်ကိုလည်း အစိုးရထိန်းချုပ်ထားတာ။ ချင်းပြည်နယ်ပို့မယ့် ဆားတွေကိုတော့ ဆေးသုတေသနဌာနက အိုင်အိုဒင်းတွေထည့်ပေးတယ်။ နောက်ပိုင်း ၁၉၇၆ ခုနှစ်ရောက်တော့ ဆားကို လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားခွင့်ပေးလိုက်တော့ ရိုးရိုးဆားတွေလည်း ချင်းပြည်နယ်ရောက်ကုန်တယ်။ အစိုးရကလည်း အိုင်အိုဒင်းထည့်ဖို့တာဝန်မယူတော့ဘူး။ အဲဒီတော့ လည်ပင်းကြီးရောဂါဖြစ်မှုတွေ ပြန်များလာတယ်။ ၁၉၈၄-၈၆ ခုနှစ်မှာ အိုင်အိုဒင်းပါတဲ့ဆီကို လူတွေကိုထိုးပေးတယ်။ လည်ပင်းကြီးအဖြစ်များတဲ့ ချင်း၊ ကချင်၊ ရှမ်းစတဲ့ တိုင်းရင်းသားတွေကို ထိုးပေးတယ်။ အဲဒီတော့ လည်ပင်းကြီးရောဂါအဖြစ်နှုန်းတွေ ပြန်ကျလာတယ်။ အဲဒီတစ်ချိန်တည်းမှာပဲ မြေပြန့်ဒေသတွေမှာ လည်ပင်းကြီးရောဂါ၊ အိုင်အိုဒင်းချို့တဲ့ရောဂါတွေ ရှိတယ်ဆိုတာ ဆေးသုတေသနက ဖော်ထုတ်နိုင်ခဲ့တယ်။ ရေရှည်မှာ ဆေးထိုးလုပ်ငန်းက ပိုခက်တယ်။ တစ်ကမ္ဘာလုံး၊ WHO၊ UNICEF သဘောတူထားတာက ဆားထဲမှာ အိုင်အိုဒင်းထည့်ဖြန့်ဖြူးတာက အကုန်အကျအသက်သာဆုံး၊ အထိရောက်ဆုံးဖြစ်တယ်။ ဒါကြောင့် Universal Salt Iodinization လူနှင့်တိရစ္ဆာန်စားသည့် ဆားထဲမှာ အိုင်အိုဒင်းဖြည့်တင်းပေးရမယ်ဆိုတဲ့ အစီအစဉ်ပေါ်လာတယ်။

ဆားလုပ်ငန်းဟာ သတ္တုတွင်းဝန်ကြီးဌာနလက်အောက်မှာ ရှိတယ်။ ဆားလုပ်ငန်းလုပ်မယ်ဆိုရင် သတ္တုတွင်းဝန်ကြီးဌာနမှာ လိုင်စင်လျှောက်ရတယ်။ သတ္တုတွင်းဝန်ကြီးဌာနက ဆားထုတ်လုပ်သူတွေကို အိုင်အိုဒင်းဆားပဲ ထုတ်ပါမယ်ဆိုတဲ့ ဝန်ခံချက်နဲ့ လိုင်စင်ထုတ်ပေးတယ်။ အဲဒီတော့ ဆားလုပ်ငန်းဌာနရဲ့ အရည်အသွေးထိန်းချုပ်ဌာန (Quality Control) က ဆားထဲမှာ အိုင်အိုဒင်းထည့်ရဲ့လားလို့ လိုက်စစ်တယ်။ လိုက်စစ်လို့ ဆားထဲမှာ အိုင်အိုဒင်းမထည့်ဘူး၊ စံချိန်စံညွှန်းမပြည့်မီဆိုရင် သတိပေး တိုင်းတာရုံနဲ့လည်း အိုင်အိုဒင်းဓာတ်ပြည့်မီ-မမီဆိုတာ သိနိုင်တယ်။ အဲဒီလိုကွင်းဆင်းလေ့လာပြီး လည်ပင်းကြီးရောဂါဖြစ်နှုန်း၊ အိုင်အိုဒင်းချို့တဲ့နှုန်း ဘယ်လောက်ရှိလဲ၊ ဘယ်လောက်ကျန်သေးလဲ လုပ်ခဲ့တယ်။ ပင်စင်ယူပြီးတော့လည်း UNICEF Consultant (အတိုင်ပင်ခံပုဂ္ဂိုလ်) အဖြစ် ဆီးထဲမှာ အိုင်အိုဒင်းပါဝင်နှုန်းကို သုတေသနလုပ်ခဲ့တယ်။ ကျန်းမာရေးဦးစီးဌာန၊ အာဟာရဓာတ်ဌာနခွဲက ဆီးနမူနာတွေကို ကွင်းဆင်းစုဆောင်ပြီး ဆီးအတွင်း အိုင်အိုဒင်းပါဝင်နှုန်းကို ဓာတ်ခွဲလေ့လာခဲ့တယ်။ ကျောင်းသားလေးတွေရဲ့ ဆီးနမူနာတွေကိုယူပြီး သုတေသနလုပ်ခဲ့တယ်။ အိမ်မှာ စားသုံးနေတဲ့ ဆားတွေကိုလည်း စမ်းသပ်စစ်ဆေးခဲ့တယ်။ ၁၉၉၉၊ ၂၀၀၁၊ ၂၀၀၃၊ ၂၀၀၄၊ ၂၀၀၆ ငါးကြိမ်လုပ်ခဲ့တယ်။ အိုင်အိုဒင်းပြည့်ဝနှုန်း တဖြည်းဖြည်းတိုးတက်လာတာတွေ့ရတယ်။ ၂၀၀၆ ခုနှစ်မှာ တစ်ပြည်လုံးအတိုင်းအတာနဲ့ လုံလောက်မှု ရှိတယ်ဆိုတဲ့သဘောတွေ့ရတယ်။

နောက်ပိုင်း နေပြည်တော်ပြောင်းပြီး ဓာတ်ခွဲခန်းတွေဘာတွေလည်း မရှိတော့ ဆီးနမူနာစမ်းသပ်ခြင်းကို မလုပ်ဖြစ်တော့ဘူး။ ခုပြန်လုပ်ဖို့ စီစဉ်နေတာမို့ ကျွန်တော် သင်တန်းပေးခဲ့ရတယ်ဟု ဦးခင်မောင်နိုင် ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)အာဟာရဓာတ်ခွဲဌာန၊ ဆေးသုတေသနဦးစီဌာန၊ကျန်းမာရေးဝန်ကြီးဌာနက ပြောပါတယ်။

**ဦးမြင့်လှိုင် (တိုးနယားဆားစက်)၊ ဦးထိန်ဝင်း၏(အောင်ဆားစက်)၊ဦးသန်းလွင် (ထက်အောင်သာဆားစက်)၊ဦးဇော်ဝင်း (မြတ်သုခဆားစက်)တို့ပြောကြားလာသည့် အိုင်အိုဒင်းဆားထုတ်လုပ်မှုနှင့်ဖြန့်ဖြူးရောင်းချမှုအခြေအနေက –**

၂၀၀၆ အထိ UNICEF က အိုင်အိုဒင်း အလကားထောက်ပံ့ခဲ့တယ်။ အဲဒီလို အလကားထောက်ပံ့တာကိုပဲ တချို့မထည့်ဘဲ သိမ်းထားကြပြီး ခုဈေးတက်လာတော့မှ ထုတ်ရောင်းချကြတယ်။ 25 Kg အိုင်အိုဒင်းတစ်ပုံးဆေးဟာ တဖြည်းဖြည်း ဈေးတက်လာတာ ခုဆိုရင် ဆယ်သိန်းကျော်၊ ဆယ့်နှစ်သိန်းဖြစ်သွားတော့ အိုင်အိုဒင်းကို အပြည့်အဝမထည့်နိုင်ကြတော့ဘူး။ တစ်ချို့ဆို လုံးဝမထည့်တော့ဘူး။

အိုင်အိုဒင်း တစ်လကို သိန်းနှစ်ဆယ်ဖိုး။ တစ်နှစ်ဆို သိန်းတစ်ရာ့နှစ်ဆယ်ထည့်ရင်းလိုက်ပေမယ့် ဈေးကွက်မှာ မယှဉ်နိုင်တော့ မထည့်ကြတော့ဘူးပေါ့။ အိုင်အိုဒင်းထည့်ထားတဲ့ဆားက မထည့်ထားတဲ့ဆားကို ဈေးကွက်မယှဉ်နိုင်ဘူး။ ဒီက စက်တွေအနေအထားအရ မထည့်တဲ့ဆားက အစိုပြန်မှုနည်းပြီး ခြောက်သွေ့တယ်။ ဈေးလည်းသက်သာတော့ ဈေးကွက်မှာ ပိုကြိုက်တယ်။

ဆားထုတ်တာက ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်နဲ့ ရခိုင်တို့ပါ။ တစ်နိုင်ငံလုံး ဆားစက် (၈၆) စက်ရှိတယ်။ အိန္ဒိယထုတ်တဲ့ 25Kg အိုင်အိုဒင်းတစ်ပုံးဟာ US $299 ရှိတယ်။ တစ်တိုင်းပြည်လုံးလိုတာက ပုံး ၆၀၀။ ပေါင်း US $ 180,000။ သိန်း ၂၀၀၀ ကျော်ပဲ။ အဲဒီတော့ သိန်း ၂၀၀၀ ကျော်သာ အကုန်ခံလိုက် တိုင်းပြည်ရဲ့ အိုင်အိုဒင်းလိုအပ်ချက်ပြည့်မီပြီ။

အိုင်အိုဒင်းက ပေါက်ကွဲစေတဲ့ပစ္စည်းဆိုပြီး ဆားနဲ့ရောပြီး သင်္ဘောတင်ရတော့ ရောက်လာတဲ့ အိုင်အိုဒင်းအရည်အသွေးက မပြည့်မီတော့ပြန်ဘူး။

အစိုးရ၊ UNICEF နဲ့ ဆားလုပ်ငန်းရှင်တွေ ဆွေးနွေးတာ (၁၁) ကြိမ်ရှိပြီ။ အမျိုးသားအရေးမို့ နိုင်ငံတော်က ထောက်ပံ့စေချင်တယ်။ UNICEF က ပေးထားခဲ့တဲ့ PMRF(Potencium Iodionate Revolving Fund)က အရင်က သိန်း ၈၀၀ လောက်ရှိခဲ့တယ်။ ကျန်ငွေနဲ့ဘဏ်တိုးနဲ့ ပေါင်းလိုက်ရင် နိုင်ငံတော်က သိန်းတစ်ထောင်ကျော်လောက်ပဲ စိုက်ရတော့မယ်။

ဆားတစ်ပိဿာမှာ ကျပ် ၁၄၀ ထား။ အိုင်အိုဒင်းထည့်လိုက်ရင် သုံးကျပ်၊ လေးကျပ်လောက်ပဲ ပိုကျမှာ။ စားသုံးသူဘက်က ဒီလောက်တော့ ပေးဝယ်မှာပါ။

**ဦးဝင်းအေး၊ အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့ဆားလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။ Project Manager (USI မြန်မာ့ဆားလုပ်ငန်း) UNICEF Assistant Project Manager ၏အကြံပြုချက် –**

ကျွန်တော်တို့က အိုင်အိုဒင်းဆားကို အောင်မြင်စေချင်တယ်။ အောင်မြင်ဖို့ဆိုတာ UNICEF လည်းလိုတယ်၊ ကျန်းမာရေးဌာနလည်း လိုတယ်၊ သတ္တုတွင်းဝန်ကြီးဌာနလည်း လိုတယ်၊ Private Sector (ပုဂ္ဂလိကကဏ္ဍ)လည်း လိုတယ်။ အစိုးရက နားလည်မှုရှိရင် ဒီလုပ်ငန်းကို တစ်ချိန်ချိန်မှာ ပြန်ပြီးကိုအကောင်အထည်ဖော်ရမယ်။ တချိန်တုန်းကတော့ အဟုန်နဲ့ ဖြတ်သန်းခဲ့တယ်။ နောက်ပိုင်းကျတော့ သတ္တုတွင်းဝန်ကြီးဌာနကလည်း ဦးစီးဦးဆောင်အား လျော့လာတယ်။ အမှန်တိုင်းကတော့ ကျန်းမာရေး ဝန်ကြီးဌာနနဲ့ သတ္တုတွင်းဝန်ကြီးဌာနတို့က Key Player (အဓိကလုပ်ဆောင်ရသူ) ပဲ။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ဆားကတော့ အဆင့်တွေအားလုံးမှာ အိုင်အိုဒင်းထည့်ဖို့ကိုတာဝန်ယူရတယ်။ နောက်တစ်ခါ အဲဒီဆားတွေ အိုင်အိုဒင်းပါတယ်-မပါတယ်ဆိုတာကို စစ်ဆေးတဲ့အပိုင်းလည်း တာဝန်ယူရတယ်။ အရင်ဦးပိုင်းမှာတော့ တော်တော် ထိထိရောက်ရောက်ရှိတယ်။ နောက်စက်တွေမှာလည်း နည်းပညာထည့်ပေးတယ်။ ကိုယ့်နည်းကိုယ့်ဟန် လုပ်လို့ကိုင်လို့ရအောင်ဆိုတာ ဘယ်လောက်ထည့်လို့ ရှိရင် ဘယ်လောက် PPM(Parts Per Million-ဆားပွင့်တစ်သန်း၌ အိုင်အိုဒင်းပါဝင်နှုန်း) ဘယ်လောက်။ များသွားလို့ရှိရင် ပုဂ္ဂလိကကဏ္ဍက လူတွေလည်း အလဟဿပြုန်းတီးမှုဖြစ်တယ်။ စားသုံးသူအတွက်လည်း အကျိုးမများဘူးဖြစ်တဲ့အတွက် ညှိလုပ်ပေးတာရှိတယ်။ သို့သော်လည်းပဲ လုပ်တဲ့သူက လုပ်တယ်၊ မလုပ်တဲ့သူက မလုပ်ဘူး။ ခိုတဲ့သူက လျော့ထည့်တယ်။ စားသုံးသူဘက်က ဘယ်လောက်မပြည့်မီဘူးဆိုလို့ တိုင်ကြားလာရင် ကျွန်တော်တို့ဘက်က လိုက်ရှင်းရတယ်။ ထိစပ်မှုရှိတာက ပုဂ္ဂလိကလုပ်ငန်းသမားတွေနဲ့ ဆားလုပ်ငန်းဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကို ကျွန်တော်တို့က လိုင်စင်ချပေးတာကို။ လိုင်စင်ချပေးတော့ အိုင်အိုဒင်းလုပ်တယ်ဆိုရင် အမြတ်ခွန်သက်သာတယ်။ တချို့က အိုင်အိုဒင်းမလုပ်ဘဲ အခွန်သက်သာအောင်လုပ်တာလည်းရှိတယ်။ အားလုံးတော့မဟုတ်ပါဘူး။

စာမျက်နှာ (၁၉) သို့

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့်မြေသား ရေကန်တာပေါင်ကျိုးပေါက်ပျက်စီးခဲ့၍ မြေသားများ၊ သဲအိတ်များဖြင့် ဝိုင်းဝန်းပိတ်ဆို့



**ပေါက် အောက်တိုဘာ ၂**

ပခုက္ကူခရိုင် ပေါက်မြို့နယ်၌ စက်တင်ဘာ ၂၈ ရက် နံနက် ၂ နာရီခန့်ကမိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပေါက်မြို့နယ် ပလောင်းကျေးရွာအုပ်စု ကျောက်မဲတောင်ကျေးရွာမြောက်ဘက် နှစ်ဖာလုံခန့်အကွာရှိ မြေသားရေလှောင်ကန်တာပေါင်မှာ ဝင်ရောက်လာသည့် မိုးရေများအား ထိန်းသိမ်းထားနိုင်ခြင်းမရှိဘဲ ရေစီးနှင့်အတူ ကျိုးပေါက်ပျက်စီးခဲ့သည်။ ယင်းပျက်စီးမှုကြောင့် လူ၊ တိရစ္ဆာန်နှင့် စိုက်ပျိုးထားသော သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည် ။

ယခုအခါ မြေသားရေကန်ပေါင် ကျိုးပေါက်ပျက်စီးခြင်းကြောင့် သောက်သုံးရေအခက်အခဲဖြစ်ပြီး ယင်းအခက်အခဲများကိုဖြေရှင်းပေးရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းနှင့် စာရေးဝန်ထမ်းများ၊ ပေါက်မြို့မစခန်းမှူး ဒုရဲမှူးစောကြိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဇော်ဦး၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးစောမြင့်ခိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူးဦးကျော်မင်းသူနှင့် တပ်ဖွဲ့ဝင်များနှင့် ကျောက်မဲတောင်ကျေးရွာနေပြည်သူများက စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းက လူအင်အား ၇၀ ကျော်နှင့် အဆိုပါမြေသားရေကန်တာပေါင် ကျိုးပေါက်ပျက်စီးမှုအား မြေသားနှင့် သဲအိတ်များဖြင့် ဝိုင်းဝန်းပိတ်ဆို့ခဲ့ကြောင်း သိရသည်။

အဆိုပါ မြေသားရေလှောင်ကန်မှာ အလျား ၁၈၅ ပေ၊ အမြင့် ၂၇ ပေရှိပြီး ကျောက်မဲတောင်ကျေးရွာမှ အိမ်ထောင်စု ၆၇ စု လူဦးရေ ၃၂၈ ဦး နေ့စဉ် ခပ်ယူသုံးစွဲလျက်ရှိကြောင်း သိရသည်။

**ညဏ်တိုး(ပေါက်)**

## ပဲစိုက်တောင်သူများ ပွဲရုံများနှင့် ချိတ်ဆက်၍ ဈေးကောင်းရမည့် ပဲမျိုးကိုသာ ရွေးချယ်စိုက်ပျိုးလာ

**အမရပူရ အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ မြစ်ရေဝင်သည့်ယာမြေများမှာ တော်သလင်းလ မြစ်ရေကျချိန်တွင် ပဲနှင့် အခြားသီးနှံများကို စိုက်ပျိုးကြသည်။ ယခင်နှစ်များတွင် စရိတ်သက်သာသည့် ပဲယင်းများကို အဓိကစိုက်ပျိုးကြသော်လည်း ယခုနှစ်တွင် တောင်သူများသည် ပွဲရုံများနှင့် ဆက်စပ်ကာ မျိုးကောင်း မျိုးသန့်များ ရွေးချယ်ကာ ဈေးကွက်ကောင်းမည့် သီနှံကို ခန့်မှန်းတွက်ဆ၍ ရွေးချယ်စိုက်ပျိုးလာကြကြောင်း တောင်သူများ၏ ပြောပြချက်အရ သိရသည်။

ယခုနှစ်တွင် ပွဲရုံများနှင့် ချိတ်ဆက်မှုအရ ပဲယင်းစိုက်ပျိုးပါက ဈေးကွက်မကောင်းနိုင်ကြောင်းသိရသည်။

ပွဲရုံများတွင် လှောင်ထားသော ပဲယင်းများပင် ဈေးကွက်မကောင်း အဝယ်မလိုက်သည့်အတွက် လှောင်ထားနေဆဲဖြစ်ကြောင်းနှင့် ကုလားပဲနှင့် ပဲနီပြားကိုသာ စိုက်ပျိုးသင့်ကြောင်း ပွဲရုံလုပ်ငန်းရှင်များက အကြံပေးလာကြသည်။

ဈေးကွက်စုံစမ်းကာ သီးနှံရွေးချယ်စိုက်ပျိုးမှုအရ ကုလားပဲနှင့် ပဲနီပြားသာ အားထားစိုက်ပျိုးလာကြသည်။ လက်ရှိကာလတွင် အမရပူရမြို့နယ်အတွင်းမှ ပဲစိုက်တောင်သူများ နွားများနှင့်ထယ်ထွန်စိုက်ပျိုးခြင်းအပြင် စက်စွမ်းအားဖြင့် နေ့ညအချိန်မီ စိုက်ပျိုးနေသည်။ ပဲစိုက်ပျိုးမှုတွင် နွားရှဉ်းတစ်ရှဉ်း ငွေကျပ် ၈၀၀၀ ပေးရသည်။

အများစုမှာ စက်စွမ်းအားကို အသုံးပြုကာ အချိန်မီစိုက်ပျိုးလာသည်။ ဘွန်ဒေါင်းစက်ကလေးများဖြင့် ထွန်ယက်ရာတွင် တစ်ဧကလျှင် ငွေကျပ် ၁၈၀၀၀ ပေးရကြောင်း သိရသည်။ လက်ရှိကာလတွင် တောင်သူများမှာ ခေတ်မီလာပြီး ဖုန်းများဖြင့် ပွဲရုံများကို ဈေးကွက်များစုံစမ်းခြင်း၊ မျိုးကောင်း မျိုးသန့်များကို စိုက်ပျိုးခြင်းမှအစ စနစ်တကျ ပြုလုပ်စိုက်ပျိုးလာကြောင်း သိရသည်။

**တိမ်တမန်**

## ပြည်သူများအသိပညာကျယ်ကျယ် ပြန့်ပြန့်သိရှိစေရန် မန္တလေးတိုင်း ဒေသကြီးရဲတပ်ဖွဲ့က မော်တော်ယာဉ်ဖြင့် ပညာပေးလုပ်ငန်းဆောင်ရွက်

**ကျောက်ဆည် အောက်တိုဘာ ၂**

ကျောက်ဆည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် သီရိသာသနာ့ ဓမ္မာရုံလမ်းဆုံတွင် စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့က မော်တော်ယာဉ်ဖြင့် ပြည်သူများ အသိပညာကျယ်ပြန့်စေရေးအတွက် လူကုန်ကူးမှုဖြစ်စဉ်များ၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ဆိုးကျိုးများ၊ ယာဉ်တိုက်မှု ဖြစ်စဉ်များနှင့် မှုခင်းအကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောရာတွင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးမျိုးလွင်က ပညာပေးလုပ်ငန်းများ လှည့်လည်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျောက်ဆည်မြို့ အမှတ်(၉၂) ယာဉ်ထိန်းရဲ တပ်ဖွဲ့စုမှ ရဲအုပ်ကျော်စိုးလွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်းကို ရှင်းလင်းပြောကြားရာတွင် ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးအတွက် ယာဉ်မောင်းသူများအပြင် လမ်းအသုံးပြုသူများကပါ လိုက်ပါဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အမှတ်(၁၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲအုပ်သက်ဌေးဝင်းက လူမှောင်ခို အကူးခံရသည့် အကြောင်းအရင်းများကိုလည်းကောင်း၊ အမှတ်(၁၈) မူးယစ်တပ်ဖွဲ့စုမှ ရဲအုပ်ထိန်နိမ်က မူးယစ်ဆေးဝါးများနှင့် ပတ်သက်သည့် မှုခင်းများအနက် နောက်ဆက်တွဲ ဆိုးကျိုးများကိုလည်းကောင်း အသီးသီးဟောပြော ဆွေးနွေးခဲ့ကြသည်။

တက်ရောက်လာသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

အဆိုပါအသိပညာပေးယာဉ်သည် စက်တင်ဘာ ၂၇ ရက်က ပလိပ်မြို့နှင့် တံတားဦးမြို့များသို့လည်းကောင်း၊ ၂၈ ရက် နံနက်ပိုင်းက ကျောက်ဆည်တက္ကသိုလ်ကျောင်းတွင်လည်းကောင်း ပညာပေးဟောပြောဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ၂၉ ရက်တွင် အင်ကုန်းစက်မှုလယ်ယာစက်ရုံနှင့် မြစ်သားမြို့များသို့ ဆက်လက်ပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## အစေ့ထုတ်ပြောင်းများဈေးကွက်သို့တင်ပို့ရောင်းချနိုင်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂**

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ဆင်တဲကြီးကျေးရွာ၌ စိုက်ပျိုးထားသော (၈၈၈) အစေ့ထုတ်ပြောင်းဖူးမျိုးများကို ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ရေးအတွက် အခွံချွတ်ခြင်း၊ အခြောက်လှမ်းခြင်းနှင့် စက်ဖြင့်ချွေခြင်းများကို တောင်သူများစတင်လိုက်ကိုင်လျက်ရှိသည်။

"ကျွန်တော်တို့အနေနဲ့ပြောင်းဖူးမျိုးစေ့တွေကို တစ်အိတ် ၂၂၀၀၀ ကျပ်နှုန်းနဲ့ဝယ်ယူရပြီး တစ်အိတ်ကို တစ်ဧက စိုက်ပျိုးလို့ရပါတယ်။ စိုက်တဲ့အချိန်ကတော့ ဇွန်လဆန်းပိုင်းလောက်မှာ စတင်စိုက်ပျိုးပါတယ်။ စိုက်ပျိုးပြီး ရက် ၃၀ သားလောက်မှာ ပေါင်းပေါက်ခြင်း၊ မြေပြုပြင်ခြင်းနှင့် မြေဩဇာကျွေးခြင်းတွေကို လုပ်ဆောင်ရပါတယ်။ စိုက်ပျိုးပြီး သုံးလခွဲကြာတဲ့အခါမှာ ရိတ်သိမ်းပြီး အခွံချွတ်ခြင်း၊ အခြောက်လှမ်းခြင်းနှင့် စက်နဲ့ချွေပြီး အစေ့ထုတ်ခြင်းတွေကို ပြုလုပ်ပါတယ်။ အစေ့ထုတ်ပြီး ပြောင်းဖူးစေ့တွေကို ပိုမိုခြောက်သွေ့အောင် ထပ်မံပြီးတော့ အခြောက်လှမ်းရပါတယ်။ ပြီးမှရောင်းတန်းဝင်အဆင့်ကိုရပါတယ်။ အထွက်နှုန်းအနေနဲ့ကတော့ တစ်ဧကကို တင်း ၈၀ နီးပါးလောက်ထွက်ပြီး ကုန်ကျမှုအနေနဲ့ကတော့ အလုပ်သမားခ၊ ထယ်ထွန်ယက်ခအပါအဝင် တစ်ဧက စုစုပေါင်းကုန်ကျငွေကျပ် နှစ်သိန်းနီးပါးရှိပြီးတော့ ရောင်းချမှုအနေနဲ့ ကာလပေါက်ဈေးတစ်တင်းလျှင် ငွေကျပ် ၆၅၀၀ နှုန်းနဲ့ရောင်းရပါတယ်။ ရောင်းချတဲ့အခါမှာလည်း ပျဉ်းမနား၊ တပ်ကုန်းမြို့တွေကို သွားရောက်ရောင်းချတဲ့အပြင် ပွဲစားတွေကလည်း အိမ်တိုင်ရာရောက် လာရောက်ဝယ်ယူတာလည်းရှိပါတယ်။ အမြတ်အနေနဲ့ကတော့ ဒီနှစ်က အလုပ်သမားခ တွေကလည်း ဈေးကြီးတယ်။ ထယ်ဖိုးကုန်ကျစရိတ်ကလည်း ဈေးကြီးပြီး၊ ရောင်းဈေးကလည်း မနှစ်ကဆိုရင် တစ်တင်းကို တစ်သောင်းနှုန်းလောက်ရောင်းရတဲ့အတွက် ယခုနှစ်ကတော့ အရင်နှစ်ထက်စာရင် အမြတ်ငွေရရှိမှုနည်းပါတယ်" ဟု ပြောင်းဖူး နှစ်ဧကစိုက်ပျိုးထားသည့် တောင်သူဦးမျိုးသန့်ကပြောသည်။

**ရွှေရဲရင်**



## ဌာနဆိုင်ရာများ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ တွေ့ဆုံ၍ လူမှုဖွံ့ဖြိုး ရေးအသိပညာပေးဆွေးနွေး

**တွံတေး အောက်တိုဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းရှိ လူသရမ်ဝေါလ် ဖက်ဒရေးရှင်း (မြန်မာ)နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးရွာဆယ်ရွာရှိ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် လူမှုဖွံ့ဖြိုးရေးအသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တွံတေးမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရွှေထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး လူသရမ်ဝေါလ် ဖက်ဒရေးရှင်း(မြန်မာ)မှ တာဝန်ခံအရာရှိ ဦးသစ်လွင်က တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းအား ရှင်းလင်းပြောကြားခဲ့ရာ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့ လွယ်ကူလာစေရေး၊ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသောဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အခက်အခဲများကို အတူလက်တွဲ ပူးပေါင်းဖြေရှင်းစေရေး၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထုတို့ အားကောင်းသော ချိတ်ဆက်ဆောင်ရွက်မှုများဖြင့် ဖွံ့ဖြိုးရေးကို ရေရှည်ဆောင်ရွက်လာစေရေး ရည်ရွယ်၍ ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော ကျေးရွာ ဆယ်ရွာမှ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များက သိလိုသည့် အကြောင်းအရာများကို မေးမြန်းကြရာ သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ပြန်လည်ပြောကြား ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## မြို့နယ်အုပ်ချုပ်ရေးမှူးဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**ကျောက်တန်း အောက်တိုဘာ ၁**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့တွင် မြို့ပေါ် ၄ ရပ်ကွက်နှင့် ကျေးရွာ ၁၂ ရွာမှ လူငယ်အားကစား ဝါသနာရှင်များကို ဖိတ်ခေါ်၍ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၂၉ ရက် ညနေ ၃ နာရီက တံတားမြို့ အ. ထ. က အားကစားဝင်းအတွင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

တံတားမြို့အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ပြိုင်ပွဲကျင်းပရခြင်းမှာ နိုင်ငံတော်အတွက် အားထားရသည့် လူငယ်ထုတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်၍အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်၊လူငယ်အချင်းချင်း တစ်ဦးနှင့်တစ်ဦးချစ်ကြည်ရင်းနှီး၍ကျေးရွာတစ်ရွာနှင့်တစ်ရွာ စည်းလုံးညီညွတ်ပြီး စုပေါင်းဆောင်ရွက်တတ်သော အလေ့အထကောင်းများရရှိလာစေရန် ရည်ရွယ်ကြောင်းပြောကြားခဲ့သည်။

ယင်းပိုက်ကျော်ခြင်းပြိုင်ပွဲသို့အသင်း ၁၇ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**၆၈၉**

# ဘိန်းအစားထိုးသီးနှံနှင့်မျိုးစေ့ပျိုးပင်ဓာတ်မြေဩဇာ အခမဲ့ ထောက်ပံ့ပေးအပ်၍ပညာပေးသင်တန်းဖွင့်လှစ်

**တာချီလိတ် အောက်တိုဘာ ၂**
တာချီလိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများ အဆင့်မြင့်သီးနှံမျိုးစေ့၊ မျိုးကောင်းမျိုးသန့်များသုံးစွဲ၍ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရေးအတွက် ဘိန်းအစားထိုးသီးနှံမျိုးစေ့၊ ပျိုးပင်၊ ဓာတ်မြေဩဇာများ အခမဲ့ပေးအပ်ပွဲနှင့် ပညာပေးသင်တန်းကို စက်တင်ဘာ ၃၀ ရက်က မြို့နယ်စိုက်ပျိုးရေးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု(၇)အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစိုင်းခင်ဇော်လတ်က ဘိန်းအစားထိုးမျိုးစေ့သီးနှံပင်များ ပေးအပ်ရခြင်းရည်ရွယ်ချက်နှင့် စပါးသီးနှံနှင့် ပဲမျိုးစုံတွင် ကျရောက်သော ပိုးမွှားများ၊ ရောဂါများနှင့် ကာကွယ်နှိမ်နှင်းနည်းများ၊ စိုက်စနစ်များအကြောင်း၊ စပါးစိုက်ပျိုးမြေများတွင် တွေ့ရှိရသော အဟာရဓာတ်ချို့တဲ့မှု၊ အဆိပ်သင့်မှုလက္ခဏာများနှင့် ကာကွယ်ကုစားနည်းများ၊ နှစ်ရှည်နံ့သာဖြူ စိုက်ပျိုးနည်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်နှင့် တာဝန်ရှိသူတို့က အစေ့ထုတ်ပြောင်းကီလို ၃၀၀၊ နှစ်ရှည်နံ့သာဖြူပျိုးပင် ၁၀၀၀၊ ဓာတ်မြေဩဇာအိတ် ၃၀ တို့ကို ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများထံသို့ အခမဲ့ပေးအပ်ခဲ့ပြီး တောင်သူများအား နံ့သာဖြူနှင့် အစေ့ထုတ်ပြောင်း စိုက်ပျိုးနည်းစနစ်များ၊ စပါးနှင့် ပဲမျိုးစုံတို့တွင် ကျရောက်တတ်သော ပိုးမွှားရောဂါ ကာကွယ်နှိမ်နှင်းနည်းများအား သင်တန်းပို့ချခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၁၁၁)

## အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ကျင်းပ

**လွိုင်ကော် အောက်တိုဘာ ၂**
၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီက လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းဇိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် လွိုင်ကော်မြို့ရှိ အသက် ၈၅ နှစ်အထက် အဘိုးအဘွား ၁၈၃ ဦးအား ကယားပြည်နယ်အစိုးရအဖွဲ့မှ တစ်ဦးလျှင် အလှူငွေကျပ်နှစ်သောင်း၊ World Vision (လွိုင်ကော်) က ကယ်ဆမ်ကွေကာ ၁၈၃ ထုပ်၊ အခမ်းအနားတက်ရောက်သည့် အဘိုး၊ အဘွား ၄၅ ဦးအတွက် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ရေသန့်၊ မျက်နှာသုတ်ပဝါ၊ ပဲနို့နှင့် အိုဗာတင်းတစ်တွဲ၊ ပြည်နယ်ပြည်သူ့ဆေးရုံကြီးနှင့် ပြည်နယ်တိုင်းရင်းဆေးရုံတို့မှ အထွေထွေအိမ်သုံးဆေးဝါးများ ပေးအပ်လှူဒါန်းခဲ့ပြီး အခမ်းအနားသို့ မတက်ရောက်နိုင်သော အဘိုး၊ အဘွားများအား လက်ဝယ်အရောက် ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

စိုင်းညဏ်လင်းထွန်း

## ဒေသခံများစာပေဖတ်ရှုနိုင်ရေး ကော့သောင်းခရိုင်ပြန်/ဆက်မှ Mobile Library လုပ်ငန်းများကွင်းဆင်းဆောင်ရွက်



**ကော့သောင်း အောက်တိုဘာ ၂**
စာကြည့်တိုက်သို့မလာရောက်နိုင်ကြသည့် စာပေမြတ်နိုးသူ စာဖတ်ပရိသတ်များလက်ဝယ်အရောက် ဝန်ဆောင်မှုပေးသည့် Mobile Library ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် နိုဝင်ဘာ ၃၀ ရက် နံနက်က တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြန်/ဆက်ဦးစီးဌာနမှ ရွှေဇင်ယော်(၁)မူလတန်းလွန်ကျောင်းနှင့် အေးရိပ်ငြိမ်မူလတန်းလွန်ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ စာပေဖတ်ရှုနိုင်ရေး ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ဗဟိုပြု နယ်လှည့်စာကြည့်တိုက်အဖြစ် သုတ၊ ရသစာအုပ်စာပေများ လိုက်လံငှားရမ်းဖတ်ရှုစေခြင်းလုပ်ငန်းဆောင်ရွက်ပေးသဖြင့် ကျောင်းသား၊ ကျောင်းသူကလေးငယ်များအကြား စာဖတ်ခြင်းအလေ့အထ ရှင်သန်လာခြင်း၊ အသိဉာဏ်အမြော်အမြင် ကြွယ်ဝလာကာ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိလာခြင်း၊ စာဖတ်သူဦးရေတိုးပွားလာကာ ဗဟုသုတအကြားအမြင် ကျယ်ပြန့်လာ၍ အနာဂတ်မျိုးဆက်သစ်လူငယ်များ ကျောင်းပညာအပြင် ပြင်ပဗဟုသုတများ လေ့လာသိရှိခွင့်ရရှိနိုင်မည်ဖြစ်သည်။

ကျော်စိုး(ကော့သောင်း–ပြန်/ဆက်)

## အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့တွင် တာချီလိတ်၌သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့

**တာချီလိတ် အောက်တိုဘာ ၂**
အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ်အဖြစ် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ မြို့နယ်ဓမ္မာရုံ၌ အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်နယ်ဝန်ကြီး ဒေါက်တာညီညီအောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် အလှူရှင်များက အဘိုး၊ အဘွားများအား ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ပြီး ထောက်ပံ့ငွေများကို တာဝန်ရှိသူများက ထောက်ပံ့ပေးသည်။

ယင်းနောက် အဘိုးအဘွားများကိုယ်စား အဘွားဒေါ်တင်မြက ဆုတောင်းမေတ္တာပြန်လည်ပို့သပေးပြီး ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ဆောင်ရွက်ပေးသည်။ အဆိုပါအခမ်းအနားတွင် မြို့ပေါ်ရပ်ကွက်များနှင့် ဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွား ၁၇၇ ဦးအား စုစုပေါင်းငွေကျပ် ၈၆၈၄၆၀၀ ကျပ် ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)

## လဟယ်မြို့နယ် ထန်ခေါ်လန်းမရွာတွင် ရောဂါကြောင့်သေဆုံးခဲ့ရသော မိသားစုဝင်များအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**ခန္တီး အောက်တိုဘာ ၂**
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ထန်ခေါ်လန်းမရွာတွင် ရောဂါကြောင့်သေဆုံးခဲ့ရသော မိသားစုဝင်များအတွက် စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ကမ္ဘောဇအလင်းတန်းကုမ္ပဏီမှ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ ရက်က ထန်ခေါ်လန်းမကျေးရွာ၌ ကျင်းပခဲ့သည်။

ထောက်ပံ့ငွေ နှင့်ထောက်ပံ့ပစ္စည်းများကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်း၊ နာဂဦးစီးအဖွဲ့ အလုပ်အမှုဆောင် (စီးပွား) ဦးရိထင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်နှင့် တာဝန်ရှိသူများက မိသားစုများထံသို့လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ယင်းနောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ထန်ခေါ်လန်းမကျေးရွာတွင် ဆေးခန်းဆောက်လုပ်မည့်မြေနေရာအား ကွင်းဆင်းစစ်ဆေးပြီး ရွေးချယ်အတည်ပြုခဲ့ကြသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ကမ္ဘောဇအလင်းတန်းကုမ္ပဏီတို့သည် ရောဂါကြောင့်သေဆုံးသူတစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီနှင့် အဝတ်အထည်များ၊ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက်အသုံးဆောင်ပစ္စည်းများကို မိသားစုဝင်များထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

စန်းလွင်ဦး

## ကျေးလက်အခြေပြုအသက်မွေးဝမ်းကျောင်း ဝါးဖြင့်ပြုလုပ်သော လူသုံးကုန်ပစ္စည်း သင်တန်းဆင်းပွဲကျင်းပ

**မောက်မယ် အောက်တိုဘာ ၂**
မောက်မယ်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြင့်တင်နိုင်ရန်အတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်နေလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးလုပ်ငန်းစဉ်များကို စီမံချက်ရေးဆွဲကာ တစိုက်မတ်မတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရေး၊ လုပ်ငန်းများအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်ရည်ရွယ်ချက်များဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးမှူး၍ ဝါးဖြင့်ပြုလုပ်သော လူသုံးကုန်ပစ္စည်းများ သင်တန်းဆင်းပွဲအခမ်းအနားကို မောက်မယ်မြို့နယ် စဥ့်ဝင်ကျေးရွာအုပ်စု ရွာသစ်ဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး တက်ရောက်လာကြသော သင်တန်းသား၊ သင်တန်းသူများအား တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များပေးအပ်ကြပြီး သင်တန်းသားများကိုယ်စား သင်တန်းသူဒေါ်နန်းလှက ဝါးဖြင့်ပြုလုပ်သော လက်မှုပညာ လူသုံးကုန်ပစ္စည်းများ တတ်မြောက်ရခြင်းအတွက် ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်နေလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ယခင်ထက်ပိုမိုကောင်းအောင် ဆောင်ရွက်သွားရမည်ဟု ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

စိုင်းမျိုးသန့်(ပြန်/ဆက်)

## မလှိုင်မြို့နယ်တွင် မိုးရွာသွန်းမှုများသောကြောင့် တစ်ဖက်ဆည်ကန်နှစ်ခု တာပေါင်ကျိုးပြတ်

**မလှိုင် အောက်တိုဘာ ၂**
မလှိုင်မြို့နယ်တွင် စက်တင်ဘာ ၂၇ ရက်ညပိုင်းက မိုးရေချိန် လက်မ ၂ ဒသမ ၇၂ ထိ မိုးရွာသွန်းခဲ့သဖြင့် ရေချိုဘူတာကျေးရွာအုပ်စု ဆည်ကြီးကျေးရွာအနီး ကွင်းအမှတ် (၄၄၆) သက္ကယ်ခြံကွင်းရှိ ဆည်ကြီးကန်နှင့် အမှတ်(၃) ရပ်ကွက်ရှိ ဆည်ကြီးကန် (ဂေါက်ကွင်းကန်)၊ ကန်နှစ်ခု တာပေါင်ကျိုးပြတ်ခဲ့ကြောင်း သိရသည်။

မိုးရွာသွန်းမှုကြောင့် ဆည်ကြီးကျေးရွာအနီးရှိ ဆည်ကြီးကန်သည် ပေတိုင် ၃၀၀ ခန့်အကွာတွင် အကျယ်ပေ ၃၀ ခန့်ရှိ တာပေါင်ကျိုးပြတ်ခဲ့ပြီး အောက်ဖက်ရှိ သင်ပုန်းချောင်းရိုးတစ်လျှောက် ရေများစီးဆင်းသွားသဖြင့် လူ၊ တိရစ္ဆာန်နှင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

အဆိုပါကန်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (သီးသန့်ရန်ပုံငွေ) ဖြင့် ဆည်မြောင်းဦးစီးဌာနမှ ပြုပြင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ပြီး ကျေးရွာကန်ကော်မတီက ထိန်းသိမ်းထားသောကန်ဖြစ်သည်။ ကန်၏တာပေါင်အလျားမှာ ပေ ၆၀၀၊ အမြင့် ၁၀ ပေ၊ ထိပ်ပြင်အကျယ် ၁၄ ပေရှိသည်။ အဆိုပါကန်သည် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ကျွဲ၊ နွား၊ ဆိတ်စသည့် တိရစ္ဆာန်များ သောက်သုံးနေသည့် ကန်ဖြစ်သည့်အပြင် ကန်ကိုအမှီပြု၍ တူးဖော်ထားသော ကန်၏အောက်ဘက်ရှိ ရေတွင်းကို ဆည်ကြီးကျေးရွာနှင့် ကုက္ကိုခွက်ကျေးရွာများမှ ဒေသခံပြည်သူများ သောက်သုံးရေအဖြစ် အသုံးပြုနေရသဖြင့် ဒေသခံများအတွက် အားထားရသောကန်ဖြစ်ကြောင်း သိရသည်။

အလားတူ မလှိုင်မြို့အမှတ်(၃) ရပ်ကွက်ရှိ ဆည်ကြီးကန် (ဂေါက်ကွင်းကန် ) သည်လည်း မိုးရွာသွန်းမှုကြောင့် အကျယ်ပေ ၂၀ ခန့်ရှိ တာပေါင်ကျိုးပေါက်ခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

ကန်ပေါင်အလျားမှာ ပေ ၈၀၀၊ အမြင့် ပေ ၁၂ ပေ၊ ထိပ်ပြင်အကျယ် ၁၄ ပေရှိပြီး ကန်အနီးရှိ အုတ်ကျင်း၊ ထန်းတောကျေးရွာများမှ ဒေသခံများ သုံးရေအဖြစ်အသုံးပြုနေပြီး ကျွဲ၊ နွား၊ ဆိတ် စသည့်တိရစ္ဆာန်များ သောက်သုံးနေသည့်ကန်ဖြစ်သည်။ အဆိုပါကန်ကို ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တာပေါင်ကျိုးပေါက်ရာနေရာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဝေနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးအန်ခါးတောမ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မြင့်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။

အောင်ဌေး(မလှိုင်)

# ရွှေတိဂုံရင်ပြင်၏ ညနေဆည်းဆာအလှတရားများ

**သန်းသန်းဌေး(ကြေးမုံ)**

ကျွန်မသည် စာရေးဆရာမတစ်ဦးမဟုတ်ပါ။ ရုံးဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ စာအရေးအသား၊ အထားအသိုများ မှားယွင်းမှုရှိခဲ့လျှင် ခွင့်လွှတ်နားလည်ပေးဖို့ ဦးစွာအနူးအညွတ်တောင်းပန်အပ်ပါသည်။

၂၄-၈-၂၀၁၆ ရက်နေ့ ကြေးမုံသတင်းစာတွင်ပါရှိသော အင်္ဂါသန့်ရှင်းရေးအသင်းသူတစ်ဦး၏ တင်ပြချက်ကိုဖတ်မိတော့ ကျွန်မတို့သောကြာခြေတော်ရာသန့်ရှင်းရေးအသင်းသူ၊ အသင်းသားများ၏ ရွှေတိဂုံရင်ပြင်တွင် ညနေဆည်းဆာအလှတရားနှင့်အတူ နှလုံးသားလှလှူငယ်များ၏ ပုံရိပ်များကို ဖော်ပြပေးလိုသောဆန္ဒဖြင့် တင်ပြလိုပါသည်။ ကျွန်မတို့ သောကြာသန့်ရှင်းရေးအသင်းသည် သောကြာနေ့သို့ရောက်လျှင် ရွှေတိဂုံဘုရားရင်ပြင်တွင် သန့်ရှင်းရေးများ ပြုလုပ်ဆောင်ရွက်ရန်အတွက် ကျွန်မသည် ရုံးချုပ်မှသူငယ်ချင်းများဖြစ်သော မြင့်မြင့်၊ မဌေးတို့နှင့်အတူ ညနေရုံးဆင်းချိန် ၄ နာရီခွဲတွင် ဘိုကလေးဈေးမှတ်တိုင်သို့ (၂၀၄) ဘတ်စ်ကားစီးရန်အတွက် အပြေးအလွှားကားမှတ်တိုင်သို့ သွားရပါသည်။ တစ်ခါတစ်ရံ ကားလမ်းကြောင်းများ ပိတ်မနေလျှင် သောကြာအသင်း၏ ခြေတော်ရာဓမ္မာရုံတွင် အသင်းသူအသင်းသားများ၏ တံမြက်စည်းလှည်းခြင်း၊ ဘုရားဝတ်ပြုခြင်း၊ ၂၄ ပစ္စည်းများရွတ်ဖတ်ခြင်း၊ ဓမ္မစကြာတရားများ ရွတ်ဖတ်ခြင်း၊ အမျှပေးဝေခြင်းအမှုကိစ္စကို မီသည့်အခါရှိသလို မမီသည့်အခါများလည်း ရှိပါသည်။

ဘုရားဝတ်ပြုခြင်းမမီ၍ တံမြက်စည်းလှည်းပြီး ပြန်ခဲ့ရသော သီတင်းပတ်ပေါင်းလည်း မနည်းတော့ပါ။ ဝတ်ပြုမှုကိုမီရန်အတွက် ကားငှားစီး၍ သွားမှသာမီနိုင်မည့်ကားလမ်း၏ ပိတ်ဆို့မှုဒဏ်ကိုလည်း သောကြာအပတ်စဉ်ကြုံတွေ့နေရပါသည်။ တံမြက်စည်းလှည်းမီ၍သာ တော်သေးသည်။ အပြေးအလွှားသွားရသောအမေမျာသည် ရွှေတိဂုံဘုရားပေါ်သို့ရောက်လျှင် အားလုံးပြေပျောက်ကုန်ပါသည်။

ရှေးဦးစွာ ဘုရားပေါ်သို့ရောက်လျှင် ကျွန်မတို့အသင်းတည်ရှိရာ အလယ်ပစ္စယံရှိသောကြာခြေတော်ရာဓမ္မာရုံတွင် စုရပ်အဖြစ် စုစည်းကြရပါသည်။ ထိုသို့ရောက်ရှိပြီးလျှင် အသင်း၏စည်းကမ်းချက်အရ မှတ်တမ်းစာအုပ်တွင် လက်မှတ်များရေးထိုးရပါသည်။ ထို့နောက် အသင်းဝင်ကတ်ပြားများကို ရင်ဘတ်တွင် ချိတ်ဆွဲကြရပါသည်။ ထိုသို့ပြုလုပ်ခြင်းသည်လည်း အသင်း၏စည်းစနစ်ရှိမှုများကို ဖော်ပြနေပါသည်။ တံမြက်စည်းလှည်းရန်အတွက် တစ်တန်းလျှင်အသင်းသူများ ၁၆ ယောက်စီ တန်းစီရပါသည်။ မိုးရာသီတွင် လူအလာနည်းသော်လည်း နွေနှင့်ဆောင်းရာသီများတွင် ငါးတန်းအထိလူများသည်ကို တွေ့မြင်ရပါသည်။ တစ်တန်းလျှင် အဖွဲ့ခေါင်းဆောင်တစ်ဦးစီလိုက်ပါ၍ ကျွန်မတို့ အသင်းသူများ လှည်းကျင်းသည့်အခါ ညီညာခြင်း ရှိ၊ မရှိကို လိုက်လံစစ်ဆေး၍ အတန်းကိုထိန်း၍ ခေါ်ဆောင်သွားပါသည်။

ကျွန်မတို့ လှည်းသွားသောအမှိုက်များ၊ သဲများကို ကျွန်မတို့အနောက်မှ ထက်ကြပ်မခွာလိုက်ပါလာသော အသင်းသားနှစ်ယောက်က ဂေါ်ပြား၊ အမှိုက်ပုံး၊ တံမြက်စည်းများကို ကိုင်ဆောင်၍ လိုက်လံသိမ်းဆည်းလိုက်ပါလာပါသည်။ ထိုသို့ ပြုလုပ်ခြင်းကိုကြည့်ခြင်းအားဖြင့် အသင်း၏ညီညွတ်ခြင်းသဏ္ဌာန်ကို ဖော်ပြနေပါသည်။

ကျွန်မတို့ တံမြက်စည်းလှည်းနေစဉ်တွင် ရွှေတိဂုံရင်ပြင်ပေါ်တွင် ရာသီအလိုက်စည်ကားသိုက်မြိုက်စွာကျင်းပသည့် ရာသီပွဲများကိုလည်း အနီးအဝေးမှ လာကြသော ပြည်သူများ၊ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ များပြားသည့်ကြားမှ ကျွန်မတို့အသင်း၏ တံမြက်စည်းလှည်းခြင်းများကို ဂရုစိုက်၍ ရှောင်ကွင်းလှည်းကျင်းရပါသည်။ လူမျိုးမရွေး၊ ဘာသာမရွေး မိမိတို့၏ ယုံကြည်ချက်များအပြည့်ဖြင့် ဘုရားဝတ်ပြုခြင်း၊ နေ့နံအလိုက်ဂြိုဟ်တိုင်များတွင် ဆုတောင်းပွဲများပြုလုပ်ခြင်း၊ ရေသပ္ပာယ်ခြင်း စသည်ဖြင့် ကြက်ပျံမကျစည်လှသည့် ရွှေတိဂုံဘုရားရင်ပြင်၏ ညနေဆည်းဆာအလှနှင့်အတူ နှလုံးသားအလှပိုင်ရှင်လေးများ၏ ပရဟိတစိတ်၊ လုပ်အားဒါနကုသိုလ်ယူမှုစိတ်တို့သည်လည်း မချီးကျူးဘဲမနေနိုင်အောင် ဝမ်းသာပီတိ အဖြာဖြာဖြစ်မိပါသည်။

အသင်းသူ အသင်းသားများသည် တံမြက်စည်းလှည်းကျင်းပြီးဖြစ်၍ မိမိတို့၏စုရပ်ဖြစ်သော သောကြာခြေတော်ရာဓမ္မာရုံတွင် ပြန်လည်၍ စုစည်းရပါသည်။ ထိုသို့လှည်းကျင်းပြီးသော အသင်းသူ အသင်းသားများထဲမှ တစ်ဦးဦး၏ အလှူဒါနဖြစ်သော မုန့်ဟင်းခါး၊ ကြာဆံကျော်၊ ရွှေရင်အေးအစရှိသော အာဟာရဒါနအလှူရှင်များလည်း အပတ်တိုင်းလိုလို ကုသိုလ်ယူမှု အစုစုတို့သည်လည်း မြန်မာတို့၏ အလှူရေစက်လက်နဲ့မကွာဆိုသလို ချစ်စရာဓလေ့တစ်ခုဖြစ်သည်ဟု ကျွန်မယုံကြည်မိပါသည်။ ထိုသို့ စားသောက်ပြီး ပြန်ကြမည်ဆိုလျှင် တချို့က သာကေတ၊ ကြည့်မြင်တိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ သဃ်န်းကျွန်း၊ မြောက်ဥက္ကလာ၊ ယုဇန၊ ဂွတ္တလစ် အစရှိသော မြို့နယ်ပေါင်းစုံမှလာရောက်၍ ပရဟိတစိတ်ဖြင့် လုပ်အားဒါနကုသိုလ်လာယူကြသောအထဲတွင် အများက ချစ်စနိုးနဲ့ခေါ်သော ကိုရှမ်းကြီးမှာ မှော်ဘီမြို့နယ်မှ လာရပါသည်။ သူ့အိမ်သို့ပြန်ရောက်ချိန်သည် ညနေဆည်းဆာနေဝင်မိုးချုပ် ည ၉ နာရီ ၁၀ နာရီမှ အိမ်ပြန်ရောက်သည်ဟု ကျွန်မစပ်စုမိ၍ သိရပါသည်။ ထို့အတူ မြန်မာ့မီးရထားမှ ဝန်ထမ်းတစ်ဦးဆိုလျှင် ၎င်းကို မမဟု ချစ်စနိုးဖြင့်ခေါ်ကြတဲ့လူငယ်လည်း ခရီးဝေးမှလာရောက်သည်ဟု သိရပါသည်။

ကျွန်မတို့အသင်း၏ သန့်ရှင်းရေးပြုလုပ်မှုကိစ္စမှာ တစ်မျိုးတည်းမဟုတ်ပါ။ ရာသီဥတုပွင့်လင်းသော နွေဦးကာလရောက်ရှိလာလျှင် ကျွန်မတို့အဖွဲ့သည် ထန်းတပင်မြို့နယ်၊ မှော်ဘီမြို့နယ်၊ သံလျင်မြို့နယ်များမှ ဘုန်းကြီးကျောင်းများသို့ အသင်းသူ အသင်းသားများ၏ သဒ္ဓါထက်သန်စွာဖြင့် ပါဝင်လှူဒါန်းထားသော ငွေကြေးများဖြင့် ထုံးသင်္ကန်း ကပ်လှူခြင်း၊ ရွှေသင်္ကန်းများ ဆပ်ကပ်လှူဒါန်းခြင်းအစရှိသော ကိစ္စများကိုလည်း ပြုလုပ်ကြပါသည်။ ထိုသို့သွားမည်ဆိုလျှင် နှစ်ညအိပ်သုံးရက်ခရီးစဉ်ဖြစ်သဖြင့် အသင်းမှ ကိုရဲခေါ်ဆိုသော လူငယ်လေးမှ ဦးစီးဦးဆောင်၍ ကားများငှားပြီး သွားကြရပါသည်။ ထိုသို့သွားရာတွင် အချို့ဆိုလျှင် အပျို၊ လူပျိုများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများ၊ မှီခိုသူများ၊ ကလေးအမေများ စသဖြင့် စုံလင်စွာပါဝင်သော

**လူမျိုးမရွေး၊ ဘာသာမရွေး မိမိတို့၏ ယုံကြည်ချက်များအပြည့်ဖြင့် ဘုရားဝတ်ပြုခြင်း၊ နေ့နံအလိုက်ဂြိုဟ်တိုင်များတွင် ဆုတောင်းပွဲများပြုလုပ်ခြင်း၊ ရေသပ္ပာယ်ခြင်း စသည်ဖြင့် ကြက်ပျံမကျစည်လှသည့် ရွှေတိဂုံဘုရားရင်ပြင်၏ ညနေဆည်းဆာအလှနှင့်အတူ နှလုံးသားအလှပိုင်ရှင်လေးများ၏ ပရဟိတစိတ်၊ လုပ်အားဒါနကုသိုလ်ယူမှုစိတ်တို့သည်လည်း မချီးကျူးဘဲမနေနိုင်အောင် ဝမ်းသာပီတိ အဖြာဖြာဖြစ်မိပါသည်။**



ကျွန်မတို့၏ အသင်းအဖွဲ့သည် ဦးဆောင်သူ၏စကားကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်၍ လိုက်ပါကြသည်မှာလည်း ချစ်စရာတစ်မျိုး ကောင်းပါသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့်လည်း ကျွန်မတို့အသင်း၏ စည်းလုံးညီညွတ်ခြင်းကို ဖော်ပြနေသည်ဟု ကျွန်မခံစားမိပါသည်။

ကျွန်မတို့ ကုသိုလ်ယူမည့်ဘုန်းကြီးကျောင်းများကိုလည်း တစ်နှစ်လျှင်တစ်ကျောင်းကျ ထုံးသင်္ကန်းကပ်လှူခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်းများကိုလည်း ပြုလုပ်ကြပါသည်။ သန်လျင်ရှိ ဘုန်းကြီးကျောင်းသို့ ကျရောက်သည့်အခါ ကျွန်မတို့ အသင်းသူ အသင်းသားများသည် သောကြာနေ့ ညနေရုံးဆင်းချိန်၊ ကျောင်းဆင်းချိန်အပြီး ညနေ နေဝင်ဆည်းဆာအချိန်တွင် ကားများဖြင့်သွားကြရပါသဖြင့် သုသာန်ကိုကျော်ဖြတ်၍ ဘုန်းကြီးကျောင်းသို့သွား ကြရပါသည်။ ထိုအခါမျိုးတွင် ကြောက်စိတ်များဝင်မိသော်လည်း အသင်းသူ အသင်းသားများအားလုံး၏ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် သွားလာကြသောအခါ ကျွန်မတို့သည် ကြောက်စိတ်များမရှိတော့ဘဲ ဘုန်းကြီးကျောင်းသို့ အရောက်သွားကြသည်မှာလည်း အသင်းသားများ၏ စိတ်ဓာတ်များကိုလည်း ကျွန်မချစ်ခင်မိပါသည်။

ကျွန်မတို့သည် သောကြာနေ့ညဘက်ရောက်၍ ဘုန်းကြီးကျောင်းတွင် ညအိပ်ကြရပါသည်။ ထိုအခါ မိန်းကလေးများက သပ်သပ်၊ ယောကျ်ားလေးများက သပ်သပ် အိပ်ကြရပါသည်။ ခြင်ထောင်လေးများထောင်၍ တန်းစီ၍ ညီညီညာညာနှင့်အိပ်ရသည်မှာလည်း ပျော်ရွှင်စရာ၊ မနက်မိုးလင်း၍ စနေနေ့နံနက်သို့ ရောက်လာပါသည်။ ထိုအခါအသင်းသားများသည်လည်း စောစောထ၊ မျက်နှာသစ်၊ အဝတ်အစားအဟောင်းများကို လဲလှယ်ကြပြီး ဘုန်းကြီးကျောင်းမှ ကျွန်မတို့အသင်းအား ပြန်လည်၍ ဧည့်ဝတ်ပြုသော နံနက်အစာပြေမုန့်များကို စားသောက်ကာ မိမိတို့ကုသိုလ်ပြုလုပ်မည့် ဘုန်းကြီးကျောင်း၏ ကျောင်းပရိဝုဏ်အုတ်နံရံ ပတ်ပတ်လည်များကို မိန်းကလေးများက သံဘရပ်(ချ်)များဖြင့် ယခင်နှစ်ကပြုလုပ်ထားသော ဆေးများကို ကွာကျစေရန် ပွတ်တိုက်ကြရပါသည်။ အုတ်နံရံပတ်ပတ်လည်တွင် အမှိုက်သရိုက်များ၊ ကျွတ်များရှိသော်လည်း ဂရုမပြုကြတော့ဘဲ မိမိတို့ကျရာတာဝန်ဝတ္တရားများကို စိတ်အားထက်သန်စွာဖြင့် ပြုလုပ်ဆောင်ရွက်ကြပါသည်။ သို့သော် လုပ်အားဒါနကုသိုလ်ယူမှုအတွက် မပင်ပန်းနိုင်ပါ။ ယောကျ်ားလေးများမှာမူ ဘုရားအပေါ်ပိုင်းသို့ ငြမ်းများဆင်၍ တက်သူတက်၊ အောက်မှ ဆေးဖျော်ပေးသူကပေးဖြင့် မိမိတာဝန်ကို မိမိအသိစိတ်ဓာတ်ဖြင့် ကျေပွန်အောင်ဆောင်ရွက်နေကြသည်မှာလည်း မောလည်းမော၊ နေပူကျဲကျဲဒဏ်ကိုလည်း အန်တုံ၍ အပြုံးမပျက် ချွေးသံတရွှဲရွှဲဖြင့် ပျော်ရွှင်စွာ ဆောင်ရွက်နေကြပါသည်။

အုတ်နံရံပတ်ပတ်လည်များကို ပွတ်တိုက်ပြီး ၁၂ နာရီအချိန်တွင် အလုပ်သိမ်းဆည်းကြကာ ဘုန်းကြီးကျောင်းများမှ ချက်ပြုတ်ကျွေးမွေးသည့် တောချက်ချက်ထားသော ထမင်းဟင်းများကိုလည်း ကျွန်မတို့အဖွဲ့သားများသည် မောလဲမော၊ ဆာလည်းဆာဆာဖြင့် မြိန်ယှက်စွာဖြင့် စားသောက်ကြသည်မှာလည်း တောဓလေ့၏ချက်ပြုတ်ကျွေးမွေးမှုများသည် ကျွန်မ၏ရင်တွင်းအလွန် ကြည်နူးမိပါသည်။ မွန်းလွဲ ၁ နာရီထိုးလျှင် နေချစ်ချစ်တောက်ပူပြင်းနေသော်လည်း လုပ်ငန်းခွင်ကို ပြန်လည်၍ ဝင်ရောက်ကြပြီး မနက်ကပြုလုပ်ခဲ့သည့် မပြီးသေးဘဲကျန်နေသော အပိုင်းများကို ဆက်လက်၍ လုပ်ဆောင်ကြရပါသည်။ ကျွန်မတို့အဖွဲ့၏ လုပ်ငန်းခွင်သိမ်းချိန်သည် ရွှေတိဂုံရင်ပြင်တော်၏ ညနေဆည်းဆာအလှနှင့်အတူ ဘုန်းကြီးကျောင်းများ ဘုရားပုထိုးများ၏ ပုရပိုက်များအတွင်း ထုံးသင်္ကန်းကပ်လှူခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်းများ၏ အလှတရားများသည် ညနေနေဝင်ဆည်းဆာအလှတရားများနှင့်အတူ နှလုံးသားလှလှူငယ်များ၏ ပရဟိတစိတ်၊ လုပ်အားဒါနကုသိုလ်ယူမှုစိတ်များသည်လည်း ပြီးဆုံးပြီဖြစ်ပါသည်။

တစ်မိုးချုပ်၍ တစ်မိုးလင်းသော တနင်္ဂနွေနံနက်ပိုင်းတွင်လည်း ယခင်နေ့များကဲ့သို့ ဘုန်းကြီးကျောင်းများမှ ကျွေးသောအဆာပြေများကို စားသောက်ကြပြီးနောက် လုပ်ငန်းခွင်တွင် မပြီးပြတ်သေးသော အုတ်နံရံများ ဆေးသုတ်ခြင်း၊ ယခင်ကမွည်းထိုးထားသော အလှူရှင်များ၏ နာမည်များ မပျောက်ပျက်အောင် ဆေးနီ၊ ဆေးစိမ်းအစရှိသဖြင့် ဆေးခြယ်သူကခြယ်၍ ယောကျ်ားလေးများက ဘုရားပုထိုးများကို ရွှေသင်္ကန်းကပ်လှူမှုကိစ္စများပြီးစီးအောင် လုပ်ဆောင်နေကြသည်မှာလည်း မမောနိုင်မပန်းနိုင် တပျော်တပါး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နှင့် လုပ်ဆောင်နေကြသော ကျွန်မတို့ သောကြာသန့်ရှင်းရေး အဖွဲ့သားများအားလုံးကို ကျွန်မချီးကျူးလေးစားမိပါသည်။ ညနေ ၆ နာရီတွင် ကျွန်မတို့အသင်းသားများအားလုံးသည် ကုသိုလ်ယူမှုအလုပ်ကိစ္စများပြီးစီး၍ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပျော်ပျော်ရွှင်ရွှင်ဖြင့် ရန်ကုန်သို့ တပျော်တပါး ပြန်လာကြပါသည်။

အချုပ်အားဖြင့်ဆိုသော် ကျွန်မတို့အဖွဲ့သည် တံမြက်စည်းလှည်းခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း၊ ထုံးသင်္ကန်းကပ်လှူခြင်း၊ နွေရာသီကျောင်းပိတ်ရက်များတွင်လည်း ရံဖန်ရံခါ ဘုရားဖူးခရီးစဉ်များကို ထွက်ခွာခြင်း စသည်ဖြင့် ပြုလုပ်ဆောင်ရွက်နေကြသော အသင်းတစ်သင်းဖြစ်ပါသည်။ ထို့ကြောင့် ပရဟိတစိတ်ရှိကြသော ယနေ့ခေတ်မျိုးဆက်သစ်လူငယ်များနှင့်အပြိုင် ကျွန်မသည် အသက်ပြည့်(အငြိမ်းစား)ယူသည့်အခါတွင် ရွှေတိဂုံရင်ပြင်ပေါ်ရှိ နှလုံးသားလှလှူငယ်များအဖွဲ့နှင့်အတူ လုပ်အားဒါန၊ အလှူဒါနအစရှိသော ပရဟိတစိတ်ဖြင့် ကောင်းမှုကုသိုလ်အစုစုတို့ကို ကျွန်မဆက်လက်၍ လုပ်ဆောင်သွားမည်ဟု စိတ်ဆုံးဖြတ်ထားပါသည်။ ။














သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရှေ့တိုက် ကို စိုး

## ကြော်ငြာ


### ဂန္ဓဝင်ရွှေပုဂံ Travel & Tours

OCT ~ NOV ထွက်မည့် ခရီးစဉ်များ

| | | | | | |
|---|---|---|---|---|---|
| ပန်ကောက် | (၅/၆) ရက် | USD 490 | စပိန် + ပေါ်တူဂီ | (၈/၉) ရက် | USD 2950 |
| စင်ကာပူ | (၃/၄) ရက် | USD 730 | ဥရောပ (၃) နိုင်ငံ (အထူးပရိုမိုးရှင်း) | (၉/၁၀) ရက် | USD 2950 |
| စင်ကာပူ + မလေးရှား | (၆/၇) ရက် | USD 1000 | ဥရောပ (၆) နိုင်ငံ | (၁၁/၁၂) ရက် | USD 3800 |
| ဗီယက်နမ် (ဟနွိုင်း+ဟာလောင်ဘေး) | (၃/၄) ရက် | USD 580 | ဥရောပ (၇) နိုင်ငံ | (၁၄/၁၅) ရက် | USD 4600 |
| ဗီယက်နမ် (ဟနွိုင်း+ဟာလောင်ဘေး+ဟိုချီမင်း) | (၅/၆) ရက် | USD 750 | ဗုဒ္ဓဂယာ (Normal Package) | (၁၄/၁၅) ရက် | ၁၁ သိန်း |
| ဗီယက်နမ် + ကမ္ဘောဒီးယား | (၅/၆) ရက် | USD 700 | ဗုဒ္ဓဂယာ (Hotel Package) | (၇/၈) ရက် | USD 880 |
| ထိုင်ဝမ် | (၅/၆) ရက် | USD 1300 | ဗုဒ္ဓဂယာ+တာ့ချ်မဟာ+နယူးဒေလီ (Hotel Package) | (၁၀/၁၁) ရက် | USD 1280 |
| ပီကင်း + ရှန်ဟိုင်း | (၅/၆) ရက် | USD 1300 | ဗုဒ္ဓဂယာ+နယူးဒေလီ+သီရိလင်္ကာ (Hotel Package) | (၁၃/၁၄) ရက် | USD 1780 |
| ဟောင်ကောင် (တစ်မြို့တည်း) | (၃/၄) ရက် | USD 790 | သီရိလင်္ကာ (ဗုဒ္ဓစွယ်တော်) | (၆/၇) ရက် | USD 1100 |
| ဟောင်ကောင် + မကာအို | (၄/၅) ရက် | USD 990 | အမေရိကန် (East) | (၆/၇) ရက် | USD 3000 |
| ဟောင်ကောင်+မကာအို+ချန့်ကျန်း | (၇/၈) ရက် | USD 1500 | အမေရိကန် (East+West) | (၁၁/၁၂) ရက် | USD 3950 |
| ကိုရီးယား | (၇/၈) ရက် | USD 1800 | | | |
| ဂျပန် | (၇/၈) ရက် | USD 2900 | | | |
| ဩစတြေးလျ | (၈/၉) ရက် | USD 3500 | | | |
| ဒူဘိုင်း | (၆/၇) ရက် | USD 1550 | | | |
| ဂရိ (အေသင်+ဆန်တိုရီနီ) | (၈/၉) ရက် | USD 2950 | | | |

ကုမ္ပဏီ၊ အဖွဲ့အစည်းများအား Corporate နှုန်းဖြင့် ရောင်းပေးနေပါသည်။ လူကြီးမင်းတို့ သီးသန့်စိတ်ကြိုက်ပုံဖော်ခရီးစဉ်များကို ဂန္ဓဝင်ရွှေပုဂံ၏ အတွေ့အကြုံများဖြင့် အမှန်ကန်ဆုံးလမ်းကြောင်း ရွေးပေးပါသည်။ ကမ္ဘာအနှံ့ခရီးစဉ်များနှင့်ပတ်သက်၍ မိမိသိလိုသမျှကို အချိန်မရွေးမေးမြန်းနိုင်ပါသည်။

(Ygn Office) : No. 67, Baho Road, Sanchaung.
Ph: 01- 510491, 519360, 500191, 519292
(MDY Office): 38 Rd.Bet.78x79 St., Chan Aye Tharsan Tsp, Mandalay.
Ph: 09 - 31693339, 09-73013856
Hot Line: 09 - 73003772

Hmwe Taunggyi Business Group Travel & Tours Co.,Ltd.
License No(661)
Hot Line - 01-200952

### သာကီနွယ် ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး

ကျသင့်ငွေကျပ် (~~၁၂.၅~~)သိန်း အစားငွေကျပ် (၉.၈)သိန်း စရိတ်ငြိမ်း (လေးဗွာနသီ၊ဒေလီ)အစုံ
ကျသင့်ငွေကျပ် (~~၁၀.၅~~)သိန်း အစားငွေကျပ် (၈.၈)သိန်း စရိတ်ငြိမ်း (၈)ရက်ခရီး
ခရီးစဉ်အားလုံးတိတိကျကျစရိတ်ငြိမ်းဖြစ်သည်။ အပိုငွေကြေး(လုံး၀)လုံး၀ထပ်မကောက်ပါ။
အထူးသက်သာဆုံးဈေးနှုန်းဖြစ်၍ အခြားထက်သာလွန်သည့်ဝန်ဆောင်မှုအပြည့်အဝ
ထွက်ခွါမည့်ရက်များ - Dec - 3,10,17,24 / Jan - 7,10,14,17,24 / Feb - 4,7,11,14,18,21,25,28
လိုက်ပါသည့်ဦးရေများပြားသည့်အတွက် အပတ်စဉ်(စနေနေ့နှင့်အင်္ဂါနေ့)ပါထပ်မံတိုးချဲ့ထားပါသည်။
အောက်တိုဘာလ မှ ဧပြီလကုန်ထိထွက်ရှိပါမည်။
ဈေးနှုန်းလျှော့ချထားခြင်းသည်ခရီးသွားများသက်သာစေရန်နှင့်လှူဒါန်းရန်အတွက်ကုသိုလ်ယူဆောင်ရွက်ပေးခြင်းဖြစ်သည်။

ရန်ကုန်(ရုံးချုပ်) - အမှတ်(၁၀၅)၊ ၁၂၃ လမ်း၊ သိမ်ဖြူကားမောင်းတွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၀၀၉၅၂၊ ၀၉- ၇၇၈၈၂၂၂၆၀၊ မန္တလေးရုံး - ၀၉- ၇၇၈၈၂၂၂၅၀
တောင်ကြီးရုံး - ၀၈၁-၂၀၀၇၇၃၊ ၀၉- ၇၇၈၈၂၂၂၄၀







## သီတင်းကျွတ် အထူး ခရီးစဉ်များ

Mr. Myanmar Travel and Tours

| | | | | |
|---|---|---|---|---|
| 5D4N | Bangkok - 350 USD | | 5D4N | Korea - 1290 USD |
| 4D3N | Phuket - 750 USD | | 8D7N | Japan - 2990 USD |
| 5D4N | Chiangmai - 560 USD | | 7D6N | China - 1290 USD |
| 5D4N | Singapore - 710 USD | | 8D7N | Russia - 2800 USD |
| 4D3N | Vietnam (Hanoi/Saigon) - 510 USD | | 9D8N | Australia - 3550 USD |
| 7D6N | Vietnam - Cambodia - 1190 USD | | 6D5N | Dubai - 1600 USD |
| 5D4N | Malaysia - 700 USD | | 10D9N | England - 5100 USD |
| 5D4N | Penang-Langkawi - 830 USD | | 8D7N | Greece - 3100 USD |
| 6D5N | Bali island - 1150 USD | | 10D9N | America (East Coast) - 4100 USD |
| 5D4N | HongKong - 1300 USD | | 10D9N | America (West Coast) - 4150 USD |

Tel: 09972897722, 09972897733, 09799753144, 09799753155


## ကြော်ငြာစာ

တိုင်းရင်းဆေးကောင်စီမှကြီးမှူး၍ ရွှေဟောင်းမြန်မာ့တိုင်းရင်းဆေးကျမ်းများဆိုင်ရာ စာပေပြိုင်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပြိုင်ပွဲဝင်ရောက်မည့် တိုင်းရင်းဆေးဆရာ(တဆ)မှတ်ပုံတင်ရှိသူများသည် နရသုခိကျမ်းရင်းနှင့်စကားပြေကျမ်း(ဦးဟန်ထွန်း)ခံပူးကုထုံးကျမ်း(ခံပူးဆရာတော်) ဒဗ္ဗဂုဏပကာသနီကျမ်း(ပဒုမ-မထေရ်မြတ်)ဆေးကျမ်း(၃)ကျမ်းကို(ရေးဖြေ)ဖြေဆိုရမည်ဖြစ်ပါသည်။ ဆေးကျမ်းဖြေဆိုအောင်မြင်သူများထဲမှ ပထမဆု(ငါးသိန်းကျပ်)၊ ဒုတိယဆု(လေးသိန်းကျပ်)၊ တတိယဆု(သုံးသိန်းကျပ်)နှင့် နှစ်သိမ့်ဆုရသူ(တစ်သိန်းကျပ်)စီဆုချီးမြှင့်မည်ဖြစ်ပါသည်။

ကျင်းပမည့်အစီအစဉ်

အချိန် - နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ (နရသုခိကျမ်းရင်းနှင့်စကားပြေကျမ်း၊ ခံပူးကုထုံးကျမ်း)
မွန်းလွဲ (၁)နာရီမှ(၄)နာရီထိ (ဒဗ္ဗဂုဏပကာသနီကျမ်း)

နေ့ရက် - ၅-၁၁-၂၀၁၆ရက်(စနေနေ့)

နေရာ - တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)

မှတ်ချက်။ ဖြေဆိုမည့်(တဆ)ရှိသူ တိုင်းရင်းဆေးဆရာအားလုံးသည် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ သက်တမ်းရှိသော(တဆမိတ္တူ)နှင့်အတူ အမည်စာရင်းများကို (၁၆-၁၀-၂၀၁၆)ရက်အထိ နောက်ဆုံးထားပေးပို့ပါရန် အကြောင်းကြားပါသည်။
ဖြေဆိုခွင့်ရှိသူများကို ၂၆-၁၀-၂၀၁၆ရက်တွင် ကြော်ငြာသွားပါမည်။

**တိုင်းရင်းဆေးကောင်စီ**


Officially Supported by:
Ministry of Transport and Communications (MOTC)

Proudly Organized by:
Myanmar Computer Federation

eGOVERNMENT CONFERENCE & ICT EXHIBITION 2016

## e-Government Conference & ICT Exhibition 2016

မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုဖြင့်
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် နှင့် ကွန်ပျူတာအသင်းများမှ ကျင်းပပြုလုပ်သော
e-Government Conference & ICT Exhibition 2016 (Nay Pyi Taw) ကို လာရောက်လေ့လာရန် ဖိတ်ခေါ်အပ်ပါသည်။

**7 - 8 October 2016 [ Friday , Saturday ]**

**9:00 AM to 5:00 PM MICC - II , Nay Pyi Taw**

Platinum Sponsor : HUAWEI, ON OMIDYAR NETWORK A WORLD OF POSITIVE RETURNS
Gold Sponsor : TDOC, MIT Beyond Innovation, ZTE
Silver Sponsor : MCC GROUP, ever plus



**မြန်မာနိုင်ငံသားတိုင်း အကောင်းစား Laptop တလုံးကို ပိုင်ဆိုင်နိုင်ရန် (109,000 ကျပ်) ဖြင့် ရောင်းချပေးနေပါပြီ ....**




2-GB DDR-II
DVD COMBO

သတိုးအောင်ဇေယျ ကွန်ပျူတာဆိုင်မှ
(3.10.16) မှ (9.10.16) အထိ
Facebook တွင် ttazy ရိုက်လိုက်ပါ
သိချင်တာအားလုံးကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။

အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုပါက ဆက်သွယ်ရမည့်ဖုန်း ၀၉၅၀၇၁၇၇၇၊ ၀၉၇၇၄၅၅၂၃၀၉၊ ၀၉၄၃၀၈၅၃၁၀

အမှတ်(၁၁၆)၊ ဆိပ်ကမ်းသာလမ်း (မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား)။ ဖုန်း ၀၁-၂၅၀၀၈၄၊ ၀၉-၅၀၇၁၇၇၇၊ ၀၉-၉၇၇၂၂၃၃၃
အမှတ်(၆၆/၆၈)၊ တိုက်(A)။ အခန်း(D)။ စံရိပ်ငြိမ် အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၃၀၈၅၃၁၀၊ ၀၉-၄၃၀၂၃၉၃၉
အမှတ်(ပ-၅၃)၊ ပွဲရုံအထွက်လမ်း၊ ရောဝတီဘဏ်လမ်း၊ ပြည်မဈေး၊ နေပြည်တော်မြို့၊ ဖုန်း ၀၉-၄၂၀၇၀၃၄၊ ၀၉-၉၇၇၂၂၃၃၂



**ငွေ အရေးပေါ် လိုအပ်နေသော တိုက်ခန်း(သို့)ကွန်ဒို ပိုင်ရှင်များအတွက် အထူးသတင်း**

ရန်ကုန်မြို့တွင် တိုက်ခန်း(သို့)ကွန်ဒို ပိုင် ရှိသူများ လုပ်ငန်း မတည်ရန်အတွက် ငွေ အမြန်လိုအပ်နေပါက ၎င်းတို့အား ပေါက်ဈေး၏ ၂၀% ဖြင့် လျှော့ရောင်းပေးနိုင်လျှင် ကျပ်သိန်းပေါင်း (၃သောင်း)ဝန်းကျင် အထိ အသုံးပြု၍ ဝယ်ယူပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါး အပ်ပါသည်။

၄၈၆-က၊အောင်မေတ္တာလမ်း၊၄တောင်ရပ်ကွက် ၊သာကေတမြို့နယ်။၀၉၅၀ ၆၄၆ ၈၆

မှတ်ချက်။ လူကိုယ်တိုင် ပိုင်ဆိုင်မှု အထောက်အထား ပြ၍ စုံစမ်းခြင်း(သို့) ပိုင်ရှင်ကိုယ်တိုင် မလာနိုင်ပါက ရောင်းချမည့် တိုက်ခန်း၏(မျက်နှာစာပုံ နှင့် ဘေးအိမ် ၂အိမ်ပါပုံ)၊တိုက်ခန်း၏ အလျား× အနံ× အမြင့်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ၊ ယခု ပေါက်ဈေး နှင့် ရောင်းချလိုသည့်ဈေးနှုန်း တို့အား thettunaung1123@gmail.com,Viber ဖြင့်ပို့နိုင်သည်။



BRIDGESTONE
Your Journey, Our Passion




**သီတင်းကျွတ်၊ တန်ဆောင်တိုင် ပရိုမိုးရှင်း အစီအစဉ်**

BUY 2 ANY PSR TYRE GET FREE 1 POLO-SHIRT
BUY 4 ANY PSR TYRE GET FREE 2 POLO-SHIRTS

ပရိုမိုးရှင်းကာလမှာ ၂၀၁၆ ဇက်တင်ဘာလ ၁ ရက်နေ့ မှ လက်ဆောင်ပစ္စည်းအရေအတွက်ကုန်ဆုံးသည့်အထိသာ

FREE TYRE SAFETY CHECK
22-23 OCTOBER 2016
10:30 AM - 5:00PM

ကားတာယာဘေးကင်းလုံခြုံမှုပွဲကို
လာရောက်ရင်း မိတ်ဆွေတို့၏
ကားတာယာများကို "အခမဲ့"
စစ်ဆေးလိုက်ပါ။

BRIDGESTONE KEEPS YOU SAFE

FIRST JAPAN TIRE SERVICES
09-26159-6860

# လူငယ်လိဂ်ပြိုင်ပွဲ လေးခုကျင်းပရန် စီစဉ်

**ရန်ကုန် အောက်တိုဘာ ၂**

လူငယ်ဘောလုံးသမားများ အခွင့်အရေး ပိုရလာစေရန်နှင့် ပြိုင်ပွဲအတွေ့အကြုံများရရှိစေရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ၂၀၁၇ ရာသီတွင် လူငယ်ပြိုင်ပွဲများ တိုးမြှင့်ကျင်းပမည်ဖြစ်သည်။ လာမည့်ရာသီတွင် လူငယ်ပြိုင်ပွဲ လေးခုအထိ ကျင်းပမည်ဖြစ်ပြီး ယူ-၁၈၊ ယူ-၁၉၊ ယူ-၂၀၊ ယူ-၂၁ ပြိုင်ပွဲတို့ ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၆ ရာသီအထိ MNL လိဂ်ပြိုင်ပွဲနှင့် MNL-2(ပထမတန်း)လိဂ်ပြိုင်ပွဲသာကျင်းပခဲ့ပြီး ယင်းအတန်းများတွင် လူငယ်ပြိုင်ပွဲတစ်ခုစီသာ ကျင်းပခဲ့ခြင်းဖြစ်သည်။ သို့သော် ၂၀၁၇ ရာသီမှစတင်ကာ ပြိုင်ပွဲကျင်းပသည့် ပုံစံပြောင်းလဲခဲ့ပြီး အတန်းတစ်ခုတွင် လူငယ်ပြိုင်ပွဲနှစ်ခုစီ ကျင်းပရမည်ဖြစ်သည်။ MNL လိဂ်တွင် လူငယ်ပြိုင်ပွဲများအဖြစ်ယူ-၂၁ ပြိုင်ပွဲနှင့် ယူ-၁၉ ပြိုင်ပွဲ၊ MNL-2 လိဂ်တွင် ယူ-၂၀ ပြိုင်ပွဲနှင့် ယူ-၁၈ ပြိုင်ပွဲတို့ ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် လူငယ်ပြိုင်ပွဲများ တိုးမြှင့်ကျင်းပလာခြင်းမှာ ကောင်းမွန်သော်လည်း ကလေးသူငယ်များအတွက် လူငယ်စီမံကိန်းများကိုလည်း စဉ်ဆက်မပြတ်စေရန် ဆောင်ရွက်နိုင်ရေး လိုအပ်နေသည်။ **စာမျက်နှာ ၃ ကော်လံ ၄ သို့** ❖



၂၀၁၆ရာသီ MNL လူငယ်ပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သည့် ရှမ်းယူနိုက်တက်နှင့် ဒုတိယဆုရ ရန်ကုန်တို့ တွေ့ဆုံစဉ်။

# မြန်မာမြားပစ်အားကစားအဖွဲ့ ရွှေတံဆိပ်နှစ်ခုနှင့် ငွေတံဆိပ်တစ်ခု ဆွတ်ခူးရရှိ

**နေပြည်တော် အောက်တိုဘာ ၂**

မလေးရှားနိုင်ငံတွင် ကျင်းပလျက်ရှိသည့် PKS Unisza Open 2016 နှင့် 3rd National Circuit ပြိုင်ပွဲတွင် မြန်မာမြားပစ်အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ အောက်တိုဘာ ၁ ရက် ပြိုင်ပွဲများအပြီးတွင် မြန်မာမြားပစ်အားကစားအဖွဲ့မှ ရွှေတံဆိပ်နှစ်ခုနှင့် ငွေတံဆိပ်တစ်ခု ဆွတ်ခူးရရှိကာ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

မြန်မာမြားပစ်အသင်းအတွက် ဆုတံဆိပ်များကို Mix Team မှထိုက်လင်းဦးနှင့်စန်းယုထွေးတို့အတွဲက မလေးရှား Mix Team အား သုံးပွဲပြတ်ဖြင့် အနိုင်ရရှိကာ ပထမရွှေတံဆိပ်တစ်ခု၊ စန်းယုထွေးမှ Recurve တစ်ဦးချင်းမြား ၇၂ ချောင်း အမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် တစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု ရယူပေးခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့** ❒

# အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲတွင် မြန်မာဗိုဗီနမ်အဖွဲ့ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ထပ်မံဆွတ်ခူး

**ဒါနန်း အောက်တိုဘာ ၂**။ ။ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲ ဗိုဗီနမ် နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစ၍ ကျင်းပရာ မြန်မာအသင်းက ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခုထပ်မံဆွတ်ခူးရရှိခဲ့သည်။

နံနက်ပိုင်း ကျင်းပသည့်ပွဲစဉ်များတွင် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ(လက်နက်မဲ့)၌ မနားကွီးနှင့် ဘိုဘိုအတွဲက ရွှေတံဆိပ်ရယူနိုင်ခဲ့ပြီး အိမ်ရှင်ဗီယက်နမ်က ငွေတံဆိပ်၊ ကမ္ဘောဒီးယားနှင့် လာအိုက ပူးတွဲကြေးတံဆိပ်ရရှိသည်။ အမျိုးသားနှစ်ယောက်တွဲ(လက်နက်ဖြင့်) ပြိုင်ပွဲတွင် ခိုင်ဇင်ဝင်းနှင့်ဖြိုးမင်းစိုးအတွဲက အင်ဒိုနီးရှားနှင့်အတူ ပူးတွဲကြေးတံဆိပ်ရခဲ့ပြီး ဗီယက်နမ်က ရွှေတံဆိပ်၊ ကမ္ဘောဒီးယားက ငွေတံဆိပ်ရရှိခဲ့သည်။ ညနေပိုင်းကျင်းပသည့် အမျိုးသမီး နှစ်ယောက်တွဲ (လက်နက်ဖြင့်)ပြိုင်ပွဲတွင် နှင်းသီတာနှင့် ခိုင်ဝါဖူးအတွဲက ငွေတံဆိပ်ရရှိခဲ့ပြီး ဗီယက်နမ်က ရွှေတံဆိပ်ရရှိခဲ့သည်။ မြန်မာဗိုဗီနမ်အဖွဲ့သည် ဗိုဗီနမ်ပြိုင်ပွဲအပြီးတွင် ရွှေနှစ်ခု၊ ငွေသုံးခု၊ ကြေးနှစ်ခုဖြင့် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲတွင် အားကစားနည်း နှစ်မျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဗိုဗီနမ်အဖွဲ့က ရွှေနှစ်ခု၊ ငွေသုံးခု၊ ကြေးနှစ်ခု၊ ပိုက်ကျော်ခြင်းအသင်းက ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးတစ်ခု ရရှိခဲ့ပြီး စုစုပေါင်းရွှေသုံးခု၊ ငွေငါးခု၊ ကြေးသုံးခု ဆွတ်ခူးရရှိခဲ့သည်။ **(ချစ်ကိုကို)**

# အာရှဘိလိယက်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ အောင်ဌေး ငွေတံဆိပ်ရရှိ

**နေပြည်တော် စက်တင်ဘာ ၂**

အာရပ် ပြည်ထောင်စုနိုင်ငံ (UAE)မှ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော အာရှဘိလိယက်ပြိုင်ပွဲ (CBS 1st ASIAN Billiard Sports Championship)၌ မြန်မာနိုင်ငံဘိလိယက်အားကစားနည်းမှ ဘိလိယက်အားကစားသမားအောင်ဌေး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၁ ရက် UAE နိုင်ငံဒေသစံတော်ချိန် ညနေ ၄ နာရီတွင် အာရှဘိလိယက်တစ်ဦးချင်းဗိုလ်လုပွဲစဉ်၌ အိန္ဒိယနိုင်ငံသား Siddharth Parikh (India) နှင့် ယှဉ်ပြိုင်ကစားရာ ရှုံးနိမ့်ခဲ့ပြီး ဒုတိယဆု ငွေတံဆိပ်သာရရှိခဲ့သည်။ **စာမျက်နှာ ၃ ကော်လံ ၄ သို့** ❂



# အနောက်တောင်မုတ်သုံလေဆုတ်ခွာ

**နေပြည်တော် အောက်တိုဘာ ၂**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

**(ကြေးမုံ)**